# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 13 October 2020 ၁၀၁၆၄


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

ဒီနေ့ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်လို့ အခြေအနေတွေကို တင်ပြတဲ့နေရာမှာ ရန်ကုန်တိုင်းဒေသကြီးမှာ ပြန့်ပွားမှုနည်းသွားတယ်လို့ ပြောလို့မရသေးပါဘူး။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေအနေနဲ့၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ပြည်သူတွေအနေနဲ့ အထူးဂရုစိုက်ဖို့ ကျွန်မထပ်ပြီး သတိပေးချင်ပါတယ်။ အထူးသဖြင့်ဆိုရင် လူစုစုဝေးဝေးနေရတဲ့ နေရာတွေမှာ ဒီလိုရောဂါမျိုးက ပြန့်ပွားတတ်ပါတယ်။ ဒါကြောင့် ဥပမာဆိုရင် စာသင်ကျောင်းတွေကို ပိတ်ထားတာဖြစ်ပါတယ်။ သင်တန်းကျောင်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ သီလရှင်ကျောင်းတွေ၊ ဘိုးဘွားရိပ်သာတွေ စသဖြင့် စုစုဝေးဝေးနေရတဲ့နေရာတွေမှာဆိုရင် ဖြစ်ပွားမှုများပါတယ်။

အခုပြန့်ပွားမှုဟာ ဘယ်လိုနေရာတွေမှာ ဖြစ်နေသလဲ၊ ဘယ်လိုအခြေအနေတွေမှာ ဖြစ်နေသလဲလို့ ကြည့်လိုက်တဲ့အခါကျတော့ ရပ်ထဲရွာထဲမှာ ပြန့်ပွားနေတဲ့အခြေအနေတွေကိုပဲ ပြောရမှာပေါ့။ အထူးသဖြင့်သွားလာနေတဲ့ ပုဂ္ဂိုလ်များကြားထဲမှာ ပြန့်ပွားတာပေါ့။ အဝေးပြေးယာဉ်တွေမောင်းတဲ့ ယာဉ်မောင်းတွေကို အခုဆိုရင် စစ်ဆေးနိုင်တဲ့အခြေအနေရှိတဲ့ အခါကျတော့ စစ်ဆေးတဲ့အခါမှာ သန်သန်မာမာလို့ထင်ရတဲ့ ပုဂ္ဂိုလ်တွေက တကယ်တော့ ရောဂါပိုးရှိနေတယ်ဆိုတာ တွေ့ရပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

“ရောဂါလက္ခဏာမပြင်ရတဲ့သူတွေ အများကြီးရှိပါတယ်။ ရောဂါရှိနေတယ်၊ ရောဂါလက္ခဏာမပြင်ရဘူး။ အခြေခံကျန်းမာရေးကောင်းလို့ ဖြစ်နိုင်တယ်။ ဒါပေမယ့် အဲဒီလိုအခြေခံကျန်းမာရေးကောင်းတဲ့သူတွေဆီကနေ တခြားအခြေခံကျန်းမာရေးမကောင်းတဲ့ သူတွေဆီကို ကူးသွားရင် အင်မတန်မှ အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ကိုယ့်တစ်ယောက်တည်း အတွက်သာ စဉ်းစားဖို့မဟုတ်ဘဲ အများအတွက်၊ ပတ်ဝန်းကျင်အတွက် စဉ်းစားဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။”

**ကြေးမုံ ယနေ့ ဖတ်စရာ**

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၉

ကိုဗစ် - ၁၉ ရောဂါ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် ထုတ်လွှင့်မည်

စာမျက်နှာ » ၅

ကိုဗစ်အလွန်ကာလ တစ်ကမ္ဘာလုံးရှိ ကလေးများ ပညာရေးအတွက် ကန်ဒေါ်လာ ၅ ဘီလီယံအထိ ထောက်ပံ့ပေးရန် ဗြိတိန်ဝန်ကြီးချုပ်နှင့် ကင်ညာသမ္မတတို့ သဘောတူ

စာမျက်နှာ » ၁၂


**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကြေးမုံ

# မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်ကို ဂုဏ်ပြု

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်သည့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယိုခန်းမ (၁)တွင် Virtual စနစ်ဖြင့် ယနေ့ကျင်းပမည်ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကာလဖြစ်၍ မြန်မာ့ရုပ်ရှင် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ရုပ်ရှင်ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များအရ ရုပ်ရှင်ရုံကြီးများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးနိုင်သည့် အခြေအနေမရှိပေ။ ထို့ကြောင့် အထိမ်းအမှတ်အခမ်းအနားကို ကျန်းမာရေးစည်းမျဉ်း၊ စည်းကမ်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်သင့်လျော်သည့်နေရာတွင် ကျင်းပမည်ဖြစ်ပြီး ပြည်သူများအတွက် အွန်လိုင်းရုပ်ရှင်ပွဲတော်ကိုလည်း စီစဉ်ထားသည်ဟု သိရသည်။

မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ရုပ်ရှင်နှစ်(၁၀၀) သက်တမ်းကာလအတွင်း မြန်မာရုပ်ရှင်ပညာရှင်များ၊ အနုပညာရှင်များ၏ တီထွင်ကြံဆဖန်တီးနိုင်မှု စွမ်းပကားများဖြင့် ရိုက်ကူးသရုပ်ဖော်ခဲ့ကြသော ထင်ရှားကျော်ကြားသည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ရုပ်ရှင်တေးသီချင်းများ၊ သက်ရှိထင်ရှား ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များ၏ ပြန်လည်ဖောက်သည်ချဝေမျှမှုများကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် ဖျော်ဖြေတင်ဆက်ပြသမှု အမျိုးမျိုးပြုလုပ်ပေးခဲ့ရာ ပြည်သူများအနေဖြင့် ရုပ်ရှင်ဗဟုသုတများနှင့် ရုပ်ရှင်ရသများကို ရရှိကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

၂၀၂၀ ပြည့်နှစ်သည် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်သော ကာလဖြစ်၍ ရုပ်ရှင်ရာပြည့်အထိမ်းအမှတ်များကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ စည်စည်ကားကား ကျင်းပလိုကြသည်။ သို့သော် ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားနေသောကာလဖြစ်၍ မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ကာလအတွင်း ဖြတ်သန်းခဲ့သော သမိုင်းကြောင်းဆိုင်ရာတို့ကို လက်လှမ်းမီသမျှ အတတ်နိုင်ဆုံး အကောင်းဆုံး အပြည့်စုံ အစုံလင်ဆုံးဖြစ်အောင်စီစဉ်ပြီး အွန်လိုင်းပေါ်မှလည်းကောင်း၊ ရုပ်မြင်သံကြားမှလည်းကောင်း၊ ပုံနှိပ်စာမျက်နှာပေါ်မှလည်းကောင်း ဖျော်ဖြေတင်ဆက်အသိပေးနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရုပ်ရှင်ကြည့်ပရိသတ်များ မိမိတို့နေရာအသီးသီးတွင် စိတ်ချလုံခြုံပြီး ဘေးကင်းကျန်းမာစွာ ကြည့်ရှုခံစားနိုင်ရန်တို့ကို ရည်မှန်းလျက် အွန်လိုင်းရုပ်ရှင်ပွဲတော်ကို ယခုအောက်တိုဘာလ ၈ ရက်မှ ၃၁ ရက်နေ့အထိ ကျင်းပလျက်ရှိသည်ကိုတွေ့ရသည်။ အွန်လိုင်းရုပ်ရှင်ပွဲတော်တွင် ခေတ်အဆက်ဆက် ရိုက်ကူးပြသခဲ့ကြသည့် မြန်မာ့ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်များ၏ အနုပညာရသစွမ်းပကားများ၊ တီထွင်ဖန်တီးနိုင်မှုများ၊ စွန့်စွန့်စားစား လှုပ်ရှားမှုများကို ပြန်လည်ထုတ်ဖော်ပြကာ ပရိသတ်များခံစားနိုင်စေရန်နှင့် မြန်မာ့ရုပ်ရှင်ကိုနှစ်သက်သည့် ပြည်တွင်း၊ ပြည်ပမှ ရုပ်ရှင်ပရိသတ်များအနေဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ ဇာတ်ကားများကို ရွေးချယ်ကြည့်ရှုနိုင်ရန် စသည့်အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်ကာလကို ကြိုတောင့်ကြိုခဲ ကြုံဆုံခဲ့သော်လည်း ကူးစက်ရောဂါအခြေအနေအရ ပရိသတ်များကို တတ်နိုင်သမျှ အမျိုးမျိုးအဖုံဖုံ အကောင်းဆုံးဂုဏ်ပြုဖျော်ဖြေ တင်ဆက်ပေးခဲ့ရသည်။ ခေတ်ဟောင်းရုပ်ရှင် တေးသီချင်း အပုဒ် ၁၀၀ ကို မြန်မာ့ရုပ်မြင်သံကြားမှ အပတ်စဉ် ၁၀ ပုဒ်စီ ဖျော်ဖြေတင်ဆက်ပေးခဲ့ခြင်း၊ ခေတ်ဟောင်းရုပ်ရှင်များကို ပြန်လည်ပြသပေးခဲ့ခြင်း၊ ရုပ်ရှင်တွေ့ဆုံမေးမြန်းခန်းများ၊ ရုပ်ရှင်ပဟေဋ္ဌိပြိုင်ပွဲများ ပြုလုပ်ခဲ့ပြီး ယခုနောက်ဆုံး အစီအစဉ်အဖြစ် အွန်လိုင်းရုပ်ရှင်ပွဲတော်တွင် မိုလ်ဘိုင်းနည်းပညာ၊ အွန်လိုင်းနည်းပညာစနစ်များကိုအသုံးပြု၍ မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်း ၂၅၀၀ ကျော်နှင့် ရုပ်ရှင်အယ်လ်ဘမ်၊ ရုပ်ရှင်ဇာတ်လမ်းတွဲများကို ပရိသတ်များ စုံစုံလင်လင် ဝေဝေဆာဆာ ကြည့်ရှုခံစားကြရမည်ဖြစ်ရာ နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အစီအစဉ်များမှာ ကျေနပ်ဖွယ်ရာများ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ရာ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများကို ကိုဗစ်-၁၉ အလွန်ကာလတစ်ခုတွင် ခမ်းခမ်းနားနား စည်စည်ကားကား ကျင်းပသွားမည်သာဖြစ်ပြီး ယခုကျင်းပသည့် အထိမ်းအမှတ်အခမ်းအနားများ၊ ပုံနှိပ်စာမျက်နှာများနှင့် အွန်လိုင်းစာမျက်နှာများပေါ်တွင် ပရိသတ်များအား ဖျော်ဖြေတင်ဆက်အသိပေးခဲ့သည့် အစီအစဉ်များသည် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်ကို အကောင်းဆုံး အကြိုဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများဟု ဆိုချင်ပါကြောင်း။ ။

# ကမ္ဘောဇဘဏ်က ရှမ်းပြည်နယ် ကလောမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း




ကလော အောက်တိုဘာ ၁၂

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို ဆက်လက် ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းရာတွင် ကမ္ဘောဇဘဏ်မှ အရာထမ်း၊ ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆေးရုံသုံးနှာခေါင်းစည်း ၃၀၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၀၊ မျက်မှန် ၁၀၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၅၀ တို့ကို ကလောမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပေးအပ်လှူဒါန်းရာ ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်နှင့် ဦးဇော်မင်းလတ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာစန်းလှိုင်နှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၇၇၄၃၆ သိန်း လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုကျော်**

# ပုလဲမြို့နယ် သမဝါယမအသင်းစုမှ ဓာတ်မြေသြဇာများကို သီးနှံရာသီပေါ်ပေးစနစ်ဖြင့် ရောင်းချ

ပုလဲ အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်သမဝါယမအသင်းစုအနေဖြင့် မိုးစပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးသူလယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်း ၂၂ သင်းမှ အသင်းသား ၁၅၀ သို့ အာမိုနှင့် ယူရီးယားဓာတ်မြေသြဇာမျိုးစုံ အိတ် ၇၅၀၊ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ရှစ်သင်းမှ အသင်းသား ၆၈ ဦးသို့ အာမိုနှင့် ယူရီးယားဓာတ်မြေသြဇာမျိုးစုံ အိတ် ၂၅၀ စုစုပေါင်း ဓာတ်မြေသြဇာမျိုးစုံ အိတ် ၁၀၀၀ (ငွေကျပ် ၃၅ ဒသမ ၄ သန်းဖိုး)အား သီးနှံရာသီပေါ်ပေး ခြောက်လဆိုင်းစနစ်ဖြင့် ဖြန့်ဖြူးရောင်းချဆောင်ရွက်ခဲ့ကြောင်း၊ အခြေခံသမဝါယမအသင်းသားများ၏ လိုအပ်ချက်အပေါ်မူတည်၍ ဓာတ်မြေသြဇာများကို ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၂-၁၀-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၂,၂၀၀ | ၂၁,၇၉၉,၄၀၀ |
| MTSH | ၃,၇၀၀ | ၃,၆၅၀ | ၁,၄၃၆ | ၅,၂၈၈,၂၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၆,၉၈၂ | ၁၅၃,၆၀၄,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅၄ | ၁၄၈,၅၀၀ |
| EFR | ၃,၀၅၀ | ၃,၁၀၀ | ၄ | ၁၂,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၂

ရန်ကုန်(ရွှေဈေး) ၁၃၁၀၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၀၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၅/၄၄၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀/၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၃၅/၄၄၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၁.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၁၂.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၀.၀၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၁၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၉.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၄၇၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၅.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၄.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၃.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၄၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

✱ ရှေ့ဖုံးမှ

ဒါကြောင့် ထပ်ပြီးတော့လည်း ပြောပါရစေ။ အကြိမ်နှစ်ရာတော့ မကတော့ဘူးထင်တယ်။ ဒါပေမယ့်ထပ်တော့ပြောပါရစေ။ ရောဂါလက္ခဏာမပြင်ရတဲ့သူတွေ အများကြီးရှိပါတယ်။ ရောဂါရှိနေတယ်၊ ရောဂါလက္ခဏာမပြင်ရဘူး။ အခြေခံကျန်းမာရေးကောင်းလို့ဖြစ်နိုင်တယ်။ ဒါပေမယ့် အဲဒီလို အခြေခံကျန်းမာရေးကောင်းတဲ့သူတွေဆီကနေ တခြားအခြေခံကျန်းမာရေးမကောင်းတဲ့သူတွေ ဆီကိုကူးသွားရင် အင်မတန်မှ အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် ကိုယ့်တစ်ယောက်တည်းအတွက်သာ စဉ်းစားဖို့မဟုတ်ဘဲ အများအတွက်၊ ပတ်ဝန်းကျင်အတွက် စဉ်းစားဖို့ဟာ အင်မတန်မှအရေးကြီးပါတယ်။

ကျွန်မတို့ ပတ်ဝန်းကျင်အတွက် စဉ်းစားဖို့ အရေးကြီးတယ်လို့ ပြောတဲ့နေရာမှာ ရောဂါကူးပြီးတဲ့အခါ စိုးရိမ်ရသလားဆိုတော့ စိုးရိမ်သင့်သလောက် စိုးရိမ်ရပါတယ်။ ဘယ်လိုပဲပြောပြောပေါ့။ အခုဆိုရင် လူငယ်ပိုင်းကလည်း ကိုဗစ်ရောဂါကြောင့် သေဆုံးမှုတွေ ရှိလာပါတယ်။ အဲဒီတော့ လူငယ်ပိုင်းဆိုပေမယ့်လည်း အသက်နဲ့မဆိုင်ဘူးပေါ့။ အခြေခံကျန်းမာရေးကောင်းတာ၊ မကောင်းတာဆိုတာ အသက်နဲ့မဆိုင်ပါဘူး။ တစ်ခါတလေလည်း ရောဂါကြီးကြီးမားမားမဟုတ်လို့ အခြေခံရောဂါရှိတယ်ဆိုတာ မပေါ်ပေမယ့်လည်း အခြေခံတစ်ခုခု အားနည်းချက်ရှိနေတဲ့အခါကျတော့ ရောဂါပိုးဝင်တဲ့အခါကျရင် မခံနိုင်တဲ့အခြေအနေတွေကို ရောက်သွားနိုင်ပါတယ်။

ကျွန်မ အရင်တစ်ခါပြောတုန်းက ပြောဖူးပါတယ်။ ကျွန်မတို့အနေနဲ့ အကောင်းဆုံး ဆေးတွေရအောင်လို့ ပြည်သူတွေအတွက် စီစဉ်ပါတယ်။ နောက်ပြီးတော့ ပြောရခက်တဲ့ Remdesivir ပေါ့။ အဲဒီဆေးဟာဆိုရင် တတ်နိုင်သလောက် ဒီရောဂါကိုပြင်းပြင်းထန်ထန် ခံစားနေရတဲ့ ပြည်သူတွေအတွက် သုံးပါတယ်။ သို့သော်လည်း အများကြီးမရှိပါဘူးဆိုတာတော့ ပြောပါရစေ။ အခုဆိုရင် ကျွန်မတို့မှာ ရှိတဲ့နှုန်းဟာ ထောင်ဂဏန်းလောက်အတွက်ပဲ သုံးနိုင်မှာဖြစ်ပါတယ်။ ထောင်ဂဏန်းလောက်အတွက်ပဲ သုံးနိုင်မယ်ဆိုတော့ ထပ်ပြီးတော့လည်းတတ်နိုင်သမျှ ကျွန်မတို့ရအောင်လို့လုပ်ပါမယ်။ အိန္ဒိယနိုင်ငံကလည်း လှူခဲ့တာတွေလည်းရှိပါတယ်။ ပြည်သူတွေရဲ့ကျန်းမာရေးအတွက် တတ်နိုင်သမျှလုပ်ပေမယ့် အရင်းခံအားဖြင့်တော့ ပြည်သူတွေကိုယ်တိုင်က ကျန်းမာအောင်နေတတ်ဖို့က အဓိကပါပဲ။ အဲဒီတော့ ကုသပေးတဲ့အခါကျရင် ဒီဆေးနဲ့ဆိုရင် ၁၀၀ ရာခိုင်နှုန်း အာမခံတယ်လို့လည်း ပြောလို့မရပါဘူး။ ဒီဆေးက ဘယ်လိုပဲစွမ်းစွမ်း ၁၀၀ ရာခိုင်နှုန်း အာမခံချက်မရှိပါဘူး။ နောက်ပြီးတော့ အခုအခြေအနေမှာတော့ ရောဂါကူးစက်သူတွေ ၁၀၀ ရာခိုင်နှုန်းအတွက် သုံးပေးနိုင်တဲ့အခြေအနေလည်းမရှိပါဘူး။ တတ်နိုင်သမျှတော့ လုပ်ပေးနေပါတယ်။ ထပ်ပြီးတော့လည်း ရအောင်လုပ်ပါမယ်။ နောက်ဆုံးကျတော့ ပြည်သူတွေက ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ဖို့အဓိကပဲဖြစ်ပါတယ်။ ထပ်ပြီးသတိပေးချင်တာကတော့ စိုးရိမ်လည်း မလွန်ပါနဲ့။ စိုးရိမ်လွန်ရင် ကိုယ်ခံစွမ်းအားကျပါတယ်လို့ ပြောချင်ပါတယ်။

အခုအချိန်မှာဆိုရင် စက်ရုံ၊ အလုပ်ရုံတွေကို လည်ပတ်နိုင်တဲ့အခြေအနေရှိရင် လည်ပတ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ လည်ပတ်နိုင်တဲ့အခြေအနေဆိုတာ ဘယ်လိုပြောတာလဲဆိုတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအရ၊ စံနှုန်းတွေအရ

**ကြိုတင်မဲတွေနဲ့ ပတ်သက်လို့ဆိုရင် ဆေးရုံတွေမှာ၊ Quarantine Center တွေမှာလည်း ပြည်သူတွေက အခွင့်အရေး မဆုံးရှုံးရအောင်လို့ ကြိုတင်မဲတွေပေးနိုင်ဖို့အတွက် စီစဉ်ထားတာလည်း ရှိပါတယ်။ ဒါကြောင့် ဒီအစီအစဉ်တွေကို အဟောသိကံမဖြစ်ရအောင် ပြည်သူပြည်သားတွေအားလုံး၊ မဲပေးခွင့်ရှိသူများအားလုံးက ဒီအစီအစဉ်တွေအရ မဲပေးစေချင်ပါတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက် အင်မတန်မှအရေးကြီးပါတယ်။**

**“ရောဂါပြန့်ပွားမှုနဲ့ပတ်သက်လို့ ကျွန်မတို့ ပညာပေးအစီအစဉ်တွေ လုပ်နေတယ်ဆိုတာ ပြည်သူတွေလည်း သိပြီးသားဖြစ်ပါတယ်။ ဖြစ်နိုင်ရင် နားထောင်ပါ။ နားထောင်တဲ့အခါကျမှ အခြေအနေကိုလည်း သိရမယ်။ မလိုအပ်တဲ့ကိစ္စတွေကိုလည်း မစိုးရိမ်ရဘူးပေါ့။ တချို့ကျတော့ မလိုအပ်ဘဲနဲ့ စိုးရိမ်ကြောင့်ကြမှုများနေတာလည်း ရှိပါတယ်။ ဒါပေမယ့် သတိဆိုတာလည်း လွန်ကဲတယ်လို့ မရှိဘူးဆိုတာကိုလည်း သဘောပေါက်အောင်လို့ ကျွန်မတို့ ဒီလိုဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မတို့ အတန်တန်ပြောနေတဲ့အတိုင်းပဲပေါ့။ ခုအချိန်မှာဆိုရင် ကျွန်မတို့နိုင်ငံက စိန်ခေါ်မှုကြီး (၂)ရပ်ကို ရင်ဆိုင်နေရတယ်။ အထွေထွေရွေးကောက်ပွဲများကို အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့နဲ့ ကိုဗစ်ရောဂါကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်ဖို့ပဲဖြစ်ပါတယ်။”**

ဖွင့်နိုင်ခြေရှိတဲ့ A အဆင့်ရတဲ့ စက်ရုံ၊ အလုပ်ရုံတွေပါ။ A အဆင့်ဆိုတာ လုံခြုံတယ်၊ စိတ်ချရတယ်ဆိုတဲ့ သဘောပါ။ အဲဒီစက်ရုံ၊ အလုပ်ရုံတွေကို ပြန်ဖွင့်ပြီးတော့ လုပ်ငန်းလည်ပတ်နိုင်ဖို့အတွက် လုပ်ဆောင်နေပါတယ်။ ဒီလို လုပ်ငန်းလည်ပတ်နိုင်ဖို့အတွက် လုပ်တယ်ဆိုတာက အခုရေတိုတင်မကပါဘူး၊ ရေရှည်ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးအတွက် ကြည့်ပြီးတော့ လုပ်ရပါတယ်။

ဒီလိုအချိန်မှာ စက်ရုံတွေ၊ အလုပ်ရုံတွေ အထူးသဖြင့် နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုနဲ့ လည်ပတ်နေတဲ့စက်ရုံ၊ အလုပ်ရုံတွေက ကြာကြာရပ်သွားရတယ်ဆိုရင် အဲဒီရင်းနှီးမြှုပ်နှံမှုတွေက ဆက်ပြီးရချင်မှရမှာပါ။ အဲဒီလိုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဆုံးရှုံးသွားရတယ်ဆိုရင် ရေရှည်မှာ ကျွန်မတို့ရဲ့စီးပွားရေး၊ ကျွန်မတို့ အလုပ်သမားများရဲ့ဘဝကို ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် စက်ရုံ၊ အလုပ်ရုံများကို မြန်မြန်ဆန်ဆန်ပြန်ပြီးတော့ လည်ပတ်စေချင်ပါတယ်။ ဒီလိုလည်ပတ်နိုင်ဖို့ အဓိကကျတာကတော့ အလုပ်သမားများဟာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအရ နေရမှာဖြစ်ပါတယ်။ စက်ရုံ၊ အလုပ်ရုံပိုင်ရှင်တွေမှာလည်း တာဝန်ရှိသလို အလုပ်သမားတွေ တစ်ဦးချင်း တစ်ဦးချင်းမှာလည်း တာဝန်ရှိပါတယ်။ စက်ရုံ၊ အလုပ်ရုံအတွင်းမှာ ဘယ်လိုအခြေအနေရှိသင့်သလဲဆိုတာကို အားလုံးသိအောင်လို့ ကျွန်မတို့ ကြေညာထားပြီးသားဖြစ်ပါတယ်။ ဒီအချက်အလက်တွေနဲ့ ကိုက်ညီစွာနေမယ်ဆိုရင် ကျွန်မတို့ ပြည်သူတွေအတွက် လုံခြုံမှုရှိမှာပါ။ နောက်ဆုံးတော့လည်း ဒါပါပဲ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ အင်မတန်မှ ရိုးရှင်းတဲ့ စည်းမျဉ်းစည်းကမ်းတွေကို တိတိကျကျနဲ့ တကယ့်ကို ခိုင်ခိုင်လုံလုံလိုက်နာနိုင်မယ်ဆိုရင် ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သွားနိုင်မှာ ဖြစ်ပါတယ်။

ရောဂါပြန့်ပွားမှုနဲ့ ပတ်သက်လို့ ကျွန်မတို့ ပညာပေးအစီအစဉ်တွေ လုပ်နေတယ်ဆိုတာ ပြည်သူတွေလည်း သိပြီးသားဖြစ်ပါတယ်။ ဖြစ်နိုင်ရင်နားထောင်ပါ။ နားထောင်တဲ့အခါကျမှ အခြေအနေကိုလည်း သိရမယ်။ မလိုအပ်တဲ့ကိစ္စတွေကိုလည်း မစိုးရိမ်ရဘူးပေါ့။ တချို့ကျတော့ မလိုအပ်ဘဲနဲ့ စိုးရိမ်ကြောင့်ကြမှုများနေတာလည်း ရှိပါတယ်။ ဒါပေမယ့် သတိဆိုတာလည်း လွန်ကဲတယ်လို့ မရှိဘူးဆိုတာကိုလည်း သဘောပေါက်အောင်လို့ ကျွန်မတို့ ဒီလိုဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မတို့ အတန်တန်ပြောနေတဲ့အတိုင်းပဲပေါ့။ ခုအချိန်မှာဆိုရင် ကျွန်မတို့နိုင်ငံက စိန်ခေါ်မှုကြီး(၂)ရပ်ကို ရင်ဆိုင်နေရတယ်။ အထွေထွေရွေးကောက်ပွဲများကို အောင်အောင်မြင်မြင်ကျင်းပနိုင်ဖို့နဲ့ ကိုဗစ်ရောဂါကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်ဖို့ပဲဖြစ်ပါတယ်။

ကိုဗစ်ရောဂါကို ဘယ်လောက်ကြာကြာ လုပ်ရဦးမှာလဲဆိုတော့ ကျွန်မတို့ နားလည်သလောက်ကတော့ပေါ့။ ပညာရှင်များရဲ့အမြင်မှာတော့ ကာကွယ်ဆေးဆိုတာ သိပ်ပြီးတော့မကြာတော့တဲ့ ကာလမှာ ဖြစ်နိုင်မယ်။ ပေါ်တော့မယ်။ သုံးနိုင်တဲ့ အခြေအနေရောက်မယ်လို့ ပြောကြပါတယ်။ ဒါလည်း ၁၀၀ ရာခိုင်နှုန်း သေချာတယ်လို့ မပြောလိုပါဘူး။ ဒါပေမယ့်လည်း နောက်ဆုံးအချိန်ကို ရောက်နေပြီလို့ တချို့၊ တချို့ဆိုတာ တော်တော်များများပေါ့။ ကျန်းမာရေးအမြင်ပိုင်းဆိုင်ရာ ပညာရှင်များက သတ်မှတ်ပါတယ်။ အဲဒီတော့ ဒီလိုအခြေအနေ ရောက်တဲ့အထိကို အားလုံးဟာ ရောဂါကူးစက်ဖို့ အန္တရာယ်ရှိနေသေးတယ်ဆိုတာကိုတော့ သတိပြုစေချင်ပါတယ်။ ရောဂါရပြီး ပြန်ပြီးတော့ကောင်းလာလို့ ဆေးရုံက ဆင်းလာတဲ့သူတွေအတွက်လည်း အန္တရာယ်ရှိပါသေးတယ်။ အခုထက်ထိ ဒီရောဂါက (၂)ကြိမ်မကူးနိုင်ဘူးဆိုတာ ဘာအာမခံချက်မှ မရှိပါဘူး။ ဒါကြောင့် သတိထားကြပါ။

ဆေးရုံကဆင်းဖို့နဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းကြီးက သတ်မှတ်ထားတဲ့ စံနှုန်းစံထားအရ ပိုပြီးတော့ မြန်မြန်ဆန်ဆန်ဆင်းနိုင်ဖို့အတွက် လုပ်ပါတယ်။ ဒီစံနှုန်းတွေအောက်ကို မကျအောင်၊ ဒါပေမယ့် မြန်မြန်ဆန်ဆန်ဆင်းစေချင်တယ်ဆိုတာကတော့ ကျွန်မတို့အနေနဲ့ ရောဂါရပြီးတဲ့ ပြည်သူတွေကို ကုသစောင့်ရှောက်မှုများများ မပေးချင်လို့မဟုတ်ပါဘူး။ နောင်တက်လာမယ့်သူတွေကို ပိုပြီးတော့ စောင့်ရှောက်နိုင်တဲ့ အခြေအနေရှိအောင်လို့ပြောနေတာ ဖြစ်ပါတယ်။ ခုထက်ထိရောဂါကလည်း ပြန့်ပွားနေတုန်းပဲ ရှိသေးတယ်။ နောင်လာမယ့် လူနာတွေအတွက်၊ ရောဂါသည်တွေအတွက် ဆေးရုံတွေမှာ လုံလုံလောက်လောက် နေရာတွေရှိရမယ်။ နောက်ပြီးတော့ အင်မတန်မှ ကျေးဇူးတင်ရမှာဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေအတွက်လည်း ပိုပြီးတော့ အလုပ်အကိုင်ကို ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်မယ့်အခြေအနေဖြစ်ပါတယ်။ ရောဂါကူးစက်သူ များလာတာတဲ့အမျှ ကျန်းမာရေး ဝန်ထမ်းတွေဦးရေကများလာတာ မဟုတ်ပါဘူး။ များလာတဲ့လူနာဦးရေကို ရှိပြီးသားကျန်းမာရေးဝန်ထမ်းတွေက တတ်နိုင်သမျှ ပီပီပြင်ပြင် စောင့်ရှောက်နိုင်အောင်လို့ ကြိုးစားနေတာဖြစ်ပါတယ်။

စောစောကပြောသလို အထွေထွေရွေးကောက်ပွဲဟာလည်း ဒီအချိန်မှာ စိန်ခေါ်မှုကြီးတစ်ခုဖြစ်ပါတယ်။ စိန်ခေါ်မှုကြီးတစ်ခုဆိုပေမယ့်လည်း ဒါကိုလည်း ပြည်သူလူထုအတွက် အခွင့်အရေးတစ်ခုလည်းဖြစ်တယ်လို့ ကျွန်မ ပြောချင်ပါတယ်။ နိုင်ငံခြားမှာတော့ စတင်ပြီးကြိုတင်မဲတွေပေးနေပြီဆိုတာ ပြည်သူတွေသိပြီးဖြစ်ပါတယ်။ ဒီနေ့ဆိုရင် မဲပေးချင်တဲ့စာရင်းဝင်ထားသူ ၁၀၉၄၇၀ ထဲကဆိုရင် ၅၀၅၂၀ ဟာမဲပေးပြီးဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း နိုင်ငံတကာသံရုံးတွေ၊ ကောင်စစ်ဝန်ရုံးတွေမှာ မဲပေးစရာရှိပါသေးတယ်။ နိုင်ငံခြားမှာတော့ ရွေးကောက်ပွဲက စနေပါပြီ။ ဒီနိုင်ငံမှာလည်း မကြာခင် စပါတော့မယ်။ ပြည်သူများသိတဲ့အတိုင်းပဲ ပိုပြီးတော့ လုံလုံခြုံခြုံနဲ့ ပြည့်ပြည့်စုံစုံ မဲပေးနိုင်ဖို့အတွက် အသက် ၆၀ ကျော်တွေကို အထူးအခွင့်အရေး တစ်ခုအနေနဲ့၊ ကိုဗစ်ရောဂါ ကြိုတင်ကာကွယ်တဲ့အနေနဲ့ နောက်ပြီးတော့လည်း မဲရုံတွေမှာ သိပ်ပြီးတော့ လူစုလူဝေး မဖြစ်ဖို့အတွက်ဆိုပြီး ကြိုတင်မဲပေးဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ သွားနိုင်လာနိုင် ကျန်းကျန်းမာမာရှိတဲ့ ပုဂ္ဂိုလ်များဟာ ရွေးကောက်ပွဲကော်မရှင်ရုံးမှာ သွားပြီးတော့ ကြိုတင်မဲပေးလို့ရပါတယ်။

အကယ်၍ ကျန်းမာရေးကြောင့်မသွားနိုင်ဘူး၊ မလာနိုင်ဘူးဆိုရင်လည်း အိမ်မှာ လာပြီးတော့ ကြိုတင်မဲလာယူပေးဖို့ စီစဉ်ပေးလို့ရပါတယ်။ ကြိုတင်မဲတွေနဲ့ပတ်သက်လို့ဆိုရင် ဆေးရုံတွေမှာ၊ Quarantine Center တွေမှာလည်း ပြည်သူတွေက အခွင့်အရေး မဆုံးရှုံးရအောင်လို့ ကြိုတင်မဲတွေပေးနိုင်ဖို့အတွက် စီစဉ်ထားတာလည်း ရှိပါတယ်။ ဒါကြောင့် ဒီအစီအစဉ်တွေကို အဟောသိကံမဖြစ်ရအောင် ပြည်သူပြည်သားတွေအားလုံး၊ မဲပေးခွင့်ရှိသူများအားလုံးက ဒီအစီအစဉ်တွေအရ မဲပေးစေချင်ပါတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်အတွက် အင်မတန်မှအရေးကြီးပါတယ်။ ကိုဗစ်ကလည်း ကျွန်မတို့နိုင်ငံရဲ့ အခုလောလောဆယ် အခြေအနေအတွက် အရေးကြီးပါတယ်။ နောက်ပြီးတော့ သိပ်ရှည်ရှည်ကြီးမဟုတ်ရင်တောင်မှ နောင် ၁ နှစ်၊ ၂ နှစ်အတွက် စီးပွားရေးကိုလည်း မထိခိုက်အောင်လို့ ကျွန်မတို့ ကြိုးပမ်းနေသလို ပြည်သူပြည်သားတွေကလည်း ဝိုင်းပြီးတော့ ကြိုးပမ်းတဲ့အနေနဲ့ ရောဂါမရဖို့အတွက် ကျန်းကျန်းမာမာရှိအောင်နေကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

အားလုံးကျန်းကျန်းမာမာဖြစ်အောင် နေနိုင်ပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

# ၂၀၂၀ မိုးစပါးရိတ်သိမ်းကာလနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၀ မိုးစပါးရိတ်သိမ်းကာလနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်မှူးများက Zoom Application အသုံးပြု၍ သက်ဆိုင်ရာဒေသများမှ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၂၀ မိုးစပါးရိတ်သိမ်းကာလ၌ ဆောင်ရွက်ရမည့် ရိတ်သိမ်းခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ သယ်ယူကြိတ်ခွဲခြင်း၊ ဈေးကွက်သို့တင်ပို့ခြင်း စသည့်လုပ်ငန်းများတွင် မလိုလားအပ်သော ကုန်ကျစရိတ်ကြီးမြင့်မှု မဖြစ်ပေါ်စေရေး ၊ ကျန်းမာရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များနှင့် ဒေသန္တရအမိန့်များအရ နယ်ကျော်ဝင်ထွက်သွားလာမှု ကန့်သတ်ချက်များကြောင့် လယ်ယာလုပ်ငန်းခွင် အခက်အခဲများ မဖြစ်ပေါ်စေရေးတို့အတွက် လိုအပ်သည့် ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် စီမံခန့်ခွဲမှုလုပ်ငန်းများ ကြိုတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေး၌ ၂၀၂၀ မိုးစပါးစိုက်ပျိုးပြီးစီးခဲ့မှုနှင့် စပါးထွက်ရှိနိုင်မှု၊ ဒေသအလိုက် ရိတ်သိမ်းခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲသယ်ယူခြင်း စသည့်လုပ်ငန်းများအတွက် စက်ကိရိယာ ၊ ကျွမ်းကျင်လုပ်သားနှင့် လယ်ယာလုပ်သားလိုအပ်ချက် အခြေအနေများကိုလည်းကောင်း၊ Covid–19 Pandemic ကာလအတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များအရ နယ်ကျော်ဝင်ထွက်သွားလာမှုများအပေါ် ကန့်သတ်မှုများကြောင့်တောင်သူများအနေဖြင့် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ ဝယ်ယူခြင်း၊ သယ်ပို့ခြင်းဆိုင်ရာ လုပ်ငန်းများတွင် ကြုံတွေ့လာနိုင်သည့် အခြေအနေများကိုလည်းကောင်း၊ အဆိုပါအခက်အခဲများအတွက် လိုအပ်သည့် ကြိုတင်ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ယခုနှစ်မိုးစပါးရာသီတွင် စိုက်ဧက ၁၅ ဒသမ ၁ သန်းစိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ စက်တင်ဘာလကုန်အထိ ၁၄ ဒသမ ၇ သန်းစိုက်ပျိုးပြီးဖြစ်ကာ ယခင်နှစ်ကာလတူ စိုက်ဧရိယာထက် အနည်းငယ် ပိုမိုခဲ့သော်လည်း ရာသီကုန်အထိ စိုက်ပျိုးနိုင်မည့် ဧရိယာမှာ ယခင်နှစ်အောက် ဧကအနည်းငယ်သာ လျော့နည်းမည်ဟု ခန့်မှန်းထားကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများ၌ မိုးစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ရာ စက်တင်ဘာလကုန်အထိ ပဲခူးတိုင်းဒေသကြီး၌ ဧကသုံးသောင်းကျော်၊ ရန်ကုန်တိုင်းဒေသကြီး၌ ဧကတစ်ထောင်ခန့်၊ ဧရာဝတီတိုင်းဒေသကြီး၌ ဧကနှစ်သောင်းကျော် ရိတ်သိမ်းပြီးဖြစ်သကဲ့သို့ အောက်တိုဘာလကုန်အထိ စုစုပေါင်းဧက သုံးသိန်းခွဲကျော်ခန့် ထပ်မံရိတ်သိမ်းသွားရန်ရှိနေကြောင်း သိရသည်။

တောင်သူများအနေဖြင့် ယခုနှစ်မိုးစပါးကို သက်လျင်သက်လတ် မျိုးကောင်း မျိုးသန့် စပါးမျိုးများ ပိုမိုအသုံးပြုစိုက်ပျိုးထားကြခြင်း၊ စိုက်ပျိုးနည်းစနစ်များပြောင်းလဲစိုက်ပျိုးခြင်းတို့ကြောင့် သက်တမ်းတို၍ ရင့်မှည့်ချိန်ကာလတူညီကြပြီး တစ်ပြိုင်တည်း ရိတ်သိမ်းခြွေလှေ့ရန် လိုအပ်လျက်ရှိရာ အချိန်မီ ရိတ်သိမ်းနိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်ကြီးများ အသုံးပြုရန် လိုအပ်မည်ဖြစ်ပြီး စပါးလှိုင်လှိုင်ရိတ်သိမ်းရမည့် အချိန်များတွင် ဒေသတစ်ခုမှတစ်ခုသို့ စက်ကြီးများ သယ်ယူပို့ဆောင်ရေးနှင့် ကျွမ်းကျင်လုပ်သားများ သွားလာရေးတို့သည်လည်း လိုအပ်လာမည်ဖြစ်သည်။ အလားတူ စပါးရောင်းချဝယ်ယူခြင်းလုပ်ငန်းများတွင် အကန့်အသတ်များကြောင့် စပါးဈေးနှုန်းအပေါ် သက်ရောက်လာပါက တောင်သူများအတွက် များစွာထိခိုက်နစ်နာနိုင်သည့် အခြေအနေများကို ကျော်လွှားနိုင်ရန် လိုအပ်သည့် ညှိနှိုင်းဆောင်ရွက်ရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေများလှူဒါန်း



**တောင်ကြီး အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်အတွင်း ကိုဗစ် –၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ယနေ့ မွန်းတည့် ၁၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ အလှူရှင်များက လာရောက်လှူဒါန်းကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

အဆိုပါလှူဒါန်းပွဲတွင် ရှမ်းပြည်နယ်အမှတ်(၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ခွဲက အလှူငွေကျပ် ၁၅ သိန်း၊ ရှမ်းပြည်နယ် အမှတ်(၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ခွဲ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အလှူငွေကျပ် ၁ သိန်းတို့ကို လှူဒါန်းကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ကိုးကန့် အောက်တိုဘာ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မြေလမ်း (၁၀ / ၄)မိုင်၊ ကျောက်လမ်း(၁၄/ ၄) မိုင်၊ ပေ ၃၀ ကွန်ကရစ်တံတား တစ်စင်း၊ Box Culvert ၁၈ စင်း၊ ကွန်ကရစ်ရေပြွန်သုံးခုနှင့် ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်းခုနစ်ခုတို့အား ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၄၄၁ ဒသမ ၄၃၅ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအနက် တောက်ရွှေ – ရှုကိန်းရွှေ – အာလာဖြဲ – ကွမ်းလုံ (၁၀ /၀) မိုင်အနက် ( ၂/၄ )မိုင် မြေလမ်းဖောက်လုပ်ခဲ့ပြီး ကျန်လမ်းပိုင်း(၇/၄)မိုင်အား ခွင့်ပြုရန်ပုံငွေ ၃၀၄ ဒသမ ၉ သန်းဖြင့် အပြီးသတ်မြေသားလမ်း ဖောက်လုပ်ဆောင်ရွက်ပြီး ယင်းမြေသားလမ်းပေါ်တွင် ( ၅ x ၅ x ၂၆ )ပေ Box Culvert ၁၁ စင်းအား ခွင့်ပြုရန်ပုံငွေ ၅၇ ဒသမ ၃၂၅ သန်းဖြင့် ဆောင်ရွက်ခဲ့ကာ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို သတ်မှတ်ဘဏ္ဍာနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့သည်။

ယင်းကျေးရွာချင်းဆက်လမ်းနှင့် Box Culvert များ တည်ဆောက်ပေးခဲ့သဖြင့် တရုတ်– မြန်မာ နယ်စပ်ဂိတ် ရန်လုံကျိုင်းမှတစ်ဆင့် လောက်ကိုင်မြို့၊ ချင်းရွှေဟော်မြို့နှင့်



ကွမ်းလုံမြို့များသို့ ဒေသခံနယ်စပ်ဒေသပြည်သူများ ကုန်စည်ဖလှယ်မှုနှင့် လွယ်လင့်တကူသွားလာနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**




## မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အခမ်းအနားအထိမ်းအမှတ် ၂၀၀ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား **အောက်တိုဘာ ၁၃ ရက်၊ နံနက် ၉ နာရီခွဲ**မှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့တော်စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် **အောက်တိုဘာ ၁၃ ရက်**တွင် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့မှ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့ စာအိတ် (Firstday Cover)များပေါ်၌ နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် 9th LNG Producer Consumer Conference သို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

9th LNG Producer Consumer Conference ကို ယနေ့တွင် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI)က ကြီးမှူး၍ အွန်လိုင်းဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI) မှ ဝန်ကြီး Mr. Kajiyama Hiroshi နှင့် ကာတာနိုင်ငံ Ministry of State for Energy Affairs မှ ဝန်ကြီး Saad Sherida Al-Kaabi တို့က အဖွင့်အမှာစကားပြောကြားကြပြီး International Energy Agency (IEA)မှ Executive Director ဖြစ်သူ Dr.Fatih Birol က Key Note Speech ပြောကြားသည်။



**ဓာတ်အားစတင်ထုတ်လုပ်နိုင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Video Message ဖြင့်ပြောကြားရာ၌ ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်မှုကာလအတွင်း 9th LNG Producer Consumer Conference အား အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဂျပန်နိုင်ငံအစိုးရနှင့် METI မှ ဝန်ကြီး Mr. Kajiyama Hiroshi၊ ၎င်းတို့နှင့်အတူ ပူးပေါင်းစီစဉ်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံး ၇၅၀ မဂ္ဂါဝပ် LNG to Power Plant အား ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ရန် စီမံခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကြန့်ကြာမှုအနည်းငယ် ဖြစ်ပေါ်ခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင်မှသာ ဓာတ်အားစတင်ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ Generation Mix တွင် ယေဘုယျအားဖြင့် ရေအားမှ ၅၀ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့မှ ၅၀ ရာခိုင်နှုန်းရှိပါကြောင်း၊ သို့သော် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးသက်ရောက်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု ကျဆင်းလာသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပြည်တွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု ကျဆင်းလာပါကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ တိုးမြင့်လာသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်ရန်အတွက် LNG to Power စီမံကိန်းများကို Development Partners နှင့် Investors များ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါ စီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် LNG Task Force ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ် စွမ်းအင်လုံခြုံစိတ်ချရမှု Energy Security အတွက် Clean Fuel ဖြစ်သည့် LNG Option သည် ရေအား၊ သဘာဝဓာတ်ငွေ့၊ ပြန်လည်ဖွံ့ဖြိုးမြဲစွမ်းအင်တို့နှင့်အတူ တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ အဆိုပါ LNG စီမံကိန်းများမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပြင် စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျပြီး အခြေခံအဆောက်အအုံများ (လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ Mobile Phone & Internet Facility စသည့်)တို့ ပိုမိုကောင်းမွန်တိုးတက်လာပြီဖြစ်ပါသဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အခွင့်အခါကောင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ၅၄ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု Conference မှတစ်ဆင့် LNG ထုတ်လုပ်သူနှင့် သုံးစွဲသူများအကြား ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ၊ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်သွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါ Conference သို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရ/ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ် - ၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အောက်တိုဘာ ၁၃ ရက်တွင် ကိုဗစ် - ၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ပါမောက္ခဒေါက်တာမြင့်ဟန်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ပါမောက္ခ/ဌာနမှူး (ဆေးပညာဌာန) ပါမောက္ခ ဒေါက်တာဇော်လင်းအောင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်တို့က ပြည်သူများသိရှိမေးမြန်းလိုသည့် ကိုဗစ် - ၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ရန်ကုန်တိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရန် မွန်ပြည်နယ်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များ ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ကိုဗစ်-၁၉ ကုသရေးစင်တာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းတာဝန်ထမ်းဆောင်ရန် မွန်ပြည်နယ်မှ ကြက်ခြေနီစေတနာလုပ်အားရှင် ၄၁ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ လှိုင်မြို့နယ် ကိုဗစ်-၁၉ ကုသရေးစင်တာ(လှိုင်နှင့်မြတ်လေး) တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာရဲမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးကြည်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်၊ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ လင်းလင်းသက်တို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြသည်။

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဒုတိယပြည်နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဒေါ်လေးလေးခက် ဦးဆောင်သည့် မွန်ပြည်နယ်ရှိ မြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၄၁ ဦးတို့သည် လှိုင်မြို့နယ် ကိုဗစ်-၁၉ ကုသရေးစင်တာ၌ နိုဝင်ဘာ ၁ ရက်အထိ ကူညီဆောင်ရွက်ပေးကြမည်ဖြစ်သည်။

အဆိုပါ ကုသရေးစင်တာတွင် ဧရာဝတီတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၄၉ ဦးတို့သည် စက်တင်ဘာ ၁၄ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ နေပြည်တော်မှ ကြက်ခြေနီစေတနာလုပ်အားရှင် ၃၅ ဦးတို့သည် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိလည်းကောင်း ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းကာ တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**

## စပီကာ ဒရုန်းဖြင့် မြို့နယ်များ၌ ကျန်းမာရေးအသိပေးနှိုးဆော်မှုများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မောင်းသူမဲ့ လေယာဉ်သုတေသနဌာနမှ ကိုဗစ်-၁၉ တားဆီးကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် အသုံးချနိုင်ရန် သုတေသနပြု တည်ဆောက်ထားသည့် စပီကာ ဒရုန်းများဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးအသိပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စပီကာဒရုန်းများတွင် တပ်ဆင်ထားသည့် စပီကာအား မြေပြင်မှ ဝါကီတော့ကီ ချိတ်ဆက်၍ တိုက်ရိုက်အသိပေးနှိုးဆော်နိုင်ပြီး ကင်မရာတပ်ဆင်၍ မြေပြင်အခြေအနေအား တိုက်ရိုက်ကြည့်ရှုကွပ်ကဲနိုင်ကာ ဒရုန်းများတွင် Delivery Box တပ်ဆင်ထားပြီး 800 kg အလေးချိန်ရှိ အရေးကြီးဆေးဝါးပစ္စည်းများကို တစ်မိုင်အကွာအဝေးထိ ပို့ဆောင်ပေးနိုင်ကြောင်း၊ ပန်ကာ ခြောက်ခုတပ်ဆင်ထားသည့် Hexacotpter အမျိုးအစားဖြင့် သုတေသနပြု တည်ဆောက်ထားသည့်အတွက် လေတိုက်နှုန်းခံနိုင်ရည်ရှိပြီး မိနစ် ၂၀ အထိ ပျံသန်းနိုင်ကာ အမြင့်ပေ ၈၀ မှ နှစ်ကြိမ်နှုန်းပျံသန်းပေးပါက ရပ်ကွက်တစ်ရပ်ကွက်ကို ထိရောက်စွာ အသိပေးနှိုးဆော်နိုင်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် စက်တာဘာ ၂၆ ရက်မှစတင်၍ ကျန်းမာရေးအသိပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အရေးပေါ်လိုအပ်သည့် အသိပေးကြေညာချက်များနှင့် ကျန်းမာရေးအသိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် Fever Clinic များ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# အကယ်ဒမီ ခင်ယုမေနှင့် ရုပ်ရှင်စကားဝိုင်း

**တွေ့ဆုံမေးမြန်း-ဒါရိုက်တာကြည်စိုးထွန်း**

ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသည့် အဆိုတော်များထဲတွင် ထိပ်ဆုံးကပါဝင်ခဲ့သူဖြစ်ပါသည်။ ခင်ယုမေသည် သူ့ခေတ် သူ့အခါက ထင်ရှားသော ဝတ်စားပုံကိုထွင်နိုင်ခဲ့သူဖြစ်သလို သဘာဝကျသော အမူအရာကိုလည်း လုပ်ဆောင်နိုင်ခဲ့သည့် ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်လေသည်။

ခင်ယုမေ၏ ရုပ်ရှင်ကားများကိုကြည့်လျှင် အမူအရာပိုလွန်းသွားသည့် ရုပ်ရှင်ကားမျိုး မရှိသလောက်ရှားပါးခဲ့သည်။ ရုပ်ရှင်ကားများကို သဘာဝကျကျ မပိုမလို သရုပ်ဆောင်နိုင်ခဲ့သလို သိုင်းရုပ်ရှင်ဇာတ်ကားများ၊ ခေးခုတ်လုံ့ထိုး ရုပ်ရှင်ဇာတ်ကားများကိုလည်း နာမည်ရအောင် ရိုက်ကူးခဲ့သည်ကို တွေ့မြင်ရလေသည်။ ဂီတဘက်တွင် ထူးချွန်ခဲ့သလို ရုပ်ရှင်ဘက်တွင်လည်း ရုပ်ရှင်ထူးချွန်ဆုနှစ်ဆုရသည်အထိ သရုပ်ဆောင်တော်ခဲ့သော ခင်ယုမေ၏ ရုပ်ရှင်လောကအတွင်း လျှောက်လှမ်းခဲ့ပုံများကို သိရှိနိုင်ကြမည် ဖြစ်ပါသည်။

ဒီတစ်ပတ် ကျွန်တော့်ရဲ့ ရုပ်ရှင်စကားဝိုင်းကတော့ နည်းနည်းထူးခြားတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော်ရောက်နေတဲ့နေရာက အကယ်ဒမီ ရုပ်ရှင်မင်းသမီး ခင်ယုမေရဲ့ ခြံဝင်းဖြစ်ပြီး အကယ်ဒမီခင်ယုမေနဲ့ ဒီတစ်ပတ်ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ဟာ စတူဒီယိုကို မလာရောက်နိုင်တဲ့ ခင်ယုမေရဲ့ အိမ်ကိုလာပြီးတော့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

(ယမန်နေ့မှအဆက်)

**ကြည်စိုးထွန်း။** ။ ‘ယောက်ျားတို့အကြောင်း’။

**ဒေါ်ခင်ယုမေ။** ။ ‘ယောက်ျားတို့အကြောင်း’ က အစ်မက စာရေးဆရာမ ဒေါ်ခင်နှင်းယုဆို အကုန်ဖတ်တယ်။ အဲဒီ ယောက်ျားတို့အကြောင်းဆို သူက တိုတိုလေးပါပဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ အတိုလေး အတိုလေး။

**ကြည်စိုးထွန်း။** ။ ဟုတ်။

**ဒေါ်ခင်ယုမေ။** ။ အဲဒါရိုက်မယ်ဆို သဘောကျတယ် ရိုက်လို့။

**ကြည်စိုးထွန်း။** ။ ဒါရိုက်တာ မောင်မောင်သောင်းနော် အစ်မ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် မောင်မောင်သောင်းကြီး။

**ကြည်စိုးထွန်း။** ။ မောင်မောင်သောင်းကြီးဆိုပေမယ့် အစ်မတို့နဲ့ သိပ်မကွာဘူးထင်တယ်။

**ဒေါ်ခင်ယုမေ။** ။ မောင်မောင်သောင်း သိပ်မကွာပါဘူး၊ ကွာလှလေး၊ ငါးနှစ်ပေါ့။


**ကြည်စိုးထွန်း။** ။ ၃၃ နှစ်မှာ ဆုံးတာနော် မောင်မောင်သောင်းက။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ငယ်ငယ်လေးနဲ့ ဆုံးသွားရှာတာ။ သူကလည်း ဂီတသမားနော်။ ကျွန်တော် သူ့ကိုတွေ့ဖူးတယ်။ ဂီတသမားကနေ အဲဒီကို ရောက်တယ်၊ နောက်စိတ်ကူးစိတ်သန်းလေးကလည်း ကောင်းတယ်။ နောက်တစ်ခါကျတော့ အကြမ်းပတမ်းတွေ အများရိုက်နေတဲ့ အချိန်မှာ သူကဇာတ်နုလေးတွေရိုက်တာ အစ်မရဲ့နော်။ ဇာတ်နုလေးတွေ၊ ညက်ညက်ညောညော ဇာတ်လေးတွေရိုက်တာ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် ။







ဒေါ်ခင်နှင်းယု



သင်းသင်းလှဲ့



ဦးသိန်းဟန်



ဒါရိုက်တာ မောင်မောင်သောင်း



ပန်းသာ ဦးထွန်းရီ



ဦးကျော်ဝင်း

**ကြည်စိုးထွန်း။** ။ ကျွန်တော်သတိထားမိတာက လူကတော့ မည်းမည်းကြီးပဲနော်၊ မည်းမည်းနဲ့ ဝဝကြီး။

**ဒေါ်ခင်ယုမေ။** ။ မမည်းဘူး၊ သူက ဖြူတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား ဖြူလား။



**ဒေါ်ခင်ယုမေ။** ။ အသားဖြူတယ် သူက။

**ကြည်စိုးထွန်း။** ။ ဩော်ခါတ်ပုံထဲမှာ။

**ဒေါ်ခင်ယုမေ။** ။ ပန်းသာက ဦးထွန်းရီရဲ့ ယောက်ဖလေ၊ မမမာလေ ဦးထွန်းရီမိန်းမရဲ့မောင်လေ။

**ကြည်စိုးထွန်း။** ။ ဒေါ်ရီရီမာရဲ့။

**ဒေါ်ခင်ယုမေ။** ။ မောင်လေ။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**ဒေါ်ခင်ယုမေ။** ။ တစ်ဦးတည်းသောမောင်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။ အခုမှ ကျွန်တော်သိတာ အစ်မရဲ့။ ဒေါ်ရီရီမာကတော့ တလောကဆုံးသွားရှာတယ် အစ်မရယ်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်လား။

**ကြည်စိုးထွန်း။** ။ ဦးထွန်းရီကတော့ ကျန်းကျန်းမာမာပဲ။ ကန်တော့ခံမှာလည်း တွေ့သေးတယ်။ အခုထိ ကားမောင်းတုန်းပဲ ရှစ်ဆယ်ကျော်ပြီ။

**ဒေါ်ခင်ယုမေ ။** ။ ကားမောင်းတယ်။ တီနိုကိုလာလာနေတာလေ တီနိုမှာတော့ အမြဲတွေ့တယ်။

**ကြည်စိုးထွန်း။** ။ အင်း ဟုတ်တယ် ဦးထွန်းရီက တကယ်ကိုကျန်းမာတယ်၊ သူကျန်းမာတဲ့ဆေးက ပြောတယ် ကျွန်တော့်ကို။ ကျွန်တော်ကတဲ့ ဘုရားစင်မှာတဲ့ နနွင်းခွက်ကြီးရှိတယ်တဲ့ ကျွန်တော် အဲဒီ နနွင်းတွေစားတာပဲတဲ့။

**ဒေါ်ခင်ယုမေ။** ။ နနွင်းဆိုတော့ သွေးသားကောင်းတာပေါ့ သန့်တာပေါ့။

**ကြည်စိုးထွန်း။** ။ အဲဒါစားတာတဲ့။ အဲဒါ ဆရာတော်ပေးတဲ့ဆေးတဲ့။ ဆရာတော်ဆိုတာ တိပိဋကဆရာတော် ဘုရားကြီး ပြောတာ။ အခုမှ အစ်မပြောမှ ဒေါ်ရီရီမာနဲ့ မောင်မောင်သောင်းနဲ့ မောင်နှမဆိုတာသိရတာအစ်မရဲ့။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ မောင်မောင်သောင်းက တကယ်တော်တာ။ နှစ်ကား၊ သုံးကား သူနဲ့အစ်မရိုက်တာပေါ့နော်။ ‘ယောက်ျားတို့အကြောင်း’ရယ်၊ ‘ငွေစင်ကြယ်နဲ့ ရေပင်လယ်’။

**ဒေါ်ခင်ယုမေ။** ။ ကိုကြည်စိုးတို့နဲ့။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**ဒေါ်ခင်ယုမေ။** ။ အဲဒါ တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထုလေ။

**ကြည်စိုးထွန်း။** ။ ဩော်။

**ဒေါ်ခင်ယုမေ။** ။ နောက် ‘မွှေးလွန်းသည့်ပန်း’ သူပေါ့၊ မောင်မောင်သောင်းပေါ့။

**ကြည်စိုးထွန်း။** ။ သူပဲလား ‘မွှေးလွန်းသည့်ပန်း’ က၊ မင်းသားက။

**ဒေါ်ခင်ယုမေ။** ။ ကိုကြည်စိုးရယ်၊ ကိုနေဝင်းရယ်။

**ကြည်စိုးထွန်း။** ။ အစ်မ မောင်သင်နဲ့ကားက။

**ဒေါ်ခင်ယုမေ။** ။ မောင်သင်နဲ့ကားက။

စာမျက်နှာ ၇ သို့ ●

● စာမျက်နှာ ၆ မှ

**ကြည်စိုးထွန်း။** ။ မောင်သင်နဲ့တွဲတဲ့ဟာ ရှိလား။

**ဒေါ်ခင်ယုမေ။** ။ မောင်သင်နဲ့ကားက 'သီတာနဲ့နီလာ'ရယ် 'နမ်းမဝတဲ့အာရုံ'ရယ်။

**ကြည်စိုးထွန်း။** ။ 'နမ်းမဝတဲ့အာရုံ'က ဦးကျော်ဝင်းရိုက်တာ ထင်တယ်။

**ဒေါ်ခင်ယုမေ။** ။ မဟုတ်ဘူး။

**ကြည်စိုးထွန်း။** ။ မဟုတ်ဘူးလား။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ၁၉၆၁ ခုနှစ်ကနေ ၁၉၇၃ ခုနှစ် လောက်ထိအောင်ကို အစ်မကဦးကျော်ဆွေနဲ့တွဲပြီးတော့ကားတွေတော်တော်များများ ထွက်လာတာ တွေ့ရတယ်နော်။ အဲဒီကားတွေထဲမှာ ထူးခြားတဲ့ကားတွေ အများကြီးပါတယ် 'စောရမင်းသား'ဆိုလည်း ကျွန်တော်က သဘောကျတယ်။ 'စောရမင်းသား'မှာ မင်းသားကနေပြီးတော့ အစ်ကိုယောင် ဆောင်တာ။ အစ်ကိုယောင်ဆောင်ပြီးတော့ ဝင်လာတယ်။ အစ်မရယ်၊ အမေက ခင်ခင်ကြည်ထင်တာပဲ တွယ်၊ ဦးသိန်းဟန်ကြီး တို့ကလည်း သိပ်ကောင်းတာပဲ။ ထိုးတဲ့ကြိတ်တဲ့လူကြမ်းတင် မဟုတ်ဘူး သရုပ်ဆောင်ပါရတာ အစ်မရယ်နော်။ အဲဒီအထဲမှာဆိုရင် ဦးကျော်ဆွေရယ်၊ အစ်မရယ် အမြဲတမ်းတွဲတာ။ ကိုစံတင်တို့၊ ကိုဌေးဝင်းတို့ ထားဦးတော့ အမြဲတမ်းပါတာက။

**ဒေါ်ခင်ယုမေ။** ။ ဦးဂေါ်ရာ၊ ဘယ်လောက်ပဲဘယ်လိုပဲထုံထုံ ဦးဂေါ်ရာမပါမဖြစ် သူက သံယောဇဉ်ပေါ့နော်၊ ကိုယ်နဲ့အမြဲတွဲတဲ့လူ။

**ကြည်စိုးထွန်း။** ။ ဦးဂေါ်ရာကြီးရုပ်ကလည်း Very Simple အစ်မ။



မောင်သင်



ခင်ခင်ကြည်(အငယ်ပုံ)



တက္ကသိုလ် ဘုန်းနိုင်



ကိုသန်းလှိုင်



မောင်သောင်း



မောင်မောင်ကြီး

**ဒေါ်ခင်ယုမေ။** ။ 'နမ်းမဝတဲ့အာရုံ'က ကိုမြင့်အောင်လေ။ ကိုမြင့်အောင်၊ သင်းသင်းလွဲ့ရယ်၊ အစ်မရယ်လေ။

**ကြည်စိုးထွန်း။** ။ ကိုမြင့်အောင်က စုံထောက်လားအဲဒီမှာ။

**ဒေါ်ခင်ယုမေ။** ။ ကိုမြင့်အောင်က ဘာလဲမသိဘူး၊ မမှတ်မိတော့ဘူး။






**ကြည်စိုးထွန်း။** ။ အစ်မက သင်းသင်းလွဲ့ကို ခိုးပြေးတာလေ။ အဲဒါ ဦးကျော်ဝင်းတို့ကုမ္ပဏီ အစ်မရဲ့။ ဒါရိုက်တာ ဦးကျော်ဝင်း နာမည်တပ်တယ်။

**ဒေါ်ခင်ယုမေ။** ။ မမတင်တို့ ကုမ္ပဏီလေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ဟုတ်ကဲ့အစ်မ၊ အဲဒီတော့ အစ်မက ၁၉၆၁ ခုနှစ်ကျတော့ 'ကိုယ်ပိုင်မေတ္တာ'နဲ့ အကယ်ဒမီ ပထမဆုံးရတာပေါ့နော်။ အကယ်ဒမီရသွားပြီး အောင်မြင်သွားပြီနော်။ အဲဒါတွေပြီးတဲ့နောက်မှာ အစ်မက 'စောရမင်းသား' တို့ ဘာတို့ ရိုက်တာနော်။

အစ်မရယ်နော်၊ အဲဒီအထဲမှာ ဦးသိန်းဟန်ကြီးလည်း သိပ်ကောင်းတာပဲနော်။

**ဒေါ်ခင်ယုမေ။** ။ အဲဒီတုန်းက မင်းသားက ကြည့်ရတာ ကုလားကားကို ပြန်ရိုက်တာလား မသိဘူး။ အကုန်လုံးတော့ မဟုတ်ဘူးပေါ့၊ ဒါရိုက်တာက ရိုက်ကွင်းတွေ ရိုက်ကွက်တွေကျတော့ ကိုယ့်ဟာကိုယ် ထွင်လိုက်တာပေါ့။

**ကြည်စိုးထွန်း။** ။ နောက် သီချင်းကောင်းတယ် အစ်မရဲ့ ကိုသန်းလှိုင်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် ကိုသန်းလှိုင်။

**ကြည်စိုးထွန်း။** ။ ကိုသန်းလှိုင်သီချင်း 'ချစ်လိုလျက်နဲ့ဝေး' နော်။

**ဒေါ်ခင်ယုမေ။** ။ အရင်တုန်းက ဦးကျော်ဆွေဆိုလည်း သူက ကိုသန်းလှိုင်ပဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ သူ့အစားဆို ကိုသန်းလှိုင်ပဲ။

ကျွန်တော်တို့ရပ်ကွက်ထဲမှာရှိနေတဲ့ လူရိုးလူအကြီးက အဲဒီလို ပုံမျိုးပဲ။ သူ့ကိုကြည့်လိုက်တာနဲ့သိပြီ။ ဒီလူကြီးကတော့ လူရိုးလူအေးကြီး၊ မဟုတ်တာ မလုပ်တဲ့လူကြီးဆိုတဲ့မျက်နှာမျိုး ရှိတယ်အစ်မရဲ့။ ဒါကြောင့်မို့လည်း ကိုကျော်ဆွေက သူ့ကိုသုံးတာဖြစ်မယ်။ နောက်တစ်ခါ လူဆိုးထဲမှာဆို သိန်းဟန်ကြီးပေါ့။ သိန်းဟန်ကြီးကို တော်တော်သုံးတယ်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ သိန်းဟန်ကြီးကလည်း ဘာဖြစ်လဲဆိုတော့ သိန်းဟန်ကြီးမျက်နှာက တစ်ဝက်စီ ရှိတယ်၊ လူဆိုးလုပ်လို့လည်းရတယ်၊ လူကောင်းလုပ်လို့လည်းရတယ်၊ သူ့မျက်နှာက။ အဲဒါကြောင့်မို့ သုံးတာများတယ်။ 'စောရမင်းသား'လည်း ကြည့်ကောင်းတယ်။ နောက်ကားကျတော့ အစ်မ အင်မတန် ပင်ပန်းတဲ့ ကားတစ်ကား ရှိတယ်။

**ဒေါ်ခင်ယုမေ ။** ။ အင်း အဲဒါ 'ပုလဲမျက်ရည်'။ 'ပုလဲမျက်ရည်' က တကယ်တိုက်ပွဲဝင်ရတာ၊ စုတ်ပြတ်သပ်နေတာပဲ တစ်ကိုယ်လုံးလည်း မိတ်ကပ်တွေဘာတွေလည်း မိုးလင်းလာ မိတ်ကပ်လူးဖို့လည်း စိတ်မပါတော့ဘူး။ မိုးလင်းလာရင် အဲဒီမြေနီမှုန့်တွေနဲ့ မျက်နှာပွတ်လိုက် ပြီးရော အင်္ကျီတွေ ဘာတွေပွတ်။ အဲဒါအင်္ကျီကလည်း တစ်ထည်တည်း အစကတော့ အသစ်ပေါ့ နောက်ကျတော့။

**ကြည်စိုးထွန်း။** ။ တဖြည်းဖြည်းဟောင်းသွားတယ်။

**ဒေါ်ခင်ယုမေ။** ။ နောက်တော့ရိုကုန်လို့ ချုပ်ရတယ်။

**ကြည်စိုးထွန်း။** ။ ကောင်းလိုက်တာ အစ်မရယ် အဲဒီကားကလည်း။ အခု ကျွန်တော်ပြန်ရှာတယ် အစ်မရဲ့ မရဘူးဖြစ်နေတယ် အဲဒီကားကို။

**ဒေါ်ခင်ယုမေ။** ။ အဲဒါပေါ့ စစ်တပ်တွေလည်း အများကြီးပေးထားတာ။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**ဒေါ်ခင်ယုမေ။** ။ သူတို့က အဲဒီကားပဲ ပြနေတော့ စုတ်ကုန်ရော။ အရင်တုန်းက ဒီလို ဗီဒီယိုတို့ ဘာတို့ ကူးတာ မရှိတော့ စုတ်ကုန်ရော။

**ကြည်စိုးထွန်း။** ။ နာလိုက်တာနော်။

**ဒေါ်ခင်ယုမေ။** ။ နဂ္ဂတစ်ဆိုလည်းပိသာချိန်နဲ့ရောင်းစားပစ်လိုက်တာပဲ ပြီးရော ဘော်ချက်တဲ့ကုလားတွေကို။ အဲဒီတော့



"မွေးလွန်းသည့်ပန်း" ဇာတ်ကားမှ ကြည်စိုးနှင့် ခင်ယုမေ



သိန်းဟန်ကြီး



စံတင်



ဌေးဝင်း



ဦးဂေါ်ရာ

**ကြည်စိုးထွန်း။** ။ မောင်သောင်းရှိသေးတယ် အစ်မရဲ့။

**ဒေါ်ခင်ယုမေ။** ။ ကိုသောင်းမရှိတော့မှ ကိုသန်းလှိုင်။

**ကြည်စိုးထွန်း။** ။ 'မွေး' ကျတော့ ဦးမောင်မောင်ကြီးနဲ့ ကိုက်သွားတာ သူက မွေးသီချင်းကလေ။ ချစ်လိုလျက်နဲ့ဝေး ကတော့ ခုထိအောင် သဘောကျရတာပေါ့။ ဒီသီချင်းနဲ့ အဲဒီအရုပ်ကလေးတွေ ပြန်ပြန်မြင်တာပေါ့နော်။ ဒီကောင်မလေးကလည်း မ,မေပေါ့နော်။ အစ်မကလည်း သူ့အစ်ကို မဟုတ်ဘူးဆိုတာ သိတယ်နော်၊ သိသွားပြီးတော့ နောက်ကျတော့ သံယောဇဉ် ဘယ်လိုမှမရတော့ဘူးလေ၊ ကားကောင်းတွေချည်းပါပဲ၊ လူတွေက ဘာဖြစ်လို့ ချစ်နေကြလဲ၊ ခင်နေကြလဲ ဒီလိုလေးတွေ ရိုက်ထားလို့ပါ ပြစရာကိုယ့်မှာ မရှိတော့ဘူး။ ဟိုးအရင်ကြည့်ဖူးတဲ့လူကသာ သိတာ။

**ကြည်စိုးထွန်း။** ။ ဒါပေါ့။

**ဒေါ်ခင်ယုမေ။** ။ မကြည့်ဖူးတဲ့လူကတော့ မသိဘူးပေါ့။

(ဆက်လက်ဖော်ပြပါမည်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့ရှိ သီလရှင်ကျောင်းများသို့ ဆန်နှင့်လှူဖွယ်ပစ္စည်းများ သွားရောက်လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် စစ်တွေမြို့ လမ်းသစ်ရပ်ကွက် အမ္ဗာရာမသာသနာ့နွယ်ဝင် သီလရှင်ပရိယတ္တိစာသင်တိုက်သို့ ဆန်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမ္ဗာရာမသာသနာ့နွယ်ဝင် သီလရှင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက စူဠအာဘိဓမ္မိကမဇ္ဈိမအာဘိဓမ္မိက ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ ဒေါ်အဂ္ဂစာရီအား ဖူးမြော်ပြီး ဆွမ်းနှင့် ကျန်းမာရေးအခြေအနေများ လျှောက်ထားသည်။

**လှူဒါန်း**

ထို့နောက် သီလရှင် ၁၈ ပါးတို့အတွက် ခြောက်ပြည်ဝင်ဆန် ၁၈ အိတ်၊ ဆပ်ပြာမှုန့် ၁၈ ထုပ်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် ဝတ္ထုငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပဓာနနာယကဆရာကြီးထံ လှူဒါန်းခဲ့ကြသည်။ ထို့အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စစ်တွေမြို့ပေါ်ရှိ သီလရှင်ကျောင်းတိုက် ၃၈ ကျောင်းရှိ သီလရှင်အပါး ၃၂၀ တို့အတွက် ဆန်အိတ် ၈၀ ကိုလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာလ စစ်တွေမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် သီလရှင်များ အေးချမ်းသာယာစွာဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆန်နှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းပေးလျက်ရှိရာ စစ်တွေမြို့ကျောင်းတိုက်အသီးအသီးရှိ သံဃာတော်များအား ဆန်အိတ်တစ်ထောင်ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရန်ကုန်-ပဲခူး-ကျိုက်ထို-သထုံ-ဘားအံ-မြဝတီလမ်းပိုင်း အိန္ဒု-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်-ပဲခူး-ကျိုက်ထို-သထုံ-ဘားအံ-မြဝတီလမ်းပိုင်းတွင် ကရင်ပြည်နယ်၌ အိန္ဒု-ကော့ကရိတ်လမ်းသည် ၆၆ ကီလိုမီတာရှိသည်။ အဆိုပါလမ်းအား အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေဖြင့် လမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနတို့က ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိသည်။



ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၁၂၀ ရှိသည်။ လမ်းအမျိုးအစားမှာ ၁၀ မီတာအကျယ် နှစ်လမ်းသွား ကတ္တရာကွန်ကရစ်လမ်းဖြစ်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၈၀ ထိ မောင်းနိုင်သောလမ်းဖြစ်သည်။

**အားဖြည့်ဆောင်ရွက်**

လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်ပညာရှင်များပါဝင်သောအဖွဲ့နှင့်အတူ နိုင်ငံတကာမှ အတွေ့အကြုံရှိသော တည်ဆောက်ရေးကန်ထရိုက်တာများကို ရွေးချယ်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းအကောင်အထည်ဖော်နေသည့်အချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာပညာရှင်များနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့က လိုအပ်သည့် လုပ်ငန်းကိစ္စရပ်များကို ကူညီအားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလမ်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်း-စိုးမြင့်**

**● ရန်ကုန်မြို့မှ**

ဆလင်ဒါအိုးနဲ့ ရှူရတာလည်း ရှိနိုင်ပါတယ်။ ဒါကို ပိုကောင်းအောင် ကျွန်တော်တို့စီစဉ်နေပါတယ်။ ရန်ကုန်အနောက်ပိုင်းခရိုင်ဆေးရုံကြီးမှာ ကိုဗစ်-၁၉ အတည်ပြုလူနာတွေအတွက် အောက်ဆီဂျင်ကုသ ခုတင် ၁၀၀ တပ်ဆင်ဆောင်ရွက်နေပါပြီ။ ရန်ကုန်အရှေ့ပိုင်းခရိုင်ဆေးရုံကြီးမှာလည်း အောက်ဆီဂျင်ကုသ ခုတင် ၁၀၀၊ ကျန်းမာရေးဌာနဆေးရုံမှာ ၄၀ အပြင် မြောက်ဥက္ကလာဆေးရုံကြီးမှာလည်း အောက်ဆီဂျင်ကုသ ခုတင် ၂၀၀ ထပ်မံတပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌လည်း ကိုဗစ်- ၁၉ အတည်ပြုလူနာများအား အောက်ဆီဂျင်အသုံးပြုကုသပေးနိုင်ရန် HDU ခုတင်၃၀ နှင့် ICU ခုတင်၃၀၀ ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ မကြာမီအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

HDU/ICU ခုတင်များသည် ကိုဗစ်-၁၉ အတည်ပြုလူနာများအား အထူးကြပ်မတ်၍ အောက်ဆီဂျင်ပေးကုသရသော ခုတင်များဖြစ်ပြီး ရန်ကုန်မြို့၌ ကိုဗစ်-၁၉ စတင်ဖြစ်ပွားကတည်းက ကိုဗစ်ကုသရေးဆေးရုံအများစုတပ်ဆင်ထားသော်လည်း ယခုအခါ လူနာဦးရေများပြားလာသည့်အတွက် အောက်ဆီဂျင်ဖြင့် ကုသပေးရန်လိုအပ်ချက်တစ်ခုဖြစ်လာသည်။

နောက်ပိုင်းအသစ်ဖွင့်လှစ်သည့် ရွာဝတီ ကိုဗစ်စင်တာ၊ Fortune Plaza ကိုဗစ်စင်တာတို့၌လည်း သာမန်ကုသရေးခုတင်များသာမက အောက်ဆီဂျင်ပေး၍ အထူးကြပ်မတ်ကုသရသော HDU/ICU ခုတင်များပါ ထည့်သွင်းတည်ဆောက်လာကြသည်။

**မြင့်မောင်**




## ရာပြည့် ဆုတောင်း

✳ ငွေရောင် ပြန့်လျှား၊ ပိတ်ကားဖြူလွင်လွင်
ဖလင်ကော်ပြား၊ လှုပ်ရှားအရုပ်ထင်
မြန်မာ့ရုပ်ရှင်၊ ပီပြင်ပါဘိ
ပြည်သူများကြား ရေပန်းစား
ထင်ရှားခုံမင် ကြည့် သည်တည့်လေး။ ။

✳ စွမ်းအားမိမိ၊ တတ် သိ ဝမ်းစာဖွေ
ကျရာစရိုက်၊ စံကိုက်ညီဖို့လေ
လူ့ရွာခြေနေ၊ စိတ်နေ သဘာဝ
အနု အကြမ်း၊ ချစ် အလွမ်း
အစွမ်းကိုယ်စီ ပြ သည်တည့်လေး။ ။

✳ စာပေ ဂီတ၊ ညီမျှ အခြေခံ
သဘင် ပြဇာတ်၊ ရောစပ် သရုပ်သကန်
စရိုက်ပီရန်၊ ကိုယ်ဟန် မင် မောင်း
စကားပြောသံ၊ ရုပ်သဏ္ဍာန်
ဩမာန်အပြည့် လောင်း သည်တည့်လေး။

✳ ရသစုံပေါင်း၊ ဇာတ်ကြောင်းပီဖို့ရည်
နောက်ခံရှုခင်း၊ အလင်းအမှောင်ကိုက်ညီ
တီးကွက်သံစီ၊ ဆိုသီ တေးသွား
သောတ စက္ခု၊ အာရုံပြု
ကြည့်ရှုစိတ်ခံစား သည်တည့်လေး။ ။

✳ ရုပ်ရှင်သည်ကား၊ ကျော်ကြားအနုပညာ
ရည်ရွယ်မပျက်၊ ပြည်သူ့အတွက်သာ
နှစ်ပေါင်းရှည်ကြာ၊ "တစ်ရာ"သက်တမ်း
အခြေခံ ဆယ်လွှာ၊ ပေါင်းစည်းကာ
ညီညာရှေ့ဆက် လှမ်း သည်တည့်လေး။ ။

✳ ရုပ်ရှင်အဆင့်အတန်း၊ မြင့်စမ်းကြည့်ရာဝယ်
ခေတ်ကိုဖြတ်သန်း၊ တက်လှမ်းနိုင်ခဲ့တယ်
အသံတိတ်မှကွယ်၊ ဒစ်ဂျစ်တယ် အရှေ့
ဖြူ မည်း မှသည်၊ ရောင်စုံဆီ
တူညီအားမာန် ဖြည့် သည်တည့်လေး။ ။

✳ မြန်မာဇလေ့မြန်မာ့အသွင် အလှသရုပ်ထင်
ထာဝစဉ်ဖြိုးမောက် လှိုင်ဖြာဝေ။

✳ ရာပြည့်မှလျှင် မြန်မာ့ရုပ်ရှင်-
ကမ္ဘာတစ်ခွင် ထိုးဖောက်နိုင်ပါစေ။ ။

(၁၃-၁၀-၂၀၂၀ ရက်နေ့တွင် ကျရောက်သည့် မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်အထိမ်းအမှတ် အခမ်းအနားသို့ ဂုဏ်ပြုလျက်)

**မောင်သင်းပျို့(ကျိုက်ထော်)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၆ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၂ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဆင်ဘိုမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ ဒေါ်ချောစိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၁၀-၂၀၂၀ ရက်နေ့တွင် ဆင်ဘိုမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ ဒေါ်ချောစိန်(၄၉)နှစ်၊ (ဘ)ဦးကျော်ခိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆင်ဘို)မယ(ပ)၁၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ (က)ရပ်ကွက်နေ ဒေါ်မခိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၀-၂၀၂၀ ရက်နေ့တွင် လှိုင်းဘွဲ့မြို့၊ (က)ရပ်ကွက်နေ ဒေါ်မခိုင်(ခ) ဒေါ်ခိုင်ခိုင်လင်း(၄၉)နှစ်၊ (ဘ)ဦးသိန်းကြည်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်းဘွဲ့) မယ(ပ)၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ချောင်းရိုးကျေးရွာနေ တင်မောင်လွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၉-၂၀၂၀ ရက်နေ့တွင် တန့်ဆည်မြို့နယ်၊ ချောင်းရိုးကျေးရွာနေ တင်မောင်လွင်(၄၇)နှစ်၊ (ဘ)ဦးတင်မြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တန့်ဆည်) မယ(ပ)၁၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ လက်ပံကျင်းကျေးရွာနေ တင်ထွန်းဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၁၀-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ လက်ပံကျင်းကျေးရွာနေ တင်ထွန်းဦး(၃၀)နှစ်၊ (ဘ)ဦးမင်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝန်းသို)မယ(ပ)၁၁၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ စင်နိုင်းကျေးရွာနေ မောင်ဝယ်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၅)ဦးအား ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၂-၁၀-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ဟုမ္မလင်းမြို့နယ်၊ စင်နိုင်းကျေးရွာနေ မောင်ဝယ်(၃၆)နှစ်၊ (ဘ)ဦးထွန်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ထမံသီ)မယ(ပ)၂၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကြို့ကုန်းကျေးရွာနေ ပေါက်ကျင်း(ခ)သန်းဇော်ဦး + ဒေါ်ရွှေသေးတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၁၀-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကြို့ကုန်းကျေးရွာနေ ပေါက်ကျင်း(ခ)သန်းဇော်ဦး(၄၅)နှစ်၊ (ဘ) ဦးတင်ထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ ဒေါ်ရွှေသေး(ခ)နှင်းထွေး(၄၃)နှစ်၊ (ဘ) ဦးဘချမ်းတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၁၅၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ ဖိုးသာထူးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၂၀ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ရွှေဘို-မြစ်ကြီးနားသွားကားလမ်းမပေါ်၌ ဇင်းကျေးရွာနေ ဖိုးဝ(ခ)ဖိုးသာထူး (၂၅)နှစ်၊ (ဘ)ဦးစိုးမြင့်(ခ)မောင်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ) မယ(ပ) ၁၅/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၂၀ ရက်နေ့တွင် ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာနေ ဇော်ထူး(၄၂)နှစ်၊ (ဘ)ဦးငြိမ်းမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညီဖြစ်သူ ဝေဖြိုးလှိုင် (၂၇)နှစ်၊ (ဘ)ဦးငြိမ်းမောင်နှင့် ကျော်ပင်ကျေးရွာနေ သိန်းဝင်း(၄၁)နှစ်၊ (ဘ)ဦးစံငွေတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ)မယ(ပ)၃၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ခင်မောင်ထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၀-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ခင်မောင်ထွန်း(၄၇)နှစ်၊ (ဘ)ဦးထွန်းဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ)၁၈၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာမကျေးရွာနေ အဲစိုး(ခ)သန်းစိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၀-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ အရှေ့ မြင်သာ-နောင်စကန်ကျေးရွာသွား လမ်းမပေါ်၌ ရွာမကျေးရွာနေ အဲစိုး(ခ)သန်းစိုး(၃၄)နှစ်၊ (ဘ)ဦးတင်ဆောင်နှင့် အနောက်မြင်သာကျေးရွာနေ ငွေအောင်(၄၃)နှစ်၊ (ဘ)ဦးမောင်စောတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား သတင်းအရ ရပ်တန့်စိစစ်ရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဖောင်းပြင်) မယ(ပ) ၁၈၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ပေါက်တောအရှေ့ကျေးရွာနေ ဒေါ်ကြူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၀-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ ပေါက်တော-အင်းဒင်ကျေးရွာသွားလမ်းမပေါ်၌ ပေါက်တောအရှေ့ကျေးရွာနေ ဒေါ်ကြူ(၃၇)နှစ်၊ (ဘ)ဦးခင်မောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး) မယ(ပ)၁၄၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ ငွေးလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၀-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ ငွေးလွင်(၄၆)နှစ်၊ (ဘ)ဦးဝင်းမောင်၏ လယ်စောင့်တဲအား ဝင်ရောက်ရှာဖွေရာ တစ်ရွာတည်းနေ ဖိုးပု(၄၆)နှစ်၊ (ဘ)ဦးအောင်ညွန့်တို့(၂)ဦးအား ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ (ပ) ၁၇၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရီမြို့၊ ကြိမ်မဲတောင်ကျေးရွာနေ ထွန်းဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၁၀-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ကရသူရီမြို့၊ ကြိမ်မဲတောင်ကျေးရွာနေ ထွန်းဦး(၄၈)နှစ်၊ (ဘ)ဦးစံတင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကရသူရီ) မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရီမြို့၊ ကြပ်မီးကျေးရွာနေ အောင်ဖုန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၁၀-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ကရသူရီမြို့၊ ကြပ်မီးကျေးရွာနေ အောင်ဖုန်း(ခ)အောင်ထွန်း(၅၈)နှစ်၊ (ဘ)ဦးစံတင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကရသူရီ) မယ (ပ)၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ချောင်းကဖီးကျေးရွာနေ မစန်းမူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ချောင်းကဖီးကျေးရွာနေ မစန်းမူ(၃၈)နှစ်၊ (ဘ)ဦးကုလားမဲ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး တစ်ရွာတည်းနေ မဇင်မာလတ် (၃၂)နှစ်၊ (ဘ)ဦးကျော်ရှိန်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းတို့(၂)ဦးအား မမစ(ဘုတ်ပြင်း) မယ(ပ) ၃၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ မပုတေးကျေးရွာနေ ဦးဘိုဘိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၀-၂၀၂၀ ရက်နေ့တွင် ကော့သောင်းမြို့နယ်၊ မပုတေးကျေးရွာနေ ဘိုဘို(ခ)ဘိုဘိုအောင်(၃၆)နှစ်၊ (ဘ)ဦးရန်အောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း)မယ(ပ)၁၉၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းရပ်ကွက်နေ အိုက်ရွှမ်းနှင့်ဇနီးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၁၀-၂၀၂၀ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ သမိုင်းရပ်ကွက်နေ စိုင်းကျော်ခမ်းဦး(ခ)အိုက်ရွှမ်း(၂၆)နှစ်၊ (ဘ) ဦးသန်းဦးချစ်နှင့် ဇနီးဖြစ်သူ ဒေါ်ဇင်မာလွင်(၃၃)နှစ်၊ (ဘ) ဦးမောင်မောင်လွင်တို့(၂)ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဘုရင့်နောင်)မယ(ပ)၂၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဟွေးကျေးရွာနေ ဒေါ်နုသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၀-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ဟွေးကျေးရွာနေ ဒေါ်နု၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဒေါ်နုအား မတွေ့ရှိဘဲ ၎င်း၏သားဖြစ်သူ ထွန်းငွေ(၂၃)နှစ်၊ (ဘ)ဦးအိုက်ရီအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၅၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၉ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ နားခဲကြီးကျေးရွာနေ အိုက်စံသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁၀-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ နားခဲကြီး ကျေးရွာနေ အိုက်စံ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အိုက်စံအား မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ညွန့်(၄၈)နှစ်၊ (ဘ)ဦးစံနှင့် သားဖြစ်သူ ကျော်ထူး(ခ) ကုလား(၂၀)နှစ်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၅၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၀-၁၀-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၃၇၀)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၇၄၂)ဦး၊ မ(၃၅၀)ဦး၊ ပေါင်း(၂၀၉၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၄၃၅.၅၃၉၄)ဂရမ်၊ ICE (၁၄၈၉.၄၂) ဂရမ်၊ ဘိန်း(၄၇၉၃၄.၁၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၄၉၀၁.၇၄)ဂရမ်၊ ဘိန်းစာရွက်(၅၃၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၈၁၂၄၅)ပြား၊ ဆေးခြောက် (၁၄၈၅၉.၈၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၈)လက်၊ ကျည်မျိုးစုံ(၆၆၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**စာမျက်နှာ ၁၀ သို့ ★**

# မတူကွဲပြားမှုများနှင့် ပေါင်းစည်းခြင်း

**သိန်းထွန်း(IR)**

မတူကွဲပြားမှုနှင့်ပေါင်းစည်းခြင်း သို့မဟုတ် လက်တွဲလုပ်ဆောင်ခြင်းသည် ကောင်းမွန်သော လူ့အသိုက်အဝန်းအတွက် အနှစ်သာရပြည့်ဝသော လိုအပ်ချက်တစ်ရပ်အဖြစ် လက်ခံယုံကြည်ထားကြပါသည်။ ယင်းသည် တစ်ဖက်နှင့်တစ်ဖက်အကြား ထပ်တူမကျမှုများကို သဘောတူညှိနှိုင်း လက်ခံပေးခြင်းအပေါ် အခြေခံခြင်းဖြစ်၏။ မတူကွဲပြားမှုနှင့် ပေါင်းစည်းခြင်းဆိုရာတွင် ရောယှက်ခြင်း၊ လွှမ်းမိုးခြင်းသဘောကို မဆိုလို။ အပြန်အလှန်နားလည်ပေးခြင်း၊ လေးစားခြင်း၊ ထိန်းသိမ်းခြင်း၊ ညှိနှိုင်းခြင်း၊ သဘောတူခြင်းအပေါ် အခြေခံခြင်း ဖြစ်ပါသည်။ ယင်းအခြေခံမှတစ်ဆင့် ပူးပေါင်းလုပ်ဆောင်နိုင်ခြင်း၊ တိုးတက်ခြင်းဆီသို့ ဦးတည်ခြင်းဖြစ်ပေသည်။ ဒီမိုကရေစီအခြေခံသဘောအရလည်း သာတူညီမျှမှုရှိခြင်းသို့ ရည်ရွယ်လိုခြင်းဟု ဆိုရနိုင်ပါသည်။

**မတူကွဲပြားမှု**

လူသားတိုင်းတွင် မတူညီသော အပြုအမူ၊ အပြောအဆို၊ အကျင့်စရိုက်မှစ၍ မတူညီသော လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ အယူအဆ၊ အတွေးအခေါ်၊ ဓလေ့ထုံးတမ်းများ ကွဲပြားတတ်ကြပါသည်။ ထိုမတူကွဲပြားမှုများသည်ပင် ကမ္ဘာလောကကြီး၏ ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဌာန် တစ်မျိုးပင် ဖြစ်၏။ အသေးငယ်ဆုံး လူ့အဖွဲ့အစည်းဖြစ်သည့် တစ်အူထုံ့ဆင်း မိသားစုအတွင်း၌ပင်လျှင် အသားအရေ၊ အရပ်အနိမ့်အမြင့်၊ စိတ်သဘောထား၊ အပြုအမူ၊ ဓလေ့စရိုက်၊ စိတ်ဝင်စားမှု၊ အယူအဆတို့ ကွဲပြားတတ်ကြသည်ဖြစ်ရာ ထို့ထက်ကြီးမားသည့် လူ့အဖွဲ့အစည်းများတွင် များစွာသော မတူကွဲပြားမှုများ ရှိနေတတ်သည်မှာ သဘာဝတရား၏ ဖန်တီးချက်ပင် ဖြစ်ပါ၏။

မတူညီသော လူသားမျိုးနွယ်များ၊ မတူညီသော သတ္တဝါမျိုးစိတ်များ၊ မတူညီသော အပင်မျိုးစိတ်များ၊ မတူညီသော ရေမြေတောတောင် သဘာဝများသည် လူသားဖန်တီးသည့် လူလုပ်အရာများ မဟုတ်။ သဘာဝတရား၏ ပေးထားချက်ပင် ဖြစ်၏။ သဘာဝတရား မတူညီမှုများတွင် ရုပ်ပိုင်းဆိုင်ရာ မတူကွဲပြားမှုများ သာမက စိတ်ပိုင်းဆိုင်ရာ မတူကွဲပြားမှုများလည်း ရှိနေပါ၏။ ထိုမတူကွဲပြားမှုများကို လူသားတို့ မည်ကဲ့သို့ ရှုမြင်သုံးသပ် အသုံးချနိုင်စွမ်းသည် လူ့အဖွဲ့အစည်း တစ်ရပ်တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့အပေါ် လွှမ်းမိုးနေပါသည်။

**ပေါင်းစည်းမှု**

ဤနေရာတွင် ပေါင်းစည်းနေထိုင်ခြင်း သဘောသည် ပေါင်းစပ်ခြင်းသဘောမဟုတ်။ မတူကွဲပြားမှုများကို နားလည်ပေးခြင်း၊ လက်ခံပေးခြင်း၊ ညှိနှိုင်းခြင်း၊ စုပေါင်းလုပ်ကိုင်ခြင်းဖြင့် ပဋိပက္ခကို ရှောင်ရှားခြင်း၊ တည်ငြိမ်မှုနှင့် တိုးတက်မှုကို ရှာဖွေလိုခြင်း သဘောဖြစ်သည်။ သို့ဖြစ်သည့်အတွက် မိမိ၏ရပ်တည်ချက်၊ ခံယူချက်၊ သဘောထားတို့ကို စွန့်လွှတ်ရသည့်သဘောဟု မယူဆနိုင်ချေ။

မတူကွဲပြားမှုများနှင့် ပေါင်းစည်းခြင်းသည် ကွဲပြားခြားနားသော တစ်ဦးတစ်ယောက်ချင်းစီ သို့မဟုတ် အုပ်စုများအကြား သဟဇာတဖြစ်မှုနှင့် စည်းလုံးညီညွတ်မှုကို ပြဆိုပါသည်။ ယင်းသည် တူညီမှုမရှိဘဲ ပေါင်းစည်းမှုနှင့် ကွဲထွက်မှုမရှိဘဲ ကွဲပြားမှုအယူအဆဖြစ်ပါသည်။ ယင်းသည် ရုပ်ပိုင်းနှင့် စိတ်သဘောကွဲပြားခြားနားမှုများအပေါ် စိတ်ရှည်သည်းခံမှုကို အခြေခံသော ပေါင်းစည်းမှုဆီမှတစ်ဆင့် ကွဲပြားခြားနားမှုသည် လူသားတို့အကြား အပြန်အလှန်ဆက်ဆံရေးကို တိုးမြင့်စေသည်ဆိုသည့် နားလည်မှုအပေါ်အခြေခံသော ပိုမိုရှုပ်ထွေးသည့် ပေါင်းစည်းမှုသို့ အဓိကဦးတည်ပါသည်။

မတူကွဲပြားမှုနှင့် ပေါင်းစည်းခြင်း သို့မဟုတ် မတူကွဲပြားမှုနှင့် စုပေါင်းလုပ်ဆောင်ခြင်းသည် ဘုံသဘောတူညီချက်ရရှိရေး၊ ညှိနှိုင်းဆွေးနွေးရေး ကဲ့သို့သော ဒီမိုကရေစီနည်းလမ်းများဖြင့် အဖြေရှာတည်ဆောက်ခြင်း ဖြစ်၏။ သို့မှတစ်ဆင့် ကာလရှည်ကြာ ပေါင်းစည်းနေထိုင်နိုင်သည့် လူမှုဝန်းကျင်ကို ဖန်တီးတည်ဆောက်နိုင်ရန် ဖြစ်ပါသည်။

**အခြေခံလိုအပ်ချက်**

မတူကွဲပြားမှုနှင့် ပေါင်းစည်းရန်၊ စုပေါင်းလုပ်ကိုင်ရန်ဆိုရာတွင် အပြောလွယ်သလောက် အလုပ်ခက်သည်ဟုလည်း ဆိုနိုင်ပါသည်။ မတူကွဲပြားမှုများနှင့် စုပေါင်းလုပ်ကိုင်ခြင်း၏ နောက်ကွယ်တွင် သဘောတူညီမှုရှိခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်း၊ သည်းခံနိုင်ခြင်း၊ ရင့်ကျက်ခြင်း၊ သဘောထားကြီးခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းမြင့်မားခြင်း ကဲ့သို့သော အရည်အသွေးများ ပါဝင်နေပါ၏။ ရေရှည်တည်တံ့သော ပေါင်းစည်းမှုတွင် ကွဲပြားသောအုပ်စုများအကြား ကိုယ်ပိုင်အမှတ်သရုပ်လက္ခဏာများနှင့် တန်ဖိုးစနစ်များကို အပြန်အလှန် နားလည်လက်ခံပေးနိုင်ရန် အထူးလိုအပ်မည်ဖြစ်သည်။

တရားမျှတသော၊ တည်ငြိမ်အေးချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော ဝန်းကျင်တစ်ရပ် တည်ဆောက်ရာတွင် မတူညီမှုများကို တွန်းအားအဖြစ် အသုံးပြုနိုင်မည်လား၊ နောက်ပြန်ဆွဲအားအဖြစ် ထားရှိမည်လားဆိုသည်မှာလည်း နိုင်ငံတစ်နိုင်ငံတည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ရွေးချယ်မှုဖြစ်နေပါသည်။ အထူးသဖြင့် မတူကွဲပြားမှုများပြားသော အခြေအနေ၊ နက်ရှိုင်းစွာသဘောကွဲလွဲနေသော အခြေအနေ၊ ရှိရင်းစွဲပဋိပက္ခများနှင့် ရင်ဆိုင်နေရဆဲအခြေအနေ၊ ပြန်လည်ထူထောင်ရန် လိုအပ်နေသော အခြေအနေကာလတို့တွင် ထိုမတူကွဲပြားခြင်းနှင့် ပေါင်းစည်းလုပ်ကိုင်ခြင်းမှာ လိုအပ်ချက်တစ်ရပ်ဟု ဒီမိုကရေစီနိုင်ငံများတွင် လက်ခံယုံကြည်ထားကြပါသည်။ ဘုံအကျိုးစီးပွားဖော်ဆောင်ရေးအတွက် ဒီမိုကရေစီနည်းလမ်းအားဖြင့် ပေါင်းစည်းခြင်းပင် ဖြစ်၏။

ထိုမတူညီမှုများအကြား၊ တစ်ဦးနှင့် တစ်ဦးအကြား၊ လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် သည်းခံမှုအလေ့အကျင့်များ ရရှိစေရန် ပထမဦးစွာ တစ်ဖက်နှင့်တစ်ဖက်အကြား အပြန်အလှန်နားလည်ရန် သို့မဟုတ် အခြားသူတစ်ဦး၏ရပ်တည်ချက်နှင့် အမှတ်လက္ခဏာ သရုပ်တို့ကို လေးစားတတ်ရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ လူသားသမိုင်းတစ်လျှောက် ဖြစ်လေ့ဖြစ်ထရှိသော အခြားသူများ၏ ရပ်တည်ချက်နှင့် အသက်ရှင်နေထိုင်မှုများကို မျက်ကွယ်ပြုမှုများကြောင့် သို့မဟုတ် ပြစ်တင်မှုများကြောင့် သံသယနှင့် မယုံကြည်မှုများမှတစ်ဆင့် တင်းမာမှုများ၊ ပဋိပက္ခများမှတစ်ဆင့် ရင်ဆိုင်တိုက်ခိုက်မှုများအထိ ဖြစ်ပွားစေခဲ့သည့် သမိုင်းဖြစ်စဉ်များလည်း ရှိခဲ့ပြီးဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်ရေးဆီသို့**

သမိုင်းတစ်လျှောက် လူတစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ၊ နိုင်ငံအလိုက်ဖြစ်စေ ဆက်ဆံရေးတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရေးသည် သိသာထင်ရှားစွာ ဖြစ်ခဲ့၊ ဖြစ်နေဆဲ၊ ဖြစ်နေဦးမည့် အရေးကိစ္စလည်းဖြစ်ပါသည်။ သို့သော်လည်း ငြိမ်းချမ်းရေးအယူအဆ၊ တင်းမာမှုအရှိတရားနှင့် ပဋိပက္ခများအကြား ကွာဟချက်များသည် လူမှုဝန်းကျင်ကို ရှေးယခင်ကတည်းကပင် အဓိကခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ခဲ့ပါသည်။ ယနေ့အထိလည်း ရှိနေဆဲပင် ဖြစ်သည်။ ယင်းခြိမ်းခြောက်မှုများသည် နိုင်ငံရေးနှင့် စီးပွားရေးအကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများနှင့်သာ သက်ဆိုင်နေသည်မဟုတ်။ တစ်ဖက်နှင့်တစ်ဖက်အကြား ပြိုင်ဆိုင်မှုများအပါအဝင် အာဃာတတရားများ၊ သဟဇာတမဖြစ်မှုများလည်း ပါဝင်နေတတ်ကြပါသည်။

သို့ဖြစ်ရာ တင်းမာမှုများ၊ ပဋိပက္ခများ လျှော့ချနိုင်ရန် မတူကွဲပြားမှုများအကြား ပေါင်းကူးနိုင်ရေးသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးလိုအပ်ချက်ဟု တွေ့ရှိရပါသည်။ လူမှုအသိုက်အဝန်းအတွင်း မတူကွဲပြားမှုများတည်ရှိနေခြင်းအပေါ် ရှုမြင်မှု၊ အသုံးချနိုင်စွမ်းတို့အပေါ်မူတည်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး တွန်းအားတစ်ရပ်အဖြစ်သာမက စဉ်းစားတွေးခေါ်နိုင်စွမ်း၊ စိတ်ခံစားချက်၊ ကိုယ်ကျင့်သီလနှင့် စိတ်ပိုင်းဆိုင်ရာကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်လာရေး အဓိကနည်းလမ်းတစ်ရပ်အဖြစ်လည်း တွေ့ရှိရပါသည်။ မတူကွဲပြားမှုများသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအောင်မြင်ရန် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂက ဆိုထားပါသည်။

**စုပေါင်းလုပ်ကိုင်ခြင်းနည်းလမ်း**

တိုးမြင့်လာသည့် ကသောင်းကနင်းနိုင်ငံရေး၊ စီးပွားရေး၊ ကိုယ်ကျိုးစီးပွားလိုလားချက်များ တည်ရှိနေချိန်တွင် ဘုံအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များတွင် စုစည်းခြင်း၊ ပူးပေါင်းလုပ်ကိုင်ခြင်းများ လိုအပ်လှပါသည်။ သက်ဆိုင်ရာဦးဆောင်သူများအနေဖြင့် မတူကွဲပြားမှုနှင့် စုစည်းလုပ်ဆောင်ရာတွင် ရိုးသားမှုနှင့် ကိုယ်ကျိုးအတ္တနည်းမှုတို့ကဲ့သို့သော ကျင့်ဝတ်မြင့်တင်နိုင်ရန်အတွက် ပုံမှန်တွေ့ဆုံဆွေးနွေးမှုများ လက်တွဲလုပ်ဆောင်ရန်လိုအပ်ပါသည်။ ယင်းသည် ဖြစ်တည်ဆဲပဋိပက္ခများ၊ အနာဂတ်ရည်မှန်းချက်များ ကိုင်တွယ်ဖြေရှင်းရာတွင် လူ့အဖွဲ့အစည်းအတွင်းရှိ မတူကွဲပြားသူများအကြား စုပေါင်းလုပ်ဆောင်နိုင်မှုအရည်အသွေး တိုးမြင့်ရရှိစေပါသည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့်ဖြစ်စေ၊ လူ့အသိုက်အဝန်းတစ်ခုအနေဖြင့်ဖြစ်စေ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ခွဲခြားဆက်ဆံမှု၊ တရားမျှတမှု၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်မှု၊ ငြိမ်းချမ်းရေးနှင့် လူသားအခြေခံလိုအပ်ချက်များအတွက် ကြိုးပမ်းကြရာတွင် စိန်ခေါ်မှုများ ကြုံတွေ့ရလေ့ရှိတတ်ကြပါသည်။ ထိုစိန်ခေါ်မှုများအနက် မတူကွဲပြားမှုများပြားသော လူ့အသိုက်အဝန်းတွင် စိန်ခေါ်မှုပိုမိုများပြားတတ်ကြသည်။ အထူးသဖြင့် မိမိတို့အသိုက်အဝန်းအတွင်းရှိ တည်ရှိဆဲ မတူကွဲပြားမှုများသည်ပင် အားနည်းချက်နှင့် အဓိကစိန်ခေါ်မှု ဖြစ်လေ့ရှိကြပါသည်။ မတူကွဲပြားမှုများကို စည်းလုံးညီညွတ်မှုအဖြစ်သို့ အသွင်ပြောင်းအသုံးပြုနိုင်ရေးသည် ယင်းလူ့အဖွဲ့အစည်းအတွက် ဦးစားပေးလိုအပ်ချက်အဖြစ် သုံးသပ်ကြပါသည်။ မတူကွဲပြားမှုများကို ပေါင်းစည်းမှုအဖြစ် ပြောင်းလဲနိုင်ခြင်းဖြင့် ခွန်အားအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပြီး တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မတူကွဲပြားမှုများနှင့်ပတ်သက်၍ ဟီလာရီကလင်တန်က "ကျွန်မတို့လုပ်ရမယ့်အရာကတော့ ကျွန်မတို့လူ့အဖွဲ့အစည်းကို မပျက်စီးစေဘဲ မတူကွဲပြားမှုတွေကို အသိအမှတ်ပြုနိုင်ဖို့နဲ့ ကွဲပြားခြားနားချက်တွေကို ဆွေးနွေးရေးနည်းလမ်းတစ်ရပ်ရှာဖို့ပဲ ဖြစ်ပါတယ်"ဟု ပြောခဲ့ဖူးပါသည်။

**ဆန္ဒရှိရန်လိုအပ်**

မြန်မာနိုင်ငံကဲ့သို့ လူမျိုးစုများပြား၍ ကာလရှည်ကြာ နက်ရှိုင်းသောပဋိပက္ခများ၊ အယူအဆ ကွဲပြားမှုများရှိနေဆဲ နိုင်ငံတစ်နိုင်ငံအတွက် မတူကွဲပြားမှုနှင့် ပေါင်းစည်းခြင်း၊ စုပေါင်းလုပ်ဆောင်ခြင်းဆိုသည့် ဒီမိုကရေစီနည်းလမ်းတစ်ရပ်သည် ဖြစ်တည်ဆဲစိန်ခေါ်မှုများ ဖြေရှင်းရေးအတွက်သာမက အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက်လည်း ပေးဆပ်မှုအနည်းဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းတစ်ရပ်ဟု ဆိုနိုင်ပါသည်။ နည်းလမ်းလိုအပ်ချက်နှင့်အတူ အခြားလိုအပ်ချက်တစ်ခုမှာ အယူအဆနှင့်နည်းလမ်း မည်မျှကောင်းမွန်အသုံးတည့်စေကာမူ မတူကွဲပြားသူများအကြား လက်ခံနိုင်စွမ်းနှင့် ကျင့်သုံးလိုစိတ်မှာ အခြေခံလိုအပ်ချက်အဖြစ်လည်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ နိုင်ငံ၏ အခြေအနေတောင်းဆိုချက်နဲ့အညီ မတူကွဲပြားမှုများကို တွန်းအားတစ်ရပ်အဖြစ် ပြောင်းလဲအသုံးချနိုင်မည်ဆိုပါက မိမိတို့နိုင်ငံရင်ဆိုင်နေရဆဲ စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်မိပါသည်။ ။

> **မြန်မာနိုင်ငံကဲ့သို့ လူမျိုးစု များပြား၍ ကာလရှည်ကြာ နက်ရှိုင်းသော ပဋိပက္ခများ၊ အယူအဆ ကွဲပြားမှုများရှိနေဆဲ နိုင်ငံတစ်နိုင်ငံအတွက် မတူကွဲပြားမှုနှင့် ပေါင်းစည်းခြင်း၊ စုပေါင်းလုပ်ဆောင်ခြင်းဆိုသည့် ဒီမိုကရေစီနည်းလမ်းတစ်ရပ်သည် ဖြစ်တည်ဆဲစိန်ခေါ်မှုများ ဖြေရှင်းရေး အတွက်သာမက အနာဂတ်နိုင်ငံ တည်ဆောက်ရေးအတွက်လည်း ပေးဆပ်မှုအနည်းဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းတစ်ရပ်ဟု ဆိုနိုင်။**

---

★ စာမျက်နှာ ၉ မှ

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | Antinarcotics@presidentoffice.gov.mm |

## ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာများ၌ သောက်သုံးရေ စမ်းသပ်စစ်ဆေး

**ကျိုက်ထို အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၃ စုရှိ ကျေးရွာပေါင်း ၇၆ ရွာ၌ ပြည်သူများသောက်သုံးလျက်ရှိသည့် အများသုံးနေရာမှ ရေနမူနာများကိုရယူကာ စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုသို့စမ်းသပ်ရာတွင် ရေထဲ၌ပါဝင်သော လူနှင့်တိရစ္ဆာန် အညစ်အကြေးခတ်ကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော အီကိုလီဘက်တီးရီးယားပိုးများ ပါဝင်မှု ရှိ/မရှိ သိရှိနိုင်ရန် အီကိုလီစမ်းသပ်ကိရိယာများဖြင့် ကျိုက်ထိုမြို့နယ် ကျေးလက်ရုံး၌ အောက်တိုဘာလပထမပတ်မှစတင်ပြီး စမ်းသပ်စစ်ဆေးလျက်ရှိရာ ဒီဇင်ဘာလအတွင်း အပြီးစမ်းသပ် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်ရေ၊ သုံးရေဖူလုံစွာရရှိရေး တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ ရေကန်နှင့် စိမ့်စမ်းများ တူးဖော်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**

# ဆက်ဆံရေးတိုးမြှင့်ရန် ယူအေအီးအိမ်ရှေ့မင်းသားနှင့် အစ္စရေးဝန်ကြီးချုပ်တို့ ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေး

**အဘူဒါဘီ အောက်တိုဘာ ၁၂**
အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ၏ အိမ်ရှေ့မင်းသား ရှိတ်ခ်မိုဟာမက်ဘင်ဇေယက်အယ်လ် နာဟီယန်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု တို့သည် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ အလေးထားဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

**ပြန်လည်သုံးသပ်ခဲ့**

နှစ်နိုင်ငံခေါင်းဆောင်တို့ ဆက်သွယ်ဆွေးနွေးစဉ် နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မကြာ သေးမီက လက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ် အပေါ် ပြန်လည်သုံးသပ်ခဲ့ကြကြောင်း ယူအေအီးပိုင် ဝမ်သတင်းအေဂျင်စီက ယနေ့ဖော်ပြထားသည်။

နှစ်နိုင်ငံအကြား ဆက်ဆံရေးပုံမှန်ပြန်ဖြစ်စေရေး သည် ဒေသဆိုင်ရာငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေး တိုးမြှင့်ရေးအတွက် အဓိကခြေလှမ်းတစ်ခုဖြစ်သလို ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ခြေလှမ်းသစ်တစ်ခု အတွက်လည်း လမ်းကြောင်းခင်းပေးမည်ဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်တို့က ထပ်လောင်းအတည်ပြုခဲ့ သည်။

**ညှိနှိုင်းဆွေးနွေး**

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်းလူငယ်များအား လုပ်ပိုင်ခွင့်အာဏာ ပေးရေးဆိုင်ရာ နည်းလမ်းများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေး အတွက် ညှိနှိုင်းဆွေးနွေးမှုအရေးကြီးပုံအပါအဝင် ကိစ္စ အများအပြားကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ





တရုတ်နိုင်ငံခြားရေး
ဝန်ကြီး ဝမ်ယိ

# ကန်ဒေါ်လာ ၁၀ ဘီလီယံ ဝယ်လိုအား တိုးတက်လာရေးအတွက် စီးပွားရေးလှုံ့ဆော်မှုစီမံချက် အိန္ဒိယအစိုးရ ကြေညာ

**နယူးဒေလီ အောက်တိုဘာ ၁၂**
အိန္ဒိယအစိုးရသည် ပွဲတော်ကာလအတွင်း ဝယ်လိုအားတိုးတက်လာရေးအတွက် ဗဟိုအစိုးရက ကြိုတင်ငွေထုတ်ပေးခြင်းအပါအဝင် စီးပွားရေးလှုံ့ဆော်မှုစီမံချက်များကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယနေ့တွင် ကြေညာခဲ့သည်။ ပွဲတော်ကာလသည် အောက်တိုဘာလမှ မတ်လ အထိ ဖြစ်သည်။

အိန္ဒိယသည် ကိုဗစ်-၁၉ ရောဂါ ရိုက်ခတ်မှုဒဏ်ကို အဆိုးဆုံးကြုံတွေ့ရသည့် နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး စီးပွားရေး ကျဆင်းလာသည့်အတွက် လှုံ့ဆော်ရေးအစီအမံများဖြင့် နိုင်ငံ့ စီးပွားရေးကို ပြန်လည်ဆွဲတင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးက ဝယ်လို အား တိုးတက်လာရေးအတွက် ကုန်ပစ္စည်းများဝယ်ယူရာတွင် အခွန်ကင်းလွတ်ခွင့်အပြင် ခရီးသွားလာရေးတို့တွင်လည်း အခွန်ကင်းလွတ်ခွင့်များ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောသည်။ အစိုးရက ပြီးခဲ့သည့်လကပင် ချေးငွေကိစ္စရပ်များကို ပြန်လည်သုံးသပ်သွားမည်ဖြစ် ကြောင်း ကြေညာခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွင်း ချေးငွေရူပီး ၁၂ ထရီလီယံအထိ ထုတ်ချေး သွားရေးကို ဆောင်ရွက်ပေးရန် စီစဉ်နေသည်။ ဘဏ္ဍာနှစ်မှာ မတ်လတွင် ကုန်ဆုံးမည်ဖြစ်သည်။

ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - မေလွဲ့သင်း

# လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ကို တရုတ်နှင့်ကမ္ဘောဒီးယားတို့ လက်မှတ်ရေးထိုးမည်

**ဖနောင်ပင် အောက်တိုဘာ ၁၂**
တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ကမ္ဘောဒီးယားနိုင်ငံသို့ နှစ်ရက်ကြာ တရားဝင်ခရီးစဉ် အဖြစ် ရောက်ရှိနေပြီး ၎င်း၏ခရီးစဉ်အတွင်း တရုတ်နှင့် ကမ္ဘောဒီးယားအနေဖြင့် အခြားသော အရေးပါသည့် နှစ်နိုင်ငံသဘောတူစာချုပ်များအနက်မှ တရုတ် - ကမ္ဘောဒီးယား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်သည် လုံခြုံရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေးအတွက် လမ်းကြောင်းကို လမ်းဖွင့်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါအလွန် ကာလတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေမည်ဖြစ်ခြင်းကြောင့် လေ့လာသူများက ယင်းလွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ကို ကြိုဆိုလျက်ရှိသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ဒေသတွင်းနှင့် နိုင်ငံတကာဘုံအကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုကိစ္စရပ်များအပါအဝင် နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ပောဲနမ်ဟွန်တို့နှင့် တွေ့ဆုံဆွေးနွေးရန်ရှိကြောင်းလည်း ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုးကား - ဂလိုဘယ်တိုင်းမ်
ဘာသာပြန် - အလင်းသစ်

# အီရန်နျူကလီးယားစွမ်းအင်အဖွဲ့ အကြီးအကဲ ကိုဗစ်-၁၉ ကူးစက်ခံရ


**တီဟီရန် အောက်တိုဘာ ၁၂**
အီရန်နိုင်ငံ နျူကလီးယားအဖွဲ့ (အေအီး အိုအိုင်) ၏ အကြီးအကဲ အလီအက္ကဘာဆာ လီဟီ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရကြောင်း ယင်းအဖွဲ့၏ ပြည်သူ့ဆက်ဆံရေးဌာနက အောက်တိုဘာ ၁၁ ရက်တွင် အတည်ပြု ပြောကြားသည်။

အီရန်နျူကလီးယားစွမ်းအင်အဖွဲ့ အကြီး အကဲအား လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ဗိုင်းရပ်စ်ကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေးခဲ့ရာတွင် ရောဂါပိုးကူးစက်ခံရကြောင်း တွေ့ရှိခဲ့သဖြင့် ၎င်းအား နေအိမ်တွင်ပင် ကုသမှုများ ပြုလုပ် ပေးခဲ့ကြောင်း အေအီးအိုအိုင်၏ ထုတ်ပြန်ချက် တွင် ဖော်ပြသည်။

ဆာလီဟီ၏ အထွေထွေကျန်းမာရေး အခြေအနေများ ကောင်းမွန်နေပြီး အီရန် နျူကလီးယားစွမ်းအင်အဖွဲ့၏ ကိစ္စရပ်များအား ၎င်းက အမြဲပင်စောင့်ကြည့်နေသည်ဟု အေအီးအိုအိုင်က ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် အီရတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက် ဖြစ်ပွားမှု ပထမဆုံးအကြိမ် တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း လတ်တလောတွင် ရောဂါပိုး ကူးစက်ခံရသူဦးရေ ၄၉၆၂၅၃ ဦးရှိခဲ့ပြီး ယင်းဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၈၂၉၃ ဦးရှိပြီဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဇော်ဝင်း






# အိန္ဒိယနိုင်ငံ ဟီမာချာလ်ပြည်နယ်ဝန်ကြီးချုပ် ကိုဗစ်-၁၉ ကူးစက်ခံရ

**ရှိမ်လာ(ဟီမာချာလ်ပရာဒေ့ရှ်) အောက်တိုဘာ ၁၂**
အိန္ဒိယနိုင်ငံ ဟီမာချာလ်ပရာဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ် ဂျိုင်းရမ် သာကူရ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း သိရသည်။

၎င်းက မိမိသည် ပြီးခဲ့သည့် သီတင်းပတ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာနှင့် ထိတွေ့ခဲ့ပြီးနောက် ရောဂါကူးစက်ခံရခြင်း ဖြစ်၍ ဆရာဝန်များ၏ အကြံပြုချက်အရ နေအိမ်၌ သီးခြားခွဲ၍ နေရကြောင်း တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထား သည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စတင်ဖြစ်ပွားခဲ့ချိန်မှ စ၍ ဟီမာချာလ်ပြည်နယ်ဝန်ကြီးချုပ် ဂျိုင်းရမ်သာကူရ်အပါအဝင် ကာနာတာကာပြည်နယ်ဝန်ကြီးချုပ် ဘီအက်စ်ယယ်ဒီယူရပ္ပါ၊ ဟာရီ ယာနာပြည်နယ် ဝန်ကြီးချုပ် အယ်လ်ခတ္တာနှင့် အာရူနာချာလ်ပရာဒေ့ရှ် ပြည်နယ်ဝန်ကြီးချုပ်ပရီမာခန်ဒူတို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရ ကြောင်း သိရသည်။

ထို့အပြင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဆူရက်ရှ်ဘာဒွဂ်ျ၊ စွမ်းအင်ဝန်ကြီး ဆူခရမ်ချောင်ဒါရီ၊ သောက်သုံးရေနှင့် မိလ္လာစနစ်ဆိုင်ရာ ဝန်ကြီး မာဟာဒါဆင်းသာကူရ်နှင့် ဥပဒေပြုလွှတ်တော်အဖွဲ့ဝင် အများအပြားသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသည်။

သို့သော် စွမ်းအင်ဝန်ကြီး ဆူခရမ်ချောင်ဒါရီ၊ သောက်သုံးရေနှင့် မိလ္လာစနစ်ဆိုင်ရာဝန်ကြီး မာဟာဒါဆင်း သာကူရ်တို့သည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်နေပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၇၃၂ ဦး တွေ့ရှိခဲ့ခြင်းနှင့်အတူ လက်ရှိ အချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၁၂၀၅၃၈ ဦးရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၈၁၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၉၁၅၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာသည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။

ကိုးကား - ပီတီအိုင်၊ ဘာသာပြန် - ဂျေတီ

# ကိုဗစ်အလွန်ကာလ တစ်ကမ္ဘာလုံးရှိ ကလေးများပညာရေးအတွက် ကန်ဒေါ်လာ ၅ ဘီလီယံအထိ ထောက်ပံ့ပေးရန် ဗြိတိန်ဝန်ကြီးချုပ်နှင့် ကင်ညာသမ္မတတို့ သဘောတူ


ကင်ညာသမ္မတ ကန်ယာတာ(ဝဲ)နှင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်(ယာ)

**လန်ဒန် အောက်တိုဘာ ၁၂**
ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ကင်ညာသမ္မတ ကန်ယာတာတို့နှစ်ဦးက ကိုဗစ်-၁၉ အလွန်ကာလတွင် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်များ၏ ပညာရေးအတွက် အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ တိုးမြှင့်ထောက်ပံ့ရေး အစီအစဉ်တစ်ရပ်ကို ယမန်နေ့က သဘောတူခဲ့ကြကြောင်း သိရသည်။

ကပ်ရောဂါကာလအတွင်း မဖွံ့ဖြိုးသေးသည့်နိုင်ငံများမှ ကလေးငယ်တို့မှာ ကျောင်းမတက်ရဘဲ အိမ်မှာသာ နေနေကြရသည်။ ယူနက်စကို၏ အစီရင်ခံစာတွင် ကလေးငယ် သန်းပေါင်း ၁၃၀၀ တို့မှာ ကျောင်းစာသင်ခန်းများနှင့် ဝေးကွာနေရပြီး ကလေးငယ်များ၏ ပညာရေး ကောင်းမွန်အောင် တည်ဆောက်ပေးရေးက စီးပွားရေး မြင့်တက်အောင် ကြိုးစားရေးထက် ပိုမိုဂရုစိုက်ရမည့် ကိစ္စရပ်ဖြစ်ကြောင်း သတိပေးထားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့က လာမည့် ၂၀၂၁ ခုနှစ် နှစ်လယ်တွင် ကျင်းပမည့် ပညာရေးထိပ်သီးအစည်းအဝေး၌ ကလေးများ ပညာရေးမြှင့်တင်ပေးနိုင်ရေး အသေးစိတ် အစီအစဉ်ကို ချပြမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။ ဘောရစ်ဂျွန်ဆင်နှင့် ကန်ယာတာတို့က အစည်းအဝေးသို့ တက်ရောက်လာသော အခြားနိုင်ငံတကာခေါင်းဆောင်များကိုလည်း ကလေးများ၏ပညာရေးအတွက် ထောက်ပံ့ပေးရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပညာရေးမိတ်ဖက် အစီအစဉ် တစ်ရပ် ထူထောင်ရေးကိုလည်း တိုက်တွန်းသွားမည် ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါမဖြစ်မီ ကမ္ဘာတစ်ဝန်း ကျောင်းမတက်ရသည့် ကလေးငယ်အရေအတွက်မှာ သန်း ၅၀၀ သာရှိနေရာမှ ကိုဗစ်-၁၉ ကာလအတွင်း သန်း ၁၃၀၀ ကျော်အထိဖြစ်လာခြင်းဖြစ်သည်။

ရောဂါပြန့်ပွားမှု ဆိုးရွားသည့် အခြေအနေကြောင့် မဖွံ့ဖြိုးသေးသည့်နိုင်ငံများမှ ကလေးငယ်များမှာ အွန်လိုင်းမှ ပညာသင်ကြားနိုင်ခြင်းမရှိဘဲ ကျောင်းများကို လုံးဝပိတ်ထားရသည်။ ကျောင်းများပိတ်ထားသည့် ကာလအတွင်း မိန်းကလေးငယ်များမှာ အရွယ်မတိုင်မီ အတင်းအဓမ္မ လက်ထပ်ခိုင်းခြင်း၊ ကိုယ်ဝန်ဆောင်ရခြင်း စသည့် ပြဿနာရပ်များနှင့်ကြုံတွေ့နေရပြီး စစ်ဖြစ်ပွားနေသည့် ဒေသများတွင် နေထိုင်ကြသည့် ယောကျ်ားလေးများမှာလည်း လက်နက်ကိုင်တပ်များသို့ အတင်းအဓမ္မဝင်ရောက်စေခြင်း စသည့် ဖြစ်ရပ်များ ကြုံတွေ့နေရသည်။

ယခု အစီအစဉ်သာ ဖြစ်ပေါ်လာပါက မဖွံ့ဖြိုးသေးသည့်နိုင်ငံများမှ ကလေးငယ်များ ကောင်းမွန်သည့် ပညာရေးဆိုင်ရာ အထောက်အပံ့များ ရရှိလာဖွယ်ရှိသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - မေလဲ့သင်း**

# မြောက်ကိုရီးယား၏ ဒုံးကျည်သစ်အရေး တောင်ကိုရီးယား ဆွေးနွေး

**ဆိုးလ် အောက်တိုဘာ ၁၂**
မြောက်ကိုရီးယားနိုင်ငံက စစ်ရေးပြအခမ်းအနား တစ်ခုတွင် တိုက်ချင်းပစ်ဒုံးကျည် အမျိုးအစား သစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံအား မည်သို့တုံ့ပြန်ရမည် ဆိုသည်နှင့်စပ်လျဉ်း၍ တောင်ကိုရီးယားနိုင်ငံက ဆွေးနွေးခဲ့ကြောင်း သိရသည်။



အဆိုပါကိစ္စအား ဆွေးနွေးရန်အတွက် တောင်ကိုရီးယားသမ္မတရုံးက အောက်တိုဘာ ၁၁ ရက်တွင် အမျိုးသားလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေး ခေါ်ယူခဲ့ကြောင်း သိရသည်။ တောင်ကိုရီးယားစစ်ဘက်က မြောက်ကိုရီးယားနိုင်ငံ၏ အဆိုပါလက်နက်သစ် တစ်မျိုးနှင့်စပ်လျဉ်း၍ စိုးရိမ်မိကြောင်း ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါတိုက်ချင်းပစ်ဒုံးကျည်ကို အောက်တိုဘာ ၁၀ ရက်တွင်ပြုလုပ်သည့်မြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိအာဏာရ အလုပ်သမားပါတီ တည်ထောင်ခြင်း (၇၅) နှစ်ပြည့် နှစ်ပတ်လည် စစ်ရေးပြအခမ်းအနား၌ ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မြောက်ကိုရီးယားနိုင်ငံ၏ မည်သို့သောခြိမ်းခြောက်မှုမျိုးကိုမဆို တုံ့ပြန်ရန် အသင့်ရှိသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကမူ ကိုဗစ်-၁၉ ရောဂါ အကျပ်အတည်းကို ကျော်လွှားနိုင်ရန် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါစစ်ရေးပြအခမ်းအနား မတိုင်မီက ပြောကြားခဲ့သည်။

အခွင့်သာပါက ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနယ်ပယ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို ပြန်လည်စတင်ရန် မျှော်လင့်ထားကြောင်းလည်း တောင်ကိုရီးယားနိုင်ငံ ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# အမေရိကန်နှင့် ဂျာမနီဆေးဝါးကုမ္ပဏီများထံမှ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၅ သန်း နယူးဇီလန်နိုင်ငံ ဝယ်ယူ

**ဝယ်လင်တန် အောက်တိုဘာ ၁၂**
နယူးဇီလန်အစိုးရက အမေရိကန်နိုင်ငံမှ Pfizer Inc နှင့် ဂျာမနီနိုင်ငံမှ BioNTech ကုမ္ပဏီထံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၅ သန်း ဝယ်ယူရန် ယနေ့ သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီး ဗိုင်းရပ်စ်ကာကွယ်ဆေးများကို ၂၀၂၁ ခုနှစ် ပထမ သုံးလအတွင်း ပေးပို့သွားမည်ဖြစ်သည်။

သဘောတူညီချက်၏ ငွေကြေးပမာဏကို နယူးဇီလန်အစိုးရက ထုတ်ဖော်မပြောသော်လည်း ပထမအသုတ် ဗိုင်းရပ်စ်ကာကွယ်ဆေးဝယ်ယူမှုက ပြည်သူ ၇၅၀၀၀၀ ကို ကာကွယ်ဆေးထိုးပေးရန် လုံလောက်မည်ဟု ဆိုသည်။ နိုင်ငံ့လူဦးရေ ပြည်သူငါးသန်းအတွက် ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဝယ်ယူရန် အခြားဆေးဝါးကုမ္ပဏီများနှင့် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ပြီး ကြေညာချက်များ နောက်လအတွင်း ပြုလုပ်မည်ဟု မျှော်မှန်းရသည်။ "နောက်ထပ် သဘောတူညီချက်တွေ ဆောင်ရွက်ပြီးရင် ပြည်သူအားလုံးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံအလောက် ရရှိမှာဖြစ်ပါတယ်" ဟု သုတေသနဝန်ကြီး မီဂန်ဝုဒ်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။

Pfizer နှင့် BioNTech ကာကွယ်ဆေးမှာ အမေရိကန်နိုင်ငံနှင့် ဥရောပတိုက်တွင် ပထမဆုံး တရားဝင် အတည်ပြုချက်ရရှိနိုင်သည့် အလားအလာအကောင်းဆုံး ဗိုင်းရပ်စ်ကာကွယ်ဆေးများအနက် တစ်မျိုးဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သွားလာမှု ကန့်သတ်ချက်ပြုလုပ်ပြီးနောက် နယူးဇီလန်နိုင်ငံက ယခုနှစ်အစောပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှုကို ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော်လည်း ဩဂုတ်လအတွင်း အော့ကလန်မြို့တော်၌ ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှု ပြန်လည်ဖြစ်ပွားရာ သွားလာမှုကန့်သတ်ချက် အစီအမံများဖြင့် ထိန်းချုပ်မှု ပြန်လည်ပြုလုပ်ခဲ့သည်။

နယူးဇီလန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၅ ဦးအပါအဝင် ကူးစက်လူနာ ၁၅၀၀ ကျော် ရှိခဲ့သော်လည်း အခြားဖွံ့ဖြိုးပြီးနိုင်ငံများနှင့်ယှဉ်လျှင် ကူးစက်မှုနှင့် သေဆုံးမှု နည်းပါးသည်ဟု ဆိုနိုင်သည်။

**ကိုးကား - သည်တယ်လီဂရပ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# တူရကီသုတေသနသင်္ဘော ဂရိနှင့်အငြင်းပွားနေသည့် မြေထဲပင်လယ်ရေပိုင်နက်သို့ ဝင်ရောက်

**အေသင် အောက်တိုဘာ ၁၂**
တူရကီ၏ Oruc Reis အမည်ရ သုတေသန သင်္ဘောသည် ငလျင်ဆိုင်ရာ စစ်တမ်းအတွက် ဆောင်ရွက်မည်ဟူသော အကြောင်းပြချက်ဖြင့် ဂရိနှင့် အငြင်းပွားနေသည့် မြေထဲပင်လယ် အရှေ့ဘက်ရေပိုင်နက်ထဲသို့ ဝင်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၂ ရက်မှ နောက်ထပ် ၁၀ ရက် ကြာအထိ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။




တူရကီရေတပ်က Oruc Reis သင်္ဘောမှာ ငလျင်သုတေသနအတွက် အောက်တိုဘာ ၂၂ ရက်အထိ ဂရိပိုင်ကျွန်း ကတ်စတီလော်ရီဇို အပါအဝင် ရေပိုင်နက်အငြင်းပွားရာနေရာများ တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ရေကြောင်း အချက်ပြစနစ် နက်တက်စ်သို့ ယနေ့တွင် စာတို ပေးပို့အကြောင်းကြားခဲ့သည်။ ဂရိနှင့် တူရကီ နိုင်ငံတို့သည် ဩဂုတ်လအတွင်း မြေထဲပင်လယ် အရှေ့ဘက်တွင် သဘာဝဓာတ်ငွေ့ထုတ်ယူရေး ကိစ္စရပ်များဖြင့် အငြင်းပွားခဲ့ကြပြီးနောက် ဆိုက်ပရပ်စ်နှင့် ဂရိကြားရှိ ဂရိပိုင် ခရီတီကျွန်း ရေပြင်နှင့် ဝေဟင်ပေါ်တွင် စစ်ရေးလေ့ကျင့်မှုများကို နှစ်နိုင်ငံတပ်မတော်များက ဆောင်ရွက်ခဲ့ကြသည်။

ဂရိက ကတ်စတီလော်ရီဇိုကျွန်းကို ၎င်းတို့ ပိုင်ဆိုင်ကြောင်းဆိုခဲ့ရာ တူရကီဘက်က ဂရိ၏ ပြောကြားချက်ကို ပယ်ချကာ ရှည်လျားသည့် ကမ်းရိုးတန်းရှိသည့် မိမိတို့နိုင်ငံကသာ ပိုင်ဆိုင်ကြောင်း တုံ့ပြန်ခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာခဲ့သည်။

တူရကီအစိုးရက ဩဂုတ် ၁၀ ရက်တွင် အငြင်းပွားနေသည့် ရေပိုင်နက်တွင် Oruc Reis သုတေသနသင်္ဘောနှင့် စစ်သင်္ဘောများကို စေလွှတ်ထားရာ ဂရိနှင့် အီးယူတို့က တူရကီ၏ လုပ်ရပ်များကို ရပ်တန့်ရန် တောင်းဆိုခဲ့သော်လည်း တူရကီအစိုးရဘက်က လျစ်လျူရှုခဲ့သည်။ ယခု အကြိမ်တွင်လည်း Oruc Reis နှင့်အတူ အခြား သင်္ဘောနှစ်စင်းကိုလည်း စေလွှတ်ထားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - မေလဲ့သင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၇၈၀၇၁၃၆ | ဦး |
| သေဆုံးသူ | ၁၀၈၂၂၄၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၈၃၈၄၅၂၉ | ဦး |

# သမ္မတထရမ့်ရေးသားမှုများကို အဆိပ်အတောက်ဖြစ်စေသည့် သတင်းမှားအဖြစ် တွစ်တာမှ သတိပေးစာဖြင့် ဖော်ပြ

**ဝါရှင်တန် အောက်တိုဘာ ၁၂**

သမ္မတထရမ့်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ရေးသားသည့်ပို့စ်များကို တွစ်တာစာမျက်နှာပေါ်တွင် ရက်ခြားဆိုသလို တင်နေခဲ့ရာ အောက်တိုဘာ ၁၁ ရက်တွင် သမ္မတ တင်ခဲ့သည့်ပို့စ်မှာ လူထုကို အဆိပ်အတောက်ဖြစ်စေနိုင်သည့် သတင်းအချက်အလက်အမှားတစ်ခုဖြစ်ကြောင်း တွစ်တာက အချက်ပြစာတမ်းပြသခဲ့သည်။

ထရမ့်က “အိမ်ဖြူတော်သမားတော်က ဘာလက္ခဏာရပ်မှ မရှိတော့ဘူးလို့ ပြောပါတယ်။ ဒီလိုဆိုတော့ ကျွန်တော့်အနေနဲ့ ခုခံစွမ်းအား ရလည်း မရဘူး၊ ပေးလည်း မပေးရဘူးဆိုတဲ့ အဓိပ္ပာယ်ပါ။ ဒါကို သိရတာ ကောင်းပါတယ်” ဟု ရေးသားကာ အမေရိကန်ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၉ မိနစ်တွင် အဆိုပါပို့စ်ကို တင်ခဲ့ခြင်းဖြစ်သည်။ ယင်းကို တွစ်တာမှ မှားယွင်းသည့် သတင်းအချက်အလက်များကို သတိပေးသည့် အချက်ပြစာတမ်းဖြင့် “ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် အန္တရာယ်ဖြစ်စေနိုင်သည့် သတင်းအချက်အလက်ဖြစ်ခြင်းကြောင့် တွစ်တာစည်းမျဉ်းများနှင့် မကိုက်ညီကြောင်း” ဖော်ပြခဲ့သည်။ ထို့ပြင် တွစ်တာက “ ယခုလို ဆောင်ရွက်ခြင်းမှာ တွစ်တာပို့စ် ( တွိများ)သည် အများပြည်သူ အကျိုးစီးပွားအတွက် ဆက်လက်ရရှိစေရေးအတွက် ဖြစ်ကြောင်း” ဖော်ပြခဲ့သည်။ တွစ်တာပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက “ဒါက ကျန်းမာရေးနဲ့ပတ်သက်လို့ မှားယွင်းစွာယူဆမှု ဖြစ်စေလို့ပါ”ဟု မီဒီယာများသို့ ပြောကြားခဲ့သည်။



### လူထုကြားသွားလာမှုအန္တရာယ်များ

ထရမ့်က သူ့အနေဖြင့် အပြည့်အဝ ပြန်လည်ကျန်းမာလာပြီဖြစ်သောကြောင့် မိမိထံမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောဂါကူးစက်မှု ရှိတော့မည်မဟုတ်ခြင်းကြောင့် မဲဆွယ်ပွဲများကို ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ သို့ရာတွင် ကူးစက်မှုအမြင့်ဆုံးဖြစ်နေသည့် အမေရိကန်ပြည်ထောင်စုတွင် လူထုကြား ပြန်လည်သွားလာမှုက အသက် (၇၄) နှစ်အရွယ်ရှိပြီဖြစ်သည့် သမ္မတအတွက် အန္တရာယ်များကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။ သိပ္ပံနည်းကျ ရှာဖွေတွေ့ရှိချက်များတွင်လည်း ကိုဗစ်-၁၉ ရောဂါ တစ်ကြိမ် ဖြစ်ပွားထားသူမှာ နောက်တစ်ကြိမ် ရောဂါဖြစ်ပွားနိုင်မှုကို ကာကွယ်နိုင်သည့် အလိုအလျောက် ကိုယ်ခံအား ရှိ၊ မရှိ ဆိုသည်ကို ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်း မရှိသေးပေ။

သမ္မတ ထရမ့်မှာ တွစ်တာကို သူ၏ အဓိကဆက်သွယ်ရေးလက်နက်အဖြစ်အသုံးချပြီး ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း တွစ်တာပို့စ်များကို ပုံမှန်တင်ကာ အများသူငါ အာရုံစိုက်မှုကို ရရှိခဲ့သူဖြစ်သည်။ သို့ရာတွင် ၂၀၁၆ ခုနှစ် သမ္မတလောင်းအဖြစ် စတင်ရွေးချယ်ခံရသည့် အချိန်ကတည်းက ယခုထိ တွစ်တာစာမျက်နှာပေါ်တွင် အငြင်းပွားဖွယ်ပို့စ် ၄၅ ခုကို တင်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ အထူးသဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုဗစ်-၁၉ ရောဂါ တရုတ်နိုင်ငံတွင် စတင်ဖြစ်ပေါ်ခဲ့ချိန်မှစပြီး ကိုရိုနာဗိုင်းရပ်စ်ကို “တရုတ်ဗိုင်းရပ်စ်” ဟု ရေးသားခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါကို ကြောက်စရာမလိုကြောင်း အစရှိသဖြင့် ဆက်တိုက်ရေးသားနေခဲ့ခြင်းဖြစ်သည်။

**ကိုးကား – စကိုင်းနယူးစ်**
**ဘာသာပြန် – မေလှဲ့သင်း**

# ဂျပန်ခရီးသွားအေဂျင်စီများ အွန်လိုင်းခရီးသွားဝန်ဆောင်မှု လုပ်ငန်းများကို အဆင့်မြှင့်တင်

**တိုကျို အောက်တိုဘာ ၁၂**

ဂျပန်နိုင်ငံရှိ ခရီးသွားအေဂျင်စီများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရေး ကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသအဖြစ် အွန်လိုင်းခရီးသွားဝန်ဆောင်မှု လုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁ ရက်တွင် တိုကျိုမှ အသွားအပြန်ခရီးစဉ်များ အပါအဝင် ပြည်တွင်းခရီးသွားကဏ္ဍစတင်ရေး ဂျပန်အစိုးရက မက်လုံးပေးစည်းရုံးမှုများ ပြုလုပ်ခဲ့ပြီးနောက် ခရီးသွားအေဂျင်စီများက အွန်လိုင်းခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းကို စတင်ခဲ့ခြင်းဖြစ်သည်။

HIS နိုင်ငံတကာခရီးသွားအေဂျင်စီကလည်း ဉာဏ်ရည်တုကို အသုံးပြုကာ ယခုလအတွင်း အွန်လိုင်းခရီးသွားဝန်ဆောင်မှု အသစ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့ပြီး JTB နှင့် Nippon ခရီးသွားအေဂျင်စီများနှင့် အခြားသော ခရီးသွားအေဂျင်စီများကလည်း ၎င်းတို့၏ အွန်လိုင်းမှတစ်ဆင့် ခရီးသွားရှာဖွေခြင်းများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံက နိုဝင်ဘာလမှစ၍ ဗိုင်းရပ်စ်ကာကွယ်ဆေးများ စီမံခန့်ခွဲမှုစတင်ရန် ရည်မှန်း

**ဂျကာတာ အောက်တိုဘာ ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို လူသားများဖြင့် စမ်းသပ်သည့် ပထမဆုံးသော တရုတ်ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် CanSino Biologics က နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ တစ်သိန်း ထောက်ပံ့မည်ဟု ပင်လယ်ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ယနေ့ ပြောကြားလိုက်သည်။

အခြားတရုတ်နိုင်ငံအခြေစိုက် ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် Sinovac Biotech ကလည်း ဒီဇင်ဘာလထက် နောက်မကျဘဲ အင်ဒိုနီးရှားနိုင်ငံသို့ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သုံးသန်း ထောက်ပံ့မည်ဖြစ်သည်။ Sinovac Biotech ကုမ္ပဏီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်ရန် အင်ဒိုနီးရှားနိုင်ငံပိုင် ဆေးဝါးလုပ်ငန်း Bio Farma နှင့် ဧပြီလကတည်းက လက်တွဲဆောင်ရွက်လျက်ရှိသည်။ နောက်ထပ် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ငါးသန်းကို တရုတ်နိုင်ငံပိုင် ဆေးဝါးကုမ္ပဏီ Sinopharm နှင့် ယူအေအီးနည်းပညာကုမ္ပဏီ G42 တို့ကြား မိတ်ဖက်ဆောင်ရွက်ထားသည့် လုပ်ငန်းတစ်ခုထံမှ နိုဝင်ဘာလတွင် စတင်ရရှိမည်ဖြစ်သည်။

ကျန်းမာရေးလုပ်သားများ၊ ဆေးဘက်အကူများ၊ ပြည်သူ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အဆင့်အသီးသီးရှိ သင်ကြားရေးဝန်ထမ်းများကို ဗိုင်းရပ်စ်ကာကွယ်ဆေး ပထမဆုံးထိုးပေးမည်ဟု ကျန်းမာရေးဝန်ကြီး ဒေါက်တာ တီရာဝန် အေဂတ်ပထူရန်တိုက ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စီမံခန့်ခွဲရန် ကျန်းမာရေးဝန်ထမ်းများကို စက်တင်ဘာလကုန်မှစ၍ ပြည်သူ့ပိုင်ဆေးခန်းများ၌ လေ့ကျင့်ပေးမှု စတင်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နောက်ပိုင်းတွင် ရောင်းချသွားမည်ဖြစ်သော်လည်း ဝင်ငွေနည်း မိသားစုများအတွက် အခမဲ့ ထိုးပေးမည်ဟု ဒေါက်တာ တီရာဝန်က ပြောသည်။

**ကိုးကား – သည်စထရိတ်တိုင်းမ်**
**ဘာသာပြန် – ကျော်ထိုက်စိုး**



အောက်တိုဘာ ၁၁ ရက်က နာဂေါ်နို-ကာရာဘတ်ခ်ဒေသရှိ အပျက်အစီးများကို တွေ့ရစဉ်။

# အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို လေးစားလိုက်နာရန် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားတို့ကို ရုရှားသတိပေး

**မော်စကို အောက်တိုဘာ ၁၂**

ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရောဗ့်က အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့အနေဖြင့် မော်စကိုတွင် သဘောတူညီခဲ့သည့် အပစ်အခတ်ရပ်စဲရေးကို လေးစားလိုက်နာပြီး ပြန်လည်ဖြစ်ပွားနေသော ပစ်ခတ်တိုက်ခိုက်မှုများကို ချက်ချင်းအဆုံးသတ်ရန် သတိပေးလိုက်သည်။

အပစ်အခတ်ရပ်စဲရေးမှာ အောက်တိုဘာ ၁၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် စတင်အာဏာသက်ရောက်ရမည်ဖြစ်သော်လည်း အောက်တိုဘာ ၁၁ ရက်အထိ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ အောက်တိုဘာ ၁၀ ရက်တွင် လက်ရောဗ့်က အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့သလို တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်ပါ အာမေးနီးယား-အဇာဘိုင်ဂျန်အရေး ဆက်လက်ဆွေးနွေးခဲ့သည်။ တူရကီမှာ အဇာဘိုင်ဂျန်ကို ထောက်ပံ့ပေးနေသည့်နိုင်ငံဖြစ်သည်။

ရုရှားက ဒေသတွင်း တည်ငြိမ်ရေးအတွက် အပစ်အခတ်ရပ်စဲရေးကို အမှန်တကယ်ဖော်ဆောင်ကြရန် တိုက်တွန်းနေသော်လည်း အဇာဘိုင်ဂျန်နှင့် တူရကီတို့က အပစ်အခတ်ရပ်စဲရေးမှာ အကျဉ်းသားလဲလှယ်ရေးအတွက် ယာယီသဘောတူခဲ့ခြင်းဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ သဘောတူညီချက်ကို ချိုးဖောက်နေသည်ဟူသော အပြန်အလှန် စွပ်စွဲချက်များကြားတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကာ အောက်တိုဘာ ၁၁ ရက်ကပင် အဇာဘိုင်ဂျန် ကာကွယ်ရေးဝန်ကြီးက အာမေးနီးယားစစ်တပ်၏ လုပ်ရပ်အတွက် လေကြောင်းတိုက်ခိုက်မှုများဖြင့် ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့သည် နာဂေါ်နို-ကာရာဘတ်ခ်ဒေသအတွက် အငြင်းပွားမှုဖြစ်နေသည်မှာ ဆယ်စုနှစ် သုံးစုနီးပါး ကြာမြင့်နေပြီဖြစ်သည်။ အဆိုပါဒေသသည် အဇာဘိုင်ဂျန်ပိုင်နယ်မြေဖြစ်သော်လည်း အာမေးနီးယားလူမျိုးစုအများစု အခြေချနေထိုင်လျက်ရှိသည့် နယ်မြေဖြစ်သည်။ စက်တင်ဘာ ၂၇ ရက်ကတည်းက နှစ်နိုင်ငံ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ပြီး ရာနှင့်ချီ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – မေလှဲ့သင်း**

# ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး ၁၇ ဦး သေဆုံးပြီး ၁၃ ဦး ပျောက်ဆုံးနေ

**ဟန္နိုင်း အောက်တိုဘာ ၁၂**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံး ၁၇ ဦးသေဆုံးပြီး ၁၃ ဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားခဲ့သည်။

လေဖိအားနည်းရပ်ဝန်းကြောင့် ဖြစ်ပေါ်ခဲ့သည့် အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟွိုင်အန် ရှေးဟောင်းမြို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။ ယင်းရှေးဟောင်းမြို့သည် ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်နယ်မြေအဖြစ် သတ်မှတ်ခံထားရသည့် မြို့လည်းဖြစ်သည်။

### ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

လူနေအိမ်များအပါအဝင် အဆောက်အအုံ ၃၃၀၀၀ ခန့် ရေနစ်မြုပ်ခဲ့ပြီး လူဦးရေ ၃၀၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းကျရောက်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး အာဏာပိုင်များက ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်ကလည်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ၁၃၂ ဦးသေဆုံးခဲ့ပြီး ၂၀၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**



# မောင်တောမြို့နယ်၌ မူးယစ်ဆေးဝါးသယ်ဆောင်လာသူအား ပစ်ခတ်ဖမ်းဆီးရာမှ သေဆုံး

**နေပြည်တော် အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ယမန်နေ့က မူးယစ်ဆေးဝါး သယ်ဆောင်လာသူအား ပစ်ခတ်ဖမ်းဆီးရာမှ သေဆုံးသွားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်၌ မောင်တောမြို့နယ် မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့၏ လိပ်ရကင်းစခန်းနှင့် နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုးအကြား မြန်မာပိုင်နက်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် ယမန်နေ့ နံနက် ၁ နာရီခွဲခန့်တွင် နယ်စပ်ခြံစည်းရိုးအား တရားမဝင် ဖြတ်သန်းခိုးထွက်ရန် ချဉ်းကပ်လာပြီး အထုပ်နှစ်ထုပ်ထမ်းလာသည့် အမျိုးသားတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိကြောင်း၊ စစ်ဆေးထိန်းချုပ်ရန်တားဆီးရာ အထုပ်နှစ်ထုပ်အား ပစ်ချပြီး နောက်ကြောင်းပြန်ထွက်ပြေးသဖြင့် အချိန်ကာလနှင့် နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ပစ်ခတ်ဟန့်တားခဲ့ရာ ကျည်ထိမှန်ဒဏ်ရာရရှိနိုင်သော်လည်း ထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းပစ်ချခဲ့သည့် အထုပ်များအား ဖွင့်ဖောက်စစ်ဆေးရာ ပလတ်စတစ်အိတ်များဖြင့် ထည့်သွင်းထုပ်ပိုးထားသည့် WY/R စာတန်းပါ စိတ်ကြွဆေးပြား ၁၀၅၀၅၀(တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၂၁၀၁ သိန်း)၊ ဆင်းကတ်ပါ ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

နံနက်လင်းချိန်တွင် တရားခံ ထွက်ပြေးရာလမ်းကြောင်းတစ်လျှောက် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပစ်ခတ်သည့်နေရာနှင့် ကိုက် ၅၀၀ ခန့်အကွာ ချုံပုတ်အတွင်း၌ အမျိုးသားအလောင်းအား ဦးခေါင်းဝဲဘက်နှင့် ဝဲတင်ပါး ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိရကြောင်း၊ သိမ်းဆည်းရမိ ဖုန်းအတွင်းရှိ ဓာတ်ပုံမှတ်တမ်းများနှင့် ရွာနှင့် လူဦးရေစာရင်း မှတ်တမ်းများ တိုက်ဆိုင်စိစစ်ရာ သေဆုံးတရားခံမှာ ဆွေတာလောင်(၃၁)နှစ်၊ (ဖ)ရှီကန်သော် ယခင် လိပ်ရ(မြောက်)ကျေးရွာမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းသို့ သွားရောက်နေထိုင်နေသူဖြစ်ကြောင်း၊ စာရင်းမှတ်တမ်းများအရ လက်ရှိရွာတွင် နေထိုင်သူမဟုတ်ကြောင်း စိစစ်တွေ့ရှိရပြီး မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ပြန်လည်ခိုးဝင်ကာ မူးယစ်ဆေးဝါးများ လာရောက်သယ်ဆောင်သူဖြစ်ကြောင်း သိရှိရသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**






သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

# နောင်ချိုမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



မျိုးမင်းအောင်(ခ)အီစွမာန်၊ ကျော်လင်းအောင်၊ စိုင်းမိုးလွင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီခွဲက နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာအနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် စိုင်းမိုးလွင်မောင်းနှင်ပြီး ကျော်လင်းအောင် လိုက်ပါလာသည့် ဆိုင်ကယ်နှင့် မျိုးမင်းအောင်(ခ)အီစွမာန် မောင်းနှင်လာသော ဆိုင်ကယ်တို့ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မျိုးမင်းအောင်(ခ) အီစွမာန်သည် ဆိုင်ကယ်အားနောက်ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ လွန်းကျော်ကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် ငွေကျပ် ၂၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကော့သောင်းမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထားဝယ် အောက်တိုဘာ ၁၂**

ကော့သောင်းမြို့ လုံးဖောကျေးရွာ နမ္မတွန်စစ်ဆင်ရေးစခန်းရှေ့၌ မသင်္ကာဖွယ်လူနှစ်ဦး တွေ့ရှိကြောင်း ဆက်သွယ်အကြောင်းကြားလာသဖြင့် အောက်တိုဘာ ၁၀ ရက် ည ၁၂ နာရီက မာရမ်းနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ရဲရင့်အောင် ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ အေးကိုနှင့် ဝင်းပိုင်တို့ဖြစ်ပြီး အေးကို ဝတ်ဆင်ထားသည့် အင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂ ပြားကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မာရမ်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့နယ်၌ ဘိန်းစာမှုန့်များ သိမ်းဆည်းရမိ

**ထားဝယ် အောက်တိုဘာ ၁၂**

မြိတ်မြို့ အမှတ်(၃၅)မူးယစ်ရဲတပ်ဖွဲ့စုမှ ရဲအုပ် အောင်နိုင်ဝင်း ဦးစီးပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက် ညနေ ၅ နာရီက မြိတ်မြို့နယ် ရွာသစ်ကျေးရွာ မြို့သစ်(၂)လမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ရွှေဒူးကျေးရွာမှ မြိတ်မြို့သို့ ဟန်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်အား မသင်္ကာဖွယ်တွေ့ရှိ၍ ရပ်တန့်ရှာဖွေစစ်ဆေးရာ ဘိန်းစာမှုန့် ၇ ဒသမ ၂ ကီလိုဂရမ် တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးမေးမြန်းရာ အောင်စိုးဝင်း(ခ)စိုးဝင်းထံသို့ ပို့ဆောင်မည်ဖြစ်ကြောင်းသိရ၍ ၎င်းအား လေယာဉ်ကွင်းအနီးတွင် လာရောက်ယူရန် ဖုန်းဖြင့်ဆက်သွယ်ခဲ့ရာ ညနေ ၆ နာရီတွင် ရောက်ရှိလာ၍ အောင်စိုးဝင်း(ခ)စိုးဝင်းအား ဖမ်းဆီးရမိပြီး ည ၇ နာရီတွင် ဟန်စိုး၏နေအိမ်သို့ ရှာဖွေစစ်ဆေးရာ ဘိန်းစာမှုန့် ၄၅ ဂရမ်ကို လည်းကောင်း၊ ည ၇ နာရီခွဲက အောင်စိုးဝင်း(ခ)စိုးဝင်းနေအိမ်၌ ဘိန်းစာမှုန့် ဂရမ် ၆၀ တို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ မြိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈၈ စီး၊ သွင်းကုန် အစီး ၁၉၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၇၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၃၃၀ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် Dettol shower Gel (500 ml) (44 U)နှင့် M-150 (150 ml x 50 Bottles) (10 Pkgs)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖




**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၂၆

ရက်သာ

လိုတော့သည်။

# ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် အသိပေးကြေညာချက်

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရချိန်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့သောအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ချမှတ်သော မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက် နေထိုင်ကြရသဖြင့် မိမိ၏မဲစာရင်းပါရှိရာမဲဆန္ဒနယ်သို့ ပြန်လည်၍ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ရှိနေသည်ကို တွေ့ရှိရပါသည်။ ထိုသူများ ဆန္ဒမဲပေးမှု မဆုံးရှုံးစေရန် အထူးလိုအပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမဲဆန္ဒရှင်များသည် မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ မိမိတို့ရောက်ရှိနေသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ဆက်သွယ်၍ ကြိုတင်ဆန္ဒမဲဖြင့် ဆန္ဒမဲပေးနိုင်ရန် ပုံစံ ၁၅ များရယူ၍ လျှောက်ထားနိုင်ကြပါသည်။ ယင်းသို့လျှောက်ထားချက်ရရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါမဲဆန္ဒရှင်၏မဲစာရင်းပါရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် အမြန်ဆုံးဆက်သွယ်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အထူးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❖ ကျောဖုံးမှ

ဘာလင်မြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၂၈ ဦး၊ လန်ဒန်မြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၂၂၇ ဦး၊ အော်တာဝါမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၂၂ ဦး၊ ဗီယင်နာမြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် လေးဦး၊ ဝါရှင်တန်မြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၅၇ ဦး၊ နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် မဲဆန္ဒရှင် ၁၅၅ ဦး၊ လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွင် မဲဆန္ဒရှင် ၁၂၃ ဦး၊ မြန်မာသံရုံးများနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းမရှိသည့် မြန်မာနိုင်ငံသားများအတွက် ပြင်ပမဲရုံခွဲဖွင့်လှစ်ခဲ့သည့် အမေရိကန်ပြည်ထောင်စု အင်ဒီယားနားပြည်နယ် ဖို့ဒ်ဝိန်းမြို့တွင် မဲဆန္ဒရှင် ၇၉ ဦးနှင့် မော်စကိုမြို့ မြန်မာသံရုံး၌ ဆက်လက်မဲပေးသူ ၃၅ ဦး စုစုပေါင်း ၇၇၃ ဦး ဆန္ဒမဲများ ပေးခဲ့ကြသည်။

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲလာရောက်ပေးသူများအား သက်ဆိုင်ရာကိုဗစ်ရောဂါ ကာကွယ်တားဆီးရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော စည်းကမ်းများနှင့်အညီ ဖြစ်စေရေး မဲရုံအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးများမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် မြန်မာသံရုံး ၁၁ ရုံး၊ အဖွဲ့ရုံးတစ်ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးနှစ်ရုံး၊ ပြင်ပမဲရုံခွဲတစ်ခုတို့တွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြရာ မဲဆန္ဒရှင် စုစုပေါင်း ၄၀၉၃ ဦးနှင့် ယမန်နေ့က ဒေသဆိုင်ရာ စံတော်ချိန်များနှင့်အညီ ဆက်လက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင် စုစုပေါင်း ၇၇၃ ဦး ဆန္ဒမဲများ ပေးခဲ့ကြသဖြင့် မဲဆန္ဒရှင် စုစုပေါင်း ၄၈၆၆ ဦး ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



အမေရိကန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ ကြိုတင်ဆန္ဒမဲပေးကြစဉ်။



# ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ



ကိုဗစ်ရောဂါနဲ့ပတ်သက်ပြီး နိုင်ငံတကာသတင်းတွေကို လေ့လာမယ်ဆိုရင်လည်း တခြားနိုင်ငံတွေမှာလည်း တော်တော်ပြန့်နေတယ်ဆိုတာတော့ သတိပြုမိမယ်လို့ ထင်ပါတယ်။ ဒုတိယလှိုင်းပေါ့။ တချို့က တတိယလှိုင်းတောင်ရောက်ပြီလို့ ခန့်မှန်းတဲ့သူတွေ ရှိပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဒုတိယလှိုင်း၊ တချို့နိုင်ငံတွေမှာတော့ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်။ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ ဘာကြောင့်ထိန်းထားနိုင်လဲလို့ ကြည့်လိုက်ရင် နိုင်ငံချမ်းသာတာနဲ့လည်း မဆိုင်ဘူး။ ဆင်းရဲတာနဲ့လည်း မဆိုင်ဘူး။ နောက်ဆုံးကျတော့ ပြည်သူတွေ စည်းကမ်းရှိမှု၊ ပြည်သူတွေ စည်းမျဉ်းစည်းကမ်း လိုက်နာမှုနဲ့ပဲ ဆိုင်တယ်ဆိုတာ ထပ်ပြီး ကျွန်မ သတိပေးပါရစေ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အောက်တိုဘာ ၂ ရက်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၂-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၁၁-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁၉၀၆) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဗဟန်း | ၁၂၆ |
| | | လှိုင်သာယာ | ၁၀၅ |
| | | ဒဂုံဆိပ်ကမ်း | ၁၀၅ |
| | | အလုံ | ၉၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၈၈ |
| | | မြောက်ဥက္ကလာပ | ၈၁ |
| | | မင်္ဂလာဒုံ | ၇၈ |
| | | မင်္ဂလာတောင်ညွန့် | ၇၅ |
| | | သင်္ဃန်းကျွန်း | ၆၀ |
| | | စမ်းချောင်း | ၅၄ |
| | | မရမ်းကုန်း | ၄၉ |
| | | ကမာရွတ် | ၄၈ |
| | | တောင်ဥက္ကလာပ | ၄၇ |
| | | ရန်ကင်း | ၄၁ |
| | | လှိုင် | ၃၂ |
| | | သန်လျင် | ၃၂ |
| | | ပုဇွန်တောင် | ၃၀ |
| | | ဗိုလ်တထောင် | ၂၈ |
| | | တာမွေ | ၂၆ |
| | | လမ်းမတော် | ၂၆ |
| | | သာကေတ | ၂၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၃ |
| | | မှော်ဘီ | ၂၂ |
| | | ခရမ်း | ၂၂ |
| | | ကျောက်တံတား | ၁၈ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၃ |
| | | ကွမ်းခြံကုန်း | ၁၃ |
| | | သုံးခွ | ၁၃ |
| | | အင်းစိန် | ၁၁ |
| | | ကြည့်မြင်တိုင် | ၁၀ |
| | | ဒေါပုံ | ၉ |
| | | ပန်းဘဲတန်း | ၈ |
| | | ကော့မှူး | ၆ |
| | | ရွှေပြည်သာ | ၅ |
| | | ဒလ | ၄ |
| | | ထန်းတပင် | ၄ |
| | | လသာ | ၃ |
| | | ဒဂုံ | ၃ |
| | | တွံတေး | ၃ |
| | | ကျောက်တန်း | ၂ |
| | | တိုက်ကြီး | ၁ |
| | | စုစုပေါင်း | ၁၄၄၅ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | သာယာဝတီ | ၂၃ |
| | | လက်ပံတန်း | ၇ |
| | | ပဲခူး | ၆ |
| | | ကဝ | ၅ |
| | | မိုးညို | ၄ |
| | | ဖြူး | ၃ |
| | | ဒိုက်ဦး | ၁ |
| | | ကျောက်တံခါး | ၁ |
| | | ကျောက်ကြီး | ၁ |
| | | စုစုပေါင်း | ၅၁ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၁၀ |
| | | မိတ္ထီလာ | ၆ |
| | | ဝမ်းတွင်း | ၄ |
| | | အောင်မြေသာစံ | ၃ |
| | | ချမ်းအေးသာစံ | ၂ |
| | | နွားထိုးကြီး | ၂ |
| | | ပြည်ကြီးတံခွန် | ၂ |
| | | တံတားဦး | ၂ |
| | | တောင်သာ | ၂ |
| | | ရမည်းသင်း | ၂ |
| | | ချမ်းအေးသာစံ | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မဟာအောင်မြေ | ၁ |
| | | မြင်းခြံ | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | သာစည် | ၁ |
| | | စုစုပေါင်း | ၄၂ |
| ၄။ | မွန်ပြည်နယ် | ဘီးလင်း | ၁၁ |
| | | သထုံ | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၅။ | မကွေးတိုင်းဒေသကြီး | မြို့သစ် | ၈ |
| | | အောင်လံ | ၅ |
| | | တောင်တွင်းကြီး | ၃ |
| | | ရေနံချောင်း | ၂ |
| | | ပွင့်ဖြူ | ၂ |
| | | မင်းဘူး | ၁ |
| | | ရေစကြို | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်း | ၁၂ |
| | | ပုသိမ် | ၉ |
| | | မအူပင် | ၅ |
| | | ဖျာပုံ | ၃ |
| | | ဟင်္သာတ | ၁ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | ပန်းတနော် | ၁ |
| | | သာပေါင်း | ၁ |
| | | စုစုပေါင်း | ၃၃ |
| ၇။ | ရခိုင်ပြည်နယ် | စစ်တွေ | ၁၂၂ |
| | | ကျောက်တော် | ၃၂ |
| | | မောင်တော | ၃၂ |
| | | ဘူးသီးတောင် | ၃၁ |
| | | မြောက်ဦး | ၇ |
| | | ပုဏ္ဏားကျွန်း | ၅ |
| | | ရသေ့တောင် | ၄ |
| | | ကျောက်ဖြူ | ၃ |
| | | မြေပုံ | ၁ |
| | | ပေါက်တော | ၁ |
| | | စုစုပေါင်း | ၂၃၈ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ဒီပဲယင်း | ၁၆ |
| | | ကန့်ဘလူ | ၆ |
| | | အရာတော် | ၅ |
| | | ကလေး | ၄ |
| | | မုံရွာ | ၃ |
| | | စစ်ကိုင်း | ၁ |
| | | စုစုပေါင်း | ၃၅ |
| ၉။ | ကရင်ပြည်နယ် | မြဝတီ | ၁၁ |
| | | ဘားအံ | ၁၀ |
| | | စုစုပေါင်း | ၂၁ |
| ၁၀။ | နေပြည်တော် | ဇမ္ဗူသီရိ | ၂ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၁။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီး | ၁ |
| | | ရှာင် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | မူဆယ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု | ၁ |
| | | စုစုပေါင်း | ၁ |
| (၁၁-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၉၀၆) ဦး |

မှတ်ချက်။ (၁၁-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၉၀၆) ဦးတွင် အနံ့မရရှိသူ (၃၂၈) ဦး ပါရှိပါသည်။

- (၁၁-၁၀-၂၀၂၀)ရက်နေ့၊ ည(၈:၀၀)နာရီသတင်းတွင် ထုတ်ပြန်ခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၉၁၀)ဦးအနက် (၄)ဦးမှာ ဒုတိယအကြိမ် ဓာတ်ခွဲ နမူနာရယူစစ်ဆေးခြင်းဖြစ်သဖြင့် (၁၁-၁၀-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာမှာ (၁၉၀၆)ဦး ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# မြန်မာ့သမိုင်းက ပြောပြနေသော မြန်မာ့ရုပ်ရှင်အနုပညာ၏ နှစ်တစ်ရာပြည့်ခရီး အပိုင်း(၃)

## စန်းနီလာဝင်း

### မြန်မာ့သမိုင်းကို မှတ်တမ်းတင်သော မှတ်တမ်းတင်ရုပ်ရှင်ကားများ

မြန်မာတို့၏ ရုပ်ရှင်သမိုင်း စာမျက်နှာအသစ်များကို ဖွင့်လှစ်နိုင်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်တစ်ရာတိုင်လာခဲ့ပြီ ဖြစ်ပါသည်။ ခေတ်မီသော လူ့ဘောင်သစ်နယ်ပယ်တွင် လူထုဆက်သွယ်ရေးကိရိယာတစ်ခုဖြစ်သော “ရုပ်ရှင်” ပေါ်ထွန်းလာခဲ့ပြီးနောက် ခေတ်နှင့်အမီ တွေးခေါ်မြော်မြင်တတ်သော၊ မြန်မာတို့၏ မလျှော့သော ဇွဲလုံ့လဖြင့် အပတ်တကုတ်ကြိုးစားအားထုတ်မှုကြောင့် မြန်မာတို့၏ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင်လည်း “ရုပ်ရှင်” သည် ရှင်သန်ကြီးထွားလာခဲ့ရာ ယနေ့မြန်မာတို့၏ မြန်မာ့ရုပ်ရှင်သည် ပြည်တွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်ခြေဆန့်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ရုပ်ရှင်လုပ်ငန်းကို အဓိကအားဖြင့်...

(၁) ထုတ်လုပ်မှုအပိုင်း

(၂) ပြသမှုအပိုင်း

ဟူ၍ နှစ်ပိုင်း ခွဲခြားနိုင်ပါသည်။

ထုတ်လုပ်မှုအပိုင်းတွင် “ဇာတ်လမ်းရုပ်ရှင်” ထုတ်လုပ်မှုအပိုင်းနှင့် “ဇာတ်လမ်းမဟုတ်သည့် ရုပ်ရှင်” ထုတ်လုပ်မှုအပိုင်းဟူ၍ နှစ်ပိုင်းနှစ်ကဏ္ဍ ခွဲခြားနိုင်ပါသည်။

ဇာတ်လမ်းရုပ်ရှင်ဆိုသည်မှာ ဝတ္ထု၊ ဇာတ်ညွှန်းတို့ဖြင့် သရုပ်ဆောင်များပါဝင်စေပြီး ဇာတ်လမ်းပေါ်မူတည် သရုပ်ဆောင်စေ၍ အခင်းအခက်၊ အဖြေ စသည်တို့ဖြင့် တန်ဆာဆင်ရိုက်ကူးခြင်းဖြင့် ဇာတ်လမ်းအတိမ်အနက်ကို အရှိန်တက်သည်ထက် တက်စေရန် အရှိန်အဟုန်၊ အဆက်အစပ်တို့ကို စုပေါင်းတည်းဖြတ်၊ နောက်ခံတေးသီချင်း၊ တေးဂီတတို့ဖြင့် ပံ့ပိုးကာ အနုပညာရသပေါ်လွင်အောင် ဖန်တီးခြင်း ဖြစ်ပါသည်။ ဇာတ်လမ်းရုပ်ရှင်တွင် ဝတ္ထု၊ ဇာတ်ညွှန်း၊ ရိုက်ညွှန်းတို့ကို အချိန်ယူရေးသားပြီး သရုပ်ဆောင်များကို အံဝင်ခွင်ကျစနစ်တကျချထားကာ လိုအပ်သလိုညွှန်ပြ၊ ပွဲမဝင်မီ အပြင်တွင် လေ့ကျင့်သရုပ်ဆောင်ကြရသဖြင့် ဖန်တီးသူ ဒါရိုက်တာ၏ စိတ်ကြိုက်ရရှိသည့်အပြင် သရုပ်ဆောင်မှု မှားယွင်းချွတ်ချော်သွားပါကလည်း နောက်တစ်ကြိမ် ပြန်လည်ရိုက်ကူးခြင်းများဖြင့် အစားထိုးနိုင်ပါသည်။

ဇာတ်လမ်းမဟုတ်သည့် ရုပ်ရှင်ဆိုသည်မှာ ဇာတ်လမ်း ရုပ်ရှင်ကားရိုက်ကူးသကဲ့သို့ စီစဉ်ရိုက်ကူးခြင်းမျိုးမဟုတ်ဘဲ

(၁) သတင်းကား

(၂) မှတ်တမ်းတင်ကား

(၃) ပညာပေးကား

(၄) ဖျော်ဖြေရေးကား

(၅) ခရီးသွား

(၆) သိပ္ပံပညာ

စသည့်အမျိုးအစားများ ဖြစ်ကြသည်။

ဖော်ပြပါအမျိုးအစားရုပ်ရှင်များ ရိုက်ကူးထုတ်လုပ်ရာတွင် ဇာတ်လမ်းရုပ်ရှင်ကဲ့သို့ အချိန်ယူ လေ့ကျင့်ရမှုပါနည်းပါးပြီး ရိုက်ကူးရမည့်အကြောင်းအရာအပေါ်မူတည်၍ လှုပ်ရှားမှုမှန်သမျှကို ရုပ်ရှင်ရှုထောင့်အရ အံဝင်ခွင်ကျဖြစ်စေရန် ရိုက်ကူးသူ၏စိတ်ကူးဖြင့် တစ်ပြိုင်တည်း ရိုက်၊ တစ်ပြိုင်တည်း တည်းဖြတ်၊ လျှပ်တစ်ပြက် ဖြတ်ထိုးဉာဏ်ဖြင့် ရိုက်ကူးရပါသည်။ ပြန်လည်ထပ်မံရိုက်ကူးခြင်း၊ အစမ်းလေ့ကျင့်မှုတို့ လုံးဝမပါရှိဘဲ မိမိတင်ပြလိုသည့် အချက်အလက်အကြောင်းအရာတို့ကို သတင်းမှတ်တမ်းရုပ်ရှင်ကားအဖြစ် ပရိသတ်စိတ်ဝင်စားအောင် လုပ်ဆောင်ကြရပါသည်။

ထိုရုပ်ရှင်ကားများကို ရိုက်ကူးထုတ်လုပ်ကြသူများ၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့အသိပညာပေးလိုသော သတင်းကို ပြည်သူလူထုသို့ အသိပညာပေးခြင်းပင် ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများတွင် ဇာတ်လမ်းမဟုတ်သည့် ဇာတ်ကားများထုတ်လုပ်မှုကို နိုင်ငံတော်အစိုးရကသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ရိုက်ကူးထုတ်လုပ်ကြသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နိုင်ငံတော်အစိုးရကသာ ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာန သို့မဟုတ် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ လက်အောက်ခံအဖွဲ့အစည်းအဖြစ် ထားရှိသည်ကို တွေ့ရှိရသည်။ ပုဂ္ဂလိက ရိုက်ကူးထုတ်လုပ်သည့်ကားများအနေဖြင့် ပြည်သူလူထုအတွက် အပန်းဖြေပညာရစေရေးထက် စီးပွားရေးလုပ်ငန်းအသွင်ဖြင့် ရိုက်ကူးထုတ်လုပ်ကြသည်။ နိုင်ငံတော်က ရိုက်ကူးထုတ်လုပ်သည့်ကားများအနေဖြင့် ပြည်သူလူထု ဗဟုသုတ ရရှိစေရေး၊ အသိပညာ တိုးပွားစေရေး၊ အပန်းဖြေစေရေးဟူသည့် ဦးတည်ချက်များ ထားရှိပါသည်။

ဇာတ်လမ်းမဟုတ်သည့်ရုပ်ရှင်တွင် ပါဝင်သည့် အမျိုးအစားများကို ဤသို့ခွဲခြားနိုင်ပါသည်-

(၁) သတင်းရုပ်ရှင်

နိုင်ငံတော်၏နေ့စဉ်ဖြစ်ပျက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ရိုက်ကူးတင်ပြလေ့ ရှိပါသည်။ (ဥပမာ- နိုင်ငံတော်ကြီးအကဲများ၏ ဆောင်ရွက်ချက်များ၊ ပြပွဲ ပြိုင်ပွဲများ၊ ထူးခြားသည့် ဖြစ်ရပ်များ)

(၂) မှတ်တမ်းရုပ်ရှင်

နိုင်ငံတော်က ဆောင်ရွက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့်ကိစ္စရပ်များတွင် မှတ်တမ်းတင်ရသည့် အချက်အလက်များ ရှာဖွေစုဆောင်းရိုက်ကူးခြင်းများ ဖြစ်ပါသည်။ (သာဓကအားဖြင့် နိုင်ငံတော်အကြီးအကဲများ၏ ပြည်တွင်း ပြည်ပခရီးစဉ်များ၊ ပြည်ပ နိုင်ငံအကြီးအကဲများ မြန်မာနိုင်ငံသို့ လာရောက်ခြင်း၊ ရှေးဟောင်းစေတီ ပုထိုးအဆောက်အအုံများ ပြန်လည်ဖော်ထုတ်ခြင်း၊ တည်ဆောက်ခြင်းမှ အဆိုပါ ရုပ်ရှင်ကားများကို အချိန်ယူရိုက်ကူးရပါသည်။)

စာမျက်နှာ ၁၉ သို့ ✪




အကယ်ဒမီများရှင် မောင်တင်ဦး၏ ပန်းမြိုင်လယ်က ဥယျာဉ်မှူး။



မြန်မာ့ရုပ်ရှင်ရွှေရတုခေတ်ဦးက ပြည်တော်ချစ် စတန့်မင်းသားကြီး (ဦး)ရွှေဘ။




ဒါရိုက်တာကြီးမြင့်၏ ပန်းသခင်ရုပ်ရှင်ဇာတ်ကားမှ ထပ်ဆင့်အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီ ထက်ထက်မိုးဦး၊ ထိုဇာတ်ကားတွင် ဇာတ်ပို့ဆုရ အကယ်ဒမီ ဇော်လင်း။

**မြန်မာနိုင်ငံတွင်လည်း ပထမဦးဆုံးရုပ်ရှင်ကားမှာ ဇာတ်လမ်းရုပ်ရှင်ကား လုံးဝမဟုတ်ဘဲ ဝိုင်အမ်ဘီအေ၏ကိုယ်စားပြု အမျိုးသားခေါင်းဆောင် တစ်ဦးဖြစ်သူ ဦးထွန်းရှိန်၏ ဈာပနသတင်းကားအဖြစ် စတင်ပြသခဲ့ခြင်းကြောင့် မြန်မာ့ရုပ်ရှင်သည်လည်း သတင်းကားကပင် အစပြုခဲ့ရသည်ကို နှိုင်းယှဉ်လေ့လာရပါသည်။ သို့တစေ မြန်မာ့ရုပ်ရှင် စတင်ပြသခဲ့သည့် အချိန်ကာလမှာ ၁၉၂၀ ပြည့်နှစ်ဖြစ်ပြီး အနောက်တိုင်းရုပ်ရှင် စတင်ပြသနိုင်ခဲ့သည့် အချိန်ကာလမှာ ၁၈၈၉ ခုနှစ် ဖြစ်သောကြောင့် မြန်မာ့ရုပ်ရှင်သက်တမ်းသည် အနောက်တိုင်း ရုပ်ရှင်သက်တမ်းထက် ၃၁ နှစ်မျှ နောက်ကျ၍ ပေါ်ပေါက်လာခဲ့ရသည်ကို တွေ့ရှိရ။**

❂ စာမျက်နှာ ၁၈ မှ

(၃) ပညာပေးရုပ်ရှင်

ပြည်သူလူထုသို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးမှအစ နိုင်ငံတော်က ချမှတ်သည့်မူဝါဒများ၊ လုပ်ငန်းစဉ်များကို ရိုက်ကူးပြသခြင်း၊ စာပေ ပညာ သင်ကြားမှုများနှင့် လက်တွေ့မြင်တွေ့နိုင်ရန် ရိုက်ကူးပြသခြင်း။ (သာဓကအားဖြင့်- ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါဆိုးကြီးကို ကြိုတင်ကာကွယ်နည်းများ၊ ယာဉ်အန္တရာယ်၊ နှလုံးရောဂါ၊ မူးယစ်ဆေးဝါးအန္တရာယ်များကို ကြိုတင်ကာကွယ်တားဆီးပုံများ)

(၄) ဖျော်ဖြေရေးရုပ်ရှင်

ပြည်သူလူထု ကြည့်ရှုအပန်းဖြေနိုင်ရန် ရိုက်ကူးတင်ဆက်ခြင်း (ဥပမာ- နိုင်ငံခြားမှလာရောက်ဖျော်ဖြေသည့် အနုပညာအဖွဲ့များ၊ ဘောလုံးပွဲများ၊ လှေပြိုင်ပွဲများ၊ အားကစားပွဲတော်များ)

(၅) ခရီးသွားရုပ်ရှင်

ပြည်သူလူထုအား ဗဟုသုတရရှိစေရေးအတွက် တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၊ မြို့ကြီးပြကြီးများအကြောင်း၊ ကျေးလက်ဒေသများ၏ အလှအပရှုခင်းများ၊ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း ခရီးသွားလာခြင်းများ (သာဓကအားဖြင့်-ဗုဒ္ဓဂယာဘုရားဖူးခရီးသွားမှတ်တမ်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ သဘာဝအလှရှုခင်းများနှင့် ဒေသခံလူမျိုးတို့၏ ဓလေ့စရိုက်များ)

(၆) သိပ္ပံပညာပေးရုပ်ရှင်

သုတေသနလုပ်ငန်းများမှ ထွက်ပေါ်လာသည့် ရှာဖွေတွေ့ရှိချက်များ နည်းပညာများနှင့် နည်းစနစ်များ (သာဓကအားဖြင့် - အာကာသထဲသို့ ဂြိုဟ်တုများလွှတ်တင်ခြင်း၊ အဏုမြူလက်နက်များ စမ်းသပ်ဖောက်ခွဲခြင်း) တို့ ဖြစ်ကြပါသည်။

**သတင်းရုပ်ရှင်ကားဆိုသည်မှာ**

ကမ္ဘာပေါ်၌ ရုပ်ရှင်စတင်ပေါ်ပေါက်လာရာတွင် "သတင်းရုပ်ရှင်ကား"မှ စတင်ခဲ့ခြင်းပင် ဖြစ်သည်။ ၁၈၇၈ ခုနှစ်တွင် အမေရိကန်နိုင်ငံသား "စတင်းဖို့ဒ်"နှင့် အင်္ဂလိပ်လူမျိုး "မိုင်းဘရစ်ချ်" တို့၏ တီထွင်ကြံဆမှုကြောင့် ရုပ်ပုံအသေများမှ ရုပ်အရှင်အဖြစ်သို့ စတင်ရောက်ရှိလာခဲ့သည်။ ထိုရုပ်ပုံအရှင်များကို လူထုပရိသတ်အား တင်ဆက်ပြသနိုင်ရန် "သောမတ်စ်အယ်ဒီဆင်" ၏ တီထွင်ပံ့ပိုးမှုဖြင့် ၁၈၈၉ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ပထမဦးဆုံးရုပ်ရှင်ဟူ၍ ပေါ်ထွက်လာခဲ့သည်။ ထိုရုပ်ရှင်ကားမှာလည်း ဇာတ်လမ်းရုပ်ရှင်ကား လုံးဝမဟုတ်ဘဲ သတင်းရုပ်ရှင်ကား သက်သက်မျှသာ ဖြစ်ပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း ပထမဦးဆုံးရုပ်ရှင်ကားမှာ ဇာတ်လမ်းရုပ်ရှင်ကား လုံးဝမဟုတ်ဘဲ ဝိုင်အမ်ဘီအေ၏ကိုယ်စားပြု အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးထွန်းရှိန်၏ ဈာပနသတင်းကားအဖြစ် စတင်ပြသခဲ့ခြင်းကြောင့် မြန်မာ့ရုပ်ရှင်သည်လည်း သတင်းကားကပင် အစပြုခဲ့ရသည်ကို နှိုင်းယှဉ်လေ့လာရပါသည်။ သို့တစေ မြန်မာ့ရုပ်ရှင်စတင်ပြသခဲ့သည့် အချိန်ကာလမှာ ၁၉၂၀ ပြည့်နှစ်ဖြစ်ပြီး အနောက်တိုင်းရုပ်ရှင် စတင်ပြသနိုင်ခဲ့သည့်အချိန်ကာလမှာ ၁၈၈၉ ခုနှစ် ဖြစ်သောကြောင့် မြန်မာ့ရုပ်ရှင်သက်တမ်းသည် အနောက်တိုင်းရုပ်ရှင်သက်တမ်းထက် ၃၁ နှစ်မျှ နောက်ကျ၍ ပေါ်ပေါက်လာခဲ့ရသည်ကို တွေ့ရှိရပါလိမ့်မည်။

၁၉၄၅ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့၍ မြန်မာနိုင်ငံသို့ ဗြိတိသျှတပ်ဖွဲ့များ ပြန်ဝင်လာသည့်အခါ ဗြိတိသျှစစ်အုပ်ချုပ်ရေးလက်ထက်တွင် "ကွင်းဆင်းရုပ်ရှင်ပြသရေးအဖွဲ့" (Field Publicity Film) ကို ဖွဲ့စည်းကာ ရုပ်ရှင်ပြသရေးအဖွဲ့ ခြောက်ဖွဲ့က ဗြိတိသျှအစိုးရဝါဒဖြန့်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် စစ်အုပ်ချုပ်ရေးဖျက်သိမ်းပြီးနောက် "ပြည်သူ့ဆက်ဆံရေးဌာန" (Public Relation Department) ကို ဖွဲ့စည်းပြီး ထိုဌာန၏လက်အောက်တွင် "ပြည်သူ့ဆက်ဆံရေးရုပ်ရှင်ဌာန" (Public Relation Film Service) ထပ်မံဖွဲ့စည်းကာ ဗြိတိသျှအစိုးရ၏ စစ်ဝါဒကားများ၊ ပညာပေးကားများကို ပြသခဲ့သည်။ မြန်မာသတင်းကားမှာ အနည်းငယ်သာရှိခဲ့သည်။

ဤသို့ဖြစ်ရခြင်းမှာလည်း ကိုလိုနီခေတ်ဖြစ်သည့်အလျောက် ရုပ်ရှင်စက်မှုပိုင်းဆိုင်ရာ ပစ္စည်းများ မပြည့်စုံခြင်း၊ မြန်မာ့ရုပ်ရှင်အတတ်ပညာရှင်များ နည်းပါးခြင်းတို့ကြောင့်ပင် ဖြစ်သည်။ ထိုစဉ်က ကမ္ဘာအနှံ့ရှားပါးနေချိန် ဖြစ်သဖြင့် ရုပ်ရှင်ရိုက်ကူးရေးပစ္စည်းများကို နိုင်ငံခြားမှ လွယ်လင့်တကူ မဝယ်ယူနိုင်ဘဲ ပစ္စည်းအဟောင်းအနွမ်းများဖြင့် ရိုက်ကူးခဲ့ရသည့်အပြင် အင်္ဂလိပ်မျက်နှာဖြူလူမျိုးတို့၏အကျိုးကို ရည်ရွယ်၍ ရိုက်ကူးပြသရခြင်း၊ ရိုက်ကူးပြီး ဖလင်များကို ဆေးစိမ်ရန် နိုင်ငံခြားသို့ ပို့ခဲ့ရခြင်းတို့ကြောင့် အချိန်လိုသည်ထက်ပို၍ ကြာမြင့်ပြီး သတင်းတန်ဖိုးများ လျော့နည်းသွားခဲ့ရပါသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် "မြန်မာ့မှတ်တမ်းတင်ရုပ်ရှင်" (Myanmar's Documentary Film) များအဖြစ် ထိုစဉ်က မြန်မာ့ရုပ်ရှင်အနုပညာရှင်များနှင့် မြန်မာ့ရုပ်ရှင်ကုမ္ပဏီအချို့တို့ကို မော်ကွန်းတင်ရမည် ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တွင် ထိုစဉ်က ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချိုနှင့် မြန်မာ့ရုပ်ရှင်ပညာရှင်အချို့၏ အကြံပေးတိုက်တွန်းမှုဖြင့် "မြန်မာ့ရုပ်ရှင်ငွေရတုသဘင်" ပွဲတော်ကြီးကို ကျင်းပနိုင်ခဲ့သည်။ ထိုအခမ်းအနားကြီးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ထိုစဉ်က ဘုရင်ခံ "ဆာဟူးဘတ်ရန့်စ်" တို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ရာ ငွေရတုသဘင် အခမ်းအနား မှတ်တမ်းတင်ရုပ်ရှင်ကားကို အေဝမ်းရုပ်ရှင်ကုမ္ပဏီက တာဝန်ယူ၍ ၃၅ မီလီမီတာရှိ ရုပ်ရှင်ဖလင်များဖြင့် မော်ကွန်းဝင် မှတ်တမ်းတင်ရိုက်ကူးနိုင်ခဲ့ကြသည်ကို တွေ့ရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာပင် အားလုံးသိပြီး ဖြစ်ကြသည့်အတိုင်း နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက်တို့၏ လက်ချက်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ ကျဆုံးခဲ့ရရှာသည်။ ထိုအခါ မြန်မာနိုင်ငံရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးက တာဝန်ယူ၍ "ဗိုလ်ချုပ်၏ လွတ်လပ်ရေး လမ်းစဉ်မော်ကွန်းတင်သတင်းကား"ကို အမြန်ဆုံးစီစဉ်ရိုက်ကူးခဲ့ပြီး ဈာပနအခမ်းအနား အစအဆုံး မှတ်တမ်းတင် ရုပ်ရှင်ကားအဖြစ် ရန်ကုန်မြို့လယ်ရှိ ရုပ်ရှင်ရုံလေးရုံတွင် တစ်နေ့လျှင် ငါးပွဲနှုန်း ပြသခဲ့သည်။ ထိုသို့ပြသရာမှ ရရှိခဲ့သော ရန်ပုံငွေများကို အာဇာနည်ဗိမာန်အဆောက်အအုံကြီး ဆောက်လုပ်ရန်လှူဒါန်းခဲ့သည့်အပြင် ယခုလက်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အဆောက်အအုံတည်ရှိရာ မြေနေရာကို ဝယ်ယူနိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် အေဝမ်းရုပ်ရှင်မှ ဒါရိုက်တာသရုပ်ဆောင် မင်းသားကြီး အေဝမ်းဦးတင်မောင်နှင့် ဦးလှမောင်(ရုပ်ရှင်ဟာသသရုပ်ဆောင် ဦးသာဂေါင်ကြီး)တို့နှစ်ဦးသည် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၌ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်နှင့်အတူ ပါဝင်ဆင်နွှဲခဲ့သည်ကို ဂုဏ်ယူလေးစားဖွယ် တွေ့ရှိရပြန်သည်။ ဖက်ဆစ်တော်လှန်ရေးကာလ၌ ရန်ကုန်မှ အထက်မြန်မာပြည်သို့ သွားရောက်ကာ သမိုင်းဝင်ရွှေတောင်တိုက်ပွဲ၊ စစ်တောင်းတိုက်ပွဲ၊ ရေနံမြေသပိတ်ကြီးတွင် သခင်ဗဟိန်းနှင့်အတူ ရေနံချောင်းအထိ သွားရောက်ရိုက်ကူးမှတ်တမ်းတင်ခဲ့သည်။ ၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်ဆင်နွှဲပုံများ၊ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်၏ ဈာပနအခမ်းအနား မှတ်တမ်းတင်သတင်းကား၊ တောင်သူလယ်သမားခေါင်းဆောင်ကြီး ဆရာစံအား အင်္ဂလိပ်နယ်ချဲ့အရေးပိုင်များက ရုံးတင်စစ်ဆေးခြင်း၊ ကြိုးပေးခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း တိုင်းနှင့်ပြည်နယ်အနှံ့သွားရောက်စည်းရုံးခဲ့ပုံများကို သမိုင်းဝင်မော်ကွန်းတင်ရိုက်ကူးတင်ပြနိုင်ခဲ့သည်မှာ မြန်မာ့ရုပ်ရှင်သမိုင်းရော မြန်မာနိုင်ငံသမိုင်းတွင်ပါ ဂုဏ်ယူလေးစား စံထားစရာ ဖြစ်ခဲ့ပါသည်။

ဤနေရာတွင် ဗိုလ်ချုပ်၏ မော်ကွန်းတင်ရုပ်ရှင်ကားအကြောင်းကို ပြောသောအခါ လက်ရှိ ရိုက်လက်စဖြစ်သော "ဗိုလ်ချုပ်" ရုပ်ရှင်ကားကြီးကို ပြည်သူပရိသတ်က သမိုင်းဝင် ဂန္ထဝင်မော်ကွန်းတင်ရုပ်ရှင်ကားကြီးအဖြစ် မျှော်လင့်နေကြပါသည်။ မြန်မာနိုင်ငံ၌သာမက ကမ္ဘာ့နိုင်ငံများသို့ပါ ပေးပို့တင်ဆက်နိုင်မည်ဆိုပါက နိုင်ငံ့ခေါင်းဆောင်များနှင့်ပတ်သက်၍ ရိုက်ကူးထားသော ကမ္ဘာကျော်ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားကြီးများကဲ့သို့ အောင်မြင်ကျော်ကြားနိုင်မည်ဟု ယုံကြည်နေမိပါတော့သည်။ ။




ဒါရိုက်တာ အေဝမ်းဦးတင်မောင်၏ နှစ်မြွှာအသည်းရုပ်ရှင်ဇာတ်ကားမှ အကယ်ဒမီဆုဆွတ်ခူးရရှိခဲ့သူ ကလေးသရုပ်ဆောင်အဖြစ် မင်းသမီး စန္ဒာ။




မောင့်မူပိုင်ရှင် ရုပ်ရှင်ဇာတ်ကားကို အောင်မြင်ကျော်ကြားခဲ့သဖြင့် ဒုတိယအကြိမ် သရုပ်ဆောင်များပြောင်း၍ ရိုက်ကူးပြသခဲ့သည်။

## ကောလင်းမြို့ ပြည်သူ့စာကြည့်တိုက်မှ အသိပညာပေးလုပ်ငန်းများ အွန်လိုင်းမှတစ်ဆင့်ဆောင်ရွက်



**ကောလင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကာလအတွင်း ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသိပညာပေးလုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် စာအုပ်များမိတ်ဆက်ခြင်း၊ ပုံပြင်ပြောခြင်း၊ ရောင်စုံစက္ကူဖြင့် အရုပ်ခေါက်ခြင်း၊ ပန်းချီဆွဲခြင်းနှင့် ဆေးရောင်ခြယ်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်းမှ အပတ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ကြီးကြပ်၍ ဝန်ထမ်းများ၊ စာပေဝါသနာရှင်များ၊ စာပေချစ်သူများက အလှည့်ကျစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စာပေချစ်သူများအဖွဲ့ကလည်း လစဉ်စာဖတ်ဝိုင်းများ ကျင်းပဆောင်ရွက်လျက်ရှိသည်။ အသိပညာပေးလုပ်ငန်းများအဖြစ် နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရန်၊ ရှောင်ရန်များ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ စသည့် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများကို မြို့နယ်ရုံးရှေ့ရှိ နံရံကပ်မြေစိုက်ဘုတ်တွင် နေ့စဉ်ပြသထားရှိကြောင်း သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)

## ကျောက်ပန်းတောင်းမြို့နယ်၌ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား မြို့အဝင်ဂိတ်တွင် Rapid Test Kit ဖြင့်စစ်ဆေးပြီး ဝင်ရောက်ခွင့်ပြု

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မကွေးတိုင်းဒေသကြီးဘက်မှ ဖြတ်သန်းဝင်ရောက်မည့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို မြို့အဝင် စစ်ဆေးရေးဂိတ်တွင် Rapid Test Kit ဖြင့် စစ်ဆေးပြီး ကိုဗစ်- ၁၉ ရောဂါပိုးကင်းစင်သူမှသာ ကျန်းမာရေးစစ်ဆေးပြီးကြောင်း ထောက်ခံစာဖြင့် တိုင်းဒေသကြီးအတွင်း ဝင်ရောက်ဖြတ်သန်းခွင့်ပြုလျက်ရှိကြောင်း သိရသည်။

အဆိုပါ Rapid Test Kit ဖြင့် စစ်ဆေးခြင်းကို အောက်တိုဘာ ၆ ရက်က စတင်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ၎င်းစစ်ဆေးမှုကို နံနက်ပိုင်းတစ်ကြိမ်နှင့် ညနေပိုင်းတစ်ကြိမ် စစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ကုန်တင်ယာဉ်ကိုးစီးမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၃ ဦးကို စစ်ဆေးခဲ့ရာ အားလုံးရောဂါပိုးကင်းစင်သဖြင့် ခရီးဆက်လက်ထွက်ခွာစေခဲ့သည်။

ကားစီးရေနှင့် စစ်ဆေးသူကိုက်ညီမှု မရှိသည့်အခြေအနေနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက “ ကားတစ်စီးကို ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက် နှစ်ဦးလို့တော့ သတ်မှတ်ထားပါတယ်။ ဒါပေမယ့် တချို့ကားတွေမှာက ယာဉ်နောက်လိုက်မပါကြဘူး။ သူတို့ကို မေးကြည့်တော့ အခုကာလ ရောဂါပိုးကူးစက်ခံရမှာ ကြောက်ကြလို့ ယာဉ်နောက်လိုက်တွေက မလိုက်ချင်ကြတဲ့ကားတွေများတယ်လို့ ပြောတယ်။ အခုလိုစစ်ဆေးပေးတာကိုတော့ သဘောကျကြပါတယ်။ ခဏတာခရီးဖြင့်ပေမယ့် တစ်နေရာတည်း တစ်ခါတည်းစစ်ဆေးခံလိုက်ရတော့ သူတို့လည်း သံသယကင်းကင်းနဲ့အလုပ်လုပ်နိုင်ကြသလို ကုန်စည်စီးဆင်းမှုကိုလည်းအဟန့်အတားမဖြစ်တော့ဘူးပေါ့ဗျာ” ဟု မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**နေအောင်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်စခန်း ငါးခုသို့ နေ့လယ်စာနှင့် ညနေစာအာဟာရ ထမင်းခုနစ်ရက် လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ပျံ့နှံ့မှုများမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကို အခြေခံပညာကျောင်း စခန်းငါးခုတို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုများ ဆောင်ရွက်နေပြီး ထိုစခန်းငါးခုသို့ မာစီလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးပရဟိတအသင်း(ရန်ကုန်)က အာဟာရထမင်း ခုနစ်ရက်စာကို လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

လှူဒါန်းမှုများကို အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်အထိ ခုနစ်ရက်တာ နေ့လယ်စာနှင့် ညနေစာအတွက် ထမင်းများကို စခန်းငါးခုရှိ အသွားအလာကန့်သတ်ထားရှိသူများနှင့် စေတနာ့ဝန်ထမ်းများအတွက် လှူဒါန်းပေးခြင်းဖြစ်ကြောင်းသိရသည်။

မြို့နယ်အတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကိုလည်း အထက(ထန်းတပင်)၊ အထက(ခွဲ) ရိုးခွ၊ အထက(ခွဲ) အုတ်ဖို၊ အထက(ခွဲ) အတွင်းရေကျော်နှင့် အလက(ခွဲ) ရွာသစ် အခြေခံပညာကျောင်း စခန်းငါးခုတို့တွင်ထားရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

■

## ပေါတောမြို့၌ အခြေခံအိမ်ထောင်စုများအား ဆန်လှူဒါန်း

**ပေါတော အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပေါတောမြို့၌ ကိုဗစ်-၁၉ ထိန်းချုပ်ကာလအတွင်း စားသောက်နေထိုင်မှု အခက်အခဲရှိသည့် မြို့ပေါ်ရပ်ကွက် လေးခုမှ အိမ်ထောင်စု ၉၄ စုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချို့နှင့် ဌာနဆိုင်ရာများက ယမန်နေ့ နံနက်ပိုင်းက ဆန်များ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါ ပေးအပ်လှူဒါန်းခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ စုပေါင်းလှူဒါန်းငွေ ကျပ် ၈၅၀၀၀၀ ရရှိခဲ့ပြီး လှူဒါန်းငွေဖြင့်ဆန်များ ဝယ်ယူကာ အိမ်ထောင်စု ၉၄ စုတို့အား တစ်အိမ်လျှင် ဆန်ခြောက်ပြည်နှုန်းဖြင့် ရပ်ကွက်အလိုက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ အွန်လိုင်းတင်ဆက်မှုအစီအစဉ် ဆောင်ရွက်

**ကော့သောင်း အောက်တိုဘာ ၁၂**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကော့သောင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကာ စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ Talk Show ကို အွန်လိုင်းလွှင့်တင် အသိပညာပေးနိုင်ရေး အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးရာတွင် ကော့သောင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြသီတာက စားသုံးသူကာကွယ်ရေးဥပဒေပါအခန်းကဏ္ဍများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စီးပွားရေးလုပ်ငန်းရှင်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စားသုံးသူအခွင့်အရေး(၈)ချက်ပါအကြောင်းအရာများ၊စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ စားသုံးသူများတောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ နစ်နာသည့်စားသုံးသူများတိုင်ကြားနိုင်မည့်အခြေအနေများနှင့် တိုင်ကြားနိုင်သည့်နေရာများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာသိသင့်သိထိုက်သည်များ၊ ကိုဗစ်-၁၉ ထိန်းချုပ်မှုကာလအတွင်း စားသုံးသူများအား အကာအကွယ်ပေးမှုအစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့သည်။




အဆိုပါအစီအစဉ်ကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း အများပြည်သူသိရှိလေ့လာနိုင်ရန် အွန်လိုင်းအသိပညာပေးလုပ်ငန်းအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့သောင်းခရိုင် ပြည်သူ့စာကြည့်တိုက်နှင့် အိုင်ပီအာဒီကော့သောင်း လူမှုကွန်ရက်စာမျက်နှာများတွင် လွှင့်တင်ဖော်ပြပေးသွားမည်ဖြစ်သည်။ **ကျော်စိုး (ကော့သောင်း)**



## ကသာခရိုင်၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ကသာ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကသာခရိုင်အတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် နည်းပညာပြန့်ပွားရေးစင်တာများဖွင့်လှစ်၍ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကသာမြို့နယ် အင်းရွာနည်းပညာပြန့်ပွားရေးစင်တာတွင် ဝန်ထမ်းများက အချိန်ပြည့်တာဝန်ထမ်းဆောင်ကာ ဒေသခံတောင်သူများအတွက် ပညာပေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကသာခရိုင်အတွင်း မြို့နယ် လေးမြို့နယ်ရှိ နည်းပညာပြန့်ပွားရေးစင်တာ ၁၃ ခုအနက် စင်တာငါးခုတွင် အဆောက်အအုံများ ဆောက်လုပ်ထားရှိပြီး ဒေသခံတိုင်းရင်းသားတောင်သူများ၏ တောင်းဆိုချက်အရ နည်းပညာပြန့်ပွားရေးစင်တာများ ဆက်လက်တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။

ထိုသို့ နည်းပညာပေးဆိုင်ရာ အဆောက်အအုံများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဖုန်းမောင်က ကသာခရိုင်အတွင်းရှိ မြို့နယ်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုးချဲ့ဆောက်လုပ်မည့် နည်းပညာပြန့်ပွားရေးစင်တာများမှာ အင်းတော်မြို့နယ်တွင် မော်လူးနည်းပညာပြန့်ပွားရေးစင်တာ၊ မော်တိတ်နည်းပညာပြန့်ပွားရေးစင်တာနှင့် ဗန်းမောက်မြို့နယ်တွင် ကြောင်လည်နည်းပညာပြန့်ပွားရေးစင်တာတို့ဖြစ်ကြောင်း သိရသည်။

**အေးမြသက်ထား**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ မလှိုင်မြို့နယ်ရှိ ကျေးရွာအားလုံး ရာနှုန်းပြည့် လျှပ်စစ်မီးလင်းတော့မည်

**မိတ္ထီလာ အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအားလုံး ရာနှုန်းပြည့် လျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

**ပူးပေါင်းဆောင်ရွက်**

မလှိုင်မြို့နယ်တွင် ကျေးရွာ၂၄၇ ရွာရှိသည့်အနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၆၆ ရွာ လျှပ်စစ်မီးလင်းခဲ့ပြီးဖြစ်ရာ မြို့နယ်အတွင်း လျှပ်စစ်မီးလင်းရန် ကျန်ရှိသော ကျေးရွာ ၈၁ ရွာရှိသည့်အနက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ကျေးရွာ ၂၀၊ အလှူရှင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ ကျေးရွာ ၁၈ ရွာ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာ ကိုးရွာ၊ တိုင်းဒေသကြီး ပိုလျှံရန်ပုံငွေဖြင့် ကျေးရွာ ၁၃ ရွာတို့ကို လျှပ်စစ်မီးလင်းနိုင်ရန် ဧပြီလမှ စတင်၍ ကန်တော်ကြီးကုမ္ပဏီ၊ Tower Battery ကုမ္ပဏီနှင့် Well done ကုမ္ပဏီတို့က ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၆၀ တွင် တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ၎င်းကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေး ခရိုင်လျှပ်စစ်မန်နေဂျာရုံး၏ ကြီးကြပ်မှုဖြင့် ကျေးရွာ ၃၃ ရွာ လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီး ကျန်ရှိသော ကျေးရွာ ၂၇ ရွာတွင်လည်း ကျေးရွာတွင်းလမ်း (၄၀၀)ဗို့အားလိုင်းများ တည်ဆောက်ဆဲဖြစ်၍ အဆိုပါ ကျေးရွာများ လျှပ်စစ်မီး အမြန်ဆုံး မီးလင်းနိုင်ရေးကို သက်ဆိုင်ရာ ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မလှိုင်မြို့နယ်အနေဖြင့် ကျေးရွာ ၂၁၈ ရွာ မီးလင်းနိုင်မည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအားလုံး ရာနှုန်းပြည့်လျှပ်စစ်မီးလင်းနိုင်တော့မည် ဖြစ်ကြောင်း မလှိုင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ လက်ထောက်မန်နေဂျာ ဦးကျော်စိုးဝင်း (အင်ဂျင်နီယာ)က ပြောသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## မန္တလေးတိုင်းဒေသကြီး အထွေထွေရွေးကောက်ပွဲတွင် ဆရာ ဆရာမ ၃၅၀၀၀ ကျော် တာဝန်ထမ်းဆောင်ကြမည်

**မန္တလေး အောက်တိုဘာ ၁၂**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးရှိ မဲရုံများတွင် ကူညီတာဝန်ထမ်းဆောင်ရန်အတွက် ဆရာ ဆရာမ ၃၅၀၀၀ကျော် လျာထားကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။


မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲရုံများတွင် ကူညီတာဝန်ထမ်းဆောင်ကြမည့် လိုအပ်သည့် ဆရာ ဆရာမများကို ရွေးကောက်ပွဲကော်မရှင်၏ ညှိနှိုင်းဆောင်ရွက်ချက်ဖြင့် ရွေးချယ်ခြင်းဖြစ်သည်။ အသက်အရွယ်ကြီးသူ ကျန်းမာရေးမကောင်းသည့် ဆရာဆရာမများကို ကင်းလွတ်ခွင့်ပေးပြီး တာဝန်ထမ်းဆောင်နိုင်မည့်သူကိုသာရွေးချယ်ထားသည်။ ရွေးချယ်ထားသည့်ဆရာဆရာမများကိုရွေးကောက်ပွဲကော်မရှင်၏အစီအစဉ်ဖြင့် သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ကြယ်က ပြောကြားသည်။

မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့်ဆရာ ဆရာမများသည် မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲစာရင်းစစ်သူ၊ မဲရုံအခြားတာဝန်များတွင်ခွဲဝေတာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ မဲရုံမှူးဦးရေ ၅၄၀၀ ကျော်၊ ဒုမဲရုံမှူး ၅၄၀၀ ကျော်နှင့်မဲစာရင်းစစ်သူ ၂၀၀၀၀ ကျော်လျာထားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မဲရုံဖွင့်လှစ်ရန်အတွက် အခြေခံပညာကျောင်း ၃၆၀၀ ကျော် လျာထားသည်။ ရွေးကောက်ပွဲတာဝန်ကျ ဆရာ ဆရာမများအနေဖြင့်ကိုဗစ် – ၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်ပေါင်း ၄၅၇၀၀၀၀ ကျော်ရှိပြီး ရွေးကောက်ပွဲကော်မရှင်မှ မဲရုံ ၅၄၀၀ ကျော်လျာထားကြောင်း သိရသည်။

**အောင်သူရ**



## လှိုင်းဘွဲ့မြို့နယ်၌ ကြိုတင်မဲလက်မှတ်ထည့်မည့် ပုံးများအား လုံခြုံရေးကြိုးဖြင့်ချိပ်ပိတ်

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၂**

နိုဝင်ဘာ၈ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်မဲလက်မှတ်ထည့်မည့်ပုံးများအား လုံခြုံရေးကြိုးဖြင့်ချိပ်ပိတ်ခြင်းကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးဇော်ညွန့်က ကြိုတင်မဲပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးခင်မောင်ဝင်းကကြိုတင်ဆန္ဒမဲပုံးကိုလုံခြုံရေးကြိုးဖြင့် ချိပ်ပိတ်ခြင်းအဆင့်ဆင့်ကိုဆောင်ရွက်ခဲ့သည်။ ထို့နောက် တက်ရောက်လာသော ပါတီကိုယ်စားလှယ်များကရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်တွင် မဲရုံပေါင်း၁၇၆ရုံ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၂၃၆၆၀၀ရှိပြီး အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၆၇၅ဦး၊ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားနှင့် မိသားစုဝင် ၂၃၄၉ဦးနှင့် ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ရှစ်ဦး စုစုပေါင်းကြိုတင်မဲပေးပိုင်ခွင့်ရှိသူ ၂၀၃၂ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချီဖွေမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေး

**ချီဖွေ အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် မြေစိုက်ဘုတ်တွင် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အသိပညာပေး ရုပ်ပုံလွှာများနှင့် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲထည့်ဖို့ မမေ့ပါနဲ့စသည့် ပိုစတာများကို အောက်တိုဘာ ၁၀ ရက် ညနေပိုင်းက ပြသထားသည်။

UNESCO မှပေးပို့လာသောကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်သည့် အသိပညာပေးရုပ်ပုံ ၁၈ ပုံ၌ ကလေးများနှင့်အတူတူသတင်းကြည့်ရာဝယ်၊ သတင်းတွင် အသုံးပြုသော စကားအသုံးအနှုန်းပိုင်းကို သတိထားကြည့်ပါ၊ သတင်းအချက်အလက်များက မည်သို့ ဆက်စပ်အရေးပါကြောင်း ကလေးများနှင့်အတူ ဆွေးနွေးပါ၊ သတင်းခွဲခြမ်းစိတ်ဖြာမှုနှင့် ထင်မြင်ယူဆချက်များ၊ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုရှိသော မိဘ/အုပ်ထိန်းမှုအတတ်ပညာနည်းလမ်းများ၊ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုရှိသော မိဘ/အုပ်ထိန်းမှု အတတ်ပညာနှင့် လုပ်ကြံသတင်းများ၊ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုရှိသော မိဘ/အုပ်ထိန်းမှု အတတ်ပညာနှင့် ကျန်းမာရေး၊ မီဒီယာနှင့် သမိုင်းဝင်တည်နေရာများကို ပုံရိပ်ယောင်နည်းပညာဖြင့် သွားရောက်လေ့လာရာဝယ်၊ သင်သည် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုရှိသော မိဘ/ အုပ်ထိန်းသူတစ်ဦးဖြစ်ပါသလား၊ ကလေးသူငယ်/လူငယ်နှင့် လူမှုမီဒီယာအသုံးပြုမှု သဘောတူညီချက်တစ်ရပ်ပြုလုပ်ပါ စသည့် ခေါင်းစဉ်ပါရုပ်ပုံများကိုပြသခဲ့ခြင်းဖြစ်သည်။

ထို့ပြင်၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာအသိပညာပေး ပိုစတာဖြစ်သည့်ကိုဗစ်–၁၉ ကြောင့် သင်၏ ဆန္ဒမဲပေးပိုင်ခွင့်ကို မဆုံးရှုံးပါစေနဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို လိုက်နာပါ၊ သင်နှင့် သင့်ပတ်ဝန်းကျင်ကို ဘေးကင်းလုံခြုံစေပါ၊ သင့်အမည် မဲဆန္ဒရှင် စာရင်းမှာ ပါ/မပါ စစ်ဆေးပြီးပြီလား၊ ယခုတစ်ကြိမ်က မဲဆန္ဒရှင်စာရင်းမှာ သင့်အမည်ပါ/မပါ စစ်ဆေးနိုင်သည့် နောက်ဆုံးအခွင့်အရေးပဲဖြစ်ပါတယ်၊ အခုပဲသွားရောက်စစ်ဆေးလိုက်ပါ စသည့် မဲဆန္ဒရှင်များအား လှုံ့ဆော်ရေးပိုစတာများ ကြေညာကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းဆုံ၌ မဲစာရင်းကြေညာထားရှိမှုနှင့် မဲရုံဖွင့်လှစ်မည့်နေရာများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ်ကြေညာမှုနှင့် မဲရုံဖွင့်လှစ်မည့်နေရာများကို အောက်တိုဘာ ၁၀ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များက အဖွဲ့ငါးဖွဲ့ခွဲ၍ သက်ဆိုင်ရာနယ်မြေအလိုက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



အဆိုပါအဖွဲ့များက မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ၄၆ အုပ်စုကို နှစ်ရက်ကြာကွင်းဆင်းစစ်ဆေးမည်ဖြစ်ပြီး ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာသည့် မဲဆန္ဒရှင်စာရင်းများကိုပြည်သူများလာရောက်ကြည့်ရှုမှုအခြေအနေနှင့် မဲရုံဖွင့်လှစ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မဲရုံတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆွေးနွေးခဲ့သည်။

ချောင်းဆုံမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆အုပ်စုရှိပြီး မဲဆန္ဒနယ်မြေအမှတ်(၁)၊ အမှတ်(၂) ခွဲကာ မဲရုံ၇၅ရုံဖြင့် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူ ၁၃၁၅၄၉ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ကေအေ(ချောင်းဆုံ)**



## ကျုံပျော်၌ မဲဆန္ဒရှင်သိမှတ်ဖွယ်ရာ ပညာပေးဆွေးနွေး

**ကျုံပျော် အောက်တိုဘာ ၁၂**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစွာမဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်သိမှတ်ဖွယ်ရာ ပညာပေးဆွေးနွေးပွဲကို မန်းစက္ကူကျေးရွာအုပ်စု၌ အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲကို မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လှောချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ကျုံပျော်) က ဦးဆောင်ဆောင်ရွက်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်းမဲပေးခွင့် မဆုံးရှုံးစေရေး၊ မဲစာရင်းကြေညာမှုကို အလေးထားသွားရောက်ကြည့်ရှုရေး၊ မိမိထည့်သွင်းသည့်မဲအား ပယ်မဲမဖြစ်စေရေးအတွက် ကြိုတင်သိထားသင့်သည့် အချက်များ၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် လုံလောက်သော အကွာအဝေးမှ နေရာခြားကာ မဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်တို့ကို ဆွေးနွေးခဲ့ကြကာ တက်ရောက်လာသူများ၏ သိလိုသည့်မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆန္ဒ မဲပေးပိုင်ခွင့်ရှိသူ ၁၈၇၈၆၁ ဦးတို့၏ အမည်စာရင်းများကို ဒုတိယအကြိမ် ထုတ်ပြန်ကြေညာပေးလျက်ရှိပြီး မြို့နယ်အတွင်း မဲရုံပေါင်း ၂၃၃ ရုံဖြင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့် (ကျုံပျော်)**

## ရွှေဘိုမြို့၌ ကြိုတင်ဆန္ဒမဲများပေးနိုင်ရေးအတွက် ကြိုတင်မဲပုံး သုံးပုံးအား လုံခြုံရေးကြိုးများဖြင့် ချိပ်ပိတ်

**ရွှေဘို အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကြိုတင်ဆန္ဒမဲများပေးနိုင်ရေးအတွက် ကြိုတင်မဲပုံး သုံးပုံးအား လုံခြုံရေးကြိုးများဖြင့် ချိပ်ပိတ်ခြင်းကို အောက်တိုဘာ ၁၁ ရက် နံနက် ၁၁နာရီက မြို့တော်ခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါကြိုတင်မဲပုံးသုံးပုံးနှင့်ပတ်သက်၍ ယနေ့အချိန်ထိ ကြိုတင်မဲပုံး(၁–၁)တွင် ပြည်တွင်း ကြိုတင်မဲလျှောက်ထားသူဦးရေ ၁၉ဦးနှင့် ကြိုတင်မဲပုံး(၁–၂)တွင် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များအတွက် ကြိုတင်မဲလျှောက်ထားသူဦးရေ ၃၀၁ ဦးရှိကြောင်း၊ ကြိုတင်မဲပုံး(၁–၃)တွင် ပြည်ပမှ တောင်းဆိုလာသည့်ကြိုတင်မဲလျှောက်ထားသူဦးရေ ၂၆၈ဦးရှိကြောင်းနှင့် ၎င်းကြိုတင်မဲပုံးသုံးပုံးကို တက်ရောက်လာသောပါတီရှစ်ခု၏ ရှေ့တွင် လုံခြုံရေးကြိုးများဖြင့် ချိပ်ပိတ်ဆောင်ရွက်ခဲ့ကြောင်း ရွှေဘိုမြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ရွှေရည်ဝင်းအိထံမှ သိရသည်။

ရွှေဘိုမြို့နယ်အတွင်း၌ မဲဆန္ဒနယ်မြေနှစ်ခုရှိပြီး မဲရုံပေါင်း ၁၇၁ ရုံ စီစဉ်ထားကြောင်းနှင့် ဒုတိယအကြိမ်ထုတ်ပြန်ထားသည့် မဲဆန္ဒရှင်ဦးရေမှာ ၂၂၀၀၅၅ ဦးရှိကြောင်း သိရသည်။

**ထွန်းမြင့်အောင်**
**(ရွှေဘို)**

# လှိုင်သာယာမြို့နယ်၌ စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စု တစ်ထောင်ကျော်ကို အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၁၂**

နေအိမ်တွင် နေထိုင်ရေးကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စု ၁၃၀၀ ခန့်ကို We Love လှိုင်သာယာပရဟိတအဖွဲ့က အခြေခံစားသောက်ကုန်များ လိုက်လံထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုသည် နေအိမ်တွင် နေထိုင်ရေးကာလအတွင်း အမှန်တကယ် စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စုများကို ကူညီထောက်ပံ့လှူဒါန်းခြင်းဖြစ်ပြီး ထိုသို့လှူဒါန်းနိုင်ရန်အသင်းအနေဖြင့် ကွင်းဆင်းလေ့လာမှုများကို ကြိုတင်ဆောင်ရွက်ထားကြောင်း အဆိုပါအသင်းမှ သိရသည်။

လှူဒါန်းမှုတွင် တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်၊ ဆီ ၅၀ သားတစ်ဘူး၊ ပဲ၊ ကြက်သွန်၊ ကော်ဖီမစ်ထုပ်၊ ငါးသေတ္တာဘူး စသည့် အခြေခံစားသောက်ကုန်များကို ထောက်ပံ့လှူဒါန်းခဲ့ပြီး အမှန်တကယ် စားသောက်ရေး အခက်အခဲရှိပါက We Love လှိုင်သာယာပရဟိတအဖွဲ့ ဖုန်း- ၀၉-၇၇၇၅၆၆၆၄၄၊ ၀၉-၅၁၆၄၆၀၁၊ ၀၉-၇၈၃၆၅၄၄၇၁၊ ၀၉-၆၆၂၂၂၀၀၂ နှင့် ၀၉-၉၅၈၅၈၅၁၉၄ တို့သို့ ဆက်သွယ်အကူညီတောင်းခံနိုင်ကြောင်း သိရသည်။

လက်ရှိတွင် အသင်းအနေဖြင့် ကန့်သတ်စောင့်ကြည့်စခန်းများ၌ လိုအပ်သည့် ကူညီထောက်ပံ့လုပ်အားပေးမှုများကို အဓိကထားဆောင်ရွက်နေပြီး လှိုင်သာယာမြို့နယ်အတွင်း စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်များ ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

## ကျောက်မဲမြို့နယ်၌ အထူးရဲသင်တန်းသား ၁၀၀ အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ မဲရုံလုံခြုံရေးအဖြစ် တာဝန်ထမ်းဆောင်ကြမည့် အထူးရဲ ၁၀၀ အား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ Rapid Antigen Diagnostic Test Kit များဖြင့် ယနေ့ညနေ ၃ နာရီက ကျောက်မဲမြို့မရဲစခန်း၌ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

ကျောက်မဲမြို့နယ်အတွင်းရှိ လျာထားမဲရုံ ၁၁၁ ရုံအတွက် အထူးရဲ ၁၁၁ ဦး ရှိသော်လည်း ယခင်ရက်များက တိုက်ပွဲဖြစ်ပွားနေသည့် ပုံဝိုးနယ်မြေရဲစခန်းရှိ အထူးရဲ ၁၁ ဦးမှာ လာရောက်စစ်ဆေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ယနေ့ စစ်ဆေးခဲ့သည့် မဲရုံလုံခြုံရေးအထူးရဲ ၁၀၀ တွင် ကိုဗစ်-၁၉ ရောဂါပိုးမရှိကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

## မက်မန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်

**မက်မန်း အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက (အထက)ကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက မက်မန်းမြို့နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားများ ကိုဗစ်-၁၉ရောဂါ မကူးဆက်စေရေးအတွက် ခရီးသွားလာရာတွင် နှာခေါင်းစည်းများဝတ်ဆင်ခြင်း၊ မြို့အဝင်/အထွက်ဂိတ်များတွင် စစ်ဆေးရေးဂိတ်များ စနစ်တကျစစ်ဆေးမှုခံယူရန်နှင့် ကျန်းမာရေးလမ်းညွှန်ချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် မြို့နယ်ဆရာဝန် ဒေါက်တာအောင်ကိုဝင်းက Facility Quarantine ခံယူနေသည့် နေရပ်အသီးသီးမှ ပြန်လည်ရောက်ရှိလာသူများအနေဖြင့် Facility Quarantine သီးသန့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလာသူများအနေဖြင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ပူးပေါင်းပါဝင်ကြရန်တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**မက်မန်း**
**(ပြန်/ဆက်)**

## နမ္မတူမြို့နယ် ယာယီပျံကျဈေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးဆောင်ရွက်

**နမ္မတူ အောက်တိုဘာ ၁၂**

နမ္မတူမြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းတစ်ခုလျှင် ငွေကျပ် ၂၀၀ ဖြင့် ခုဝယ်ခုတပ်စနစ်ဖြင့် ကြပ်မတ်ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၆ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ပန်ဟိုက်ရပ်ကွက်(၆) အားကစားကွင်းရှိ ယာယီပျံကျဈေး၌ ဆောင်ရွက်ခဲ့သည်။

နမ္မတူမြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဒေသခံပြည်သူများအား နေအိမ်ပြင်ပထွက်တိုင်း နှာခေါင်းစည်းကို မဖြစ်မနေ စနစ်တကျဝတ်စေရေး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို အသိပညာပေးဆောင်ရွက်ကာ နှာခေါင်းစည်း မဝတ်လာသော ဒေသခံပြည်သူ ၂၀ ခန့်အား ရေမလိုလက်သန့်ဆေးရည်ဖြင့်လက်ဆေးစေပြီး နှာခေါင်းစည်းတစ်ခုလျှင် ကျပ် ၂၀၀ ဖြင့် ခုဝယ်ခုတပ်စနစ်ဖြင့် ချက်ချင်းဝယ်ယူ တပ်ဆင်စေခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

## နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မယ်စဲ့ အောက်တိုဘာ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကောင်းမွန်ရေး အဓိကထားဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့ရာ တင်ဒါအောင်မြင်ခဲ့သည့်ကုမ္ပဏီများမှခွင့်ပြုငွေကျပ် ၉၃၈ ဒသမ ၇၇၃သန်းဖြင့် ဟိုဂျစ်-ဟိုဖ-လယ်တောလမ်းပေါ်တွင် ၃ မိုင် ၆ ဖာလုံ မြေလမ်းဖောက်လုပ်ခြင်း၊ လေးမိုင်ဖြုန်းကျောက်ခင်းခြင်း၊ကွန်ကရစ်ဘေလီတံတား ကိုးစင်းတည်ဆောက်ခြင်း၊ Box Culvert ၁၅ စင်းတည်ဆောက်ခြင်း၊ ပေ ၁၃၂၀ ချောင်းရေမြောင်း ဖောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့သည်။ ၎င်းအပြင် ခွင့်ပြုငွေကျပ် ၅၃၆ ဒသမ ၅၆၆ သန်းဖြင့် ဟိုဂျစ်-တောင်လှလမ်းပေါ်တွင် မြေလမ်းဖောက်လုပ်ခြင်း၊ ကွန်ကရစ်/ဘေလီတံတားခုနစ်စင်း တည်ဆောက်ခြင်း၊ Box Culvert ၁၀ စင်းတည်ဆောက်ခြင်းနှင့် ခွင့်ပြုငွေကျပ် ၂၄ ဒသမ ၁၅၃ သန်းဖြင့် မယ်စဲ့မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသွားလမ်း ကတ္တရာခင်းခြင်း၊ ၎င်းလမ်းပေါ်တွင် Pipe Culvert တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းတို့အား စုစုပေါင်း ရန်ပုံငွေကျပ် ၁၄၉၉ ဒသမ ၄၉၂ သန်းဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ချောက်မြို့နယ် သံဘို(တ)ကျေးရွာ၌ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ပြီးစီး

**ချောက် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ချောက်မြို့နယ် သံဘိုကျေးရွာအုပ်စု သံဘို(တောင်) ကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစ်မ်းရောင်စီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို စက်တင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သံဘို(တောင်)ကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၃၉၃၅ ပေသွယ်တန်းခြင်းလုပ်ငန်းကို မြစ်မ်းရောင်စီမံကိန်းအတိုးရငွေများအနက်မှ ခွင့်ပြုငွေ ၁၂ ဒသမ ၁၄၁၈ သန်းဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ သတ်မှတ်ချက်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

အဆိုပါ ကျေးရွာ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းသည် ကျေးရွာရှိ အိမ်ခြေ ၁၂၉ အိမ်၊ လူဦးရေ ၅၈၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော (သတင်းစဉ်)**

## ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲ ကျောက်မှုန့်မြေဩဇာ ထည့်သွင်းခြင်း စံပြကွက်စိုက်ပျိုး

**ကျွန်းလှ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာအုပ်စု ကြာတကန်ကျေးရွာ ကွင်းအမှတ်(၄၉၀) တောင်သူဦးမြသာ၏ယာမြေ သုံးဧကတွင် ယမန်နေ့ နံနက်ပိုင်းက ဆောင်းမြေပဲသီးနှံ ကျောက်မှုန့်မြေဩဇာ (ဂျစ်ပဆန်) ထည့်သွင်းခြင်း စံပြကွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တောင်သူများကျောက်မှုန့်မြေဩဇာ(ဂျစ်ပဆန်)ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ဆိုဒီယမ်ကိုဖယ်ထုတ်ပြီး သီးနှံအထွက်နှုန်းကောင်းမွန်ကြောင်း၊ မြေပဲအတောင့်ကြီးထွားပြီး အဆန်ပြည့်တင်းခြင်း၊ ဆီထွက်နှုန်းကောင်းခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မြမြသွယ်က ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျောက်မှုန့်မြေဩဇာ(ဂျစ်ပဆန်)ထည့်သွင်းပြီး စံပြကွက်စိုက်ပျိုးခြင်းကို ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ ဝန်ထမ်းများ၊ ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်ကြောင်း၊ နည်းပညာပေးစင်တာများဖွင့်လှစ်ထားပြီး စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မျိုးဝင်းညို(ကျွန်းလှ)**

## မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ အသွားအလာကန့်သတ်ထားသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်



**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီမှမန္တလေးမြို့အောင်မြေသာစံမြို့နယ်ရှိ ဥပုသ်တော်ရပ်ကွက်နှင့် အမရဋ္ဌာနီအရှေ့ရပ်ကွက်တို့တွင် ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှုကြောင့် အသွားအလာကန့်သတ်ထားသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို အောက်တိုဘာ ၁၀ ရက် ညနေ ၅ နာရီခွဲက ဥပုသ်တော်ရပ်ကွက်ရှိ လင်းဇင်းဓမ္မာရုံ၌ ပြုလုပ်သည်။

ထောက်ပံ့ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေ၏ စီစဉ်လမ်းညွှန်မှုဖြင့် ဥပုသ်တော်ရပ်ကွက်ရှိအိမ်ထောင်စု၂၄စုနှင့် အမရဋ္ဌာနီအရှေ့ရပ်ကွက်ရှိ အိမ်ထောင်စု ၄၃စုတို့မှ လူဦးရေ ၁၀၀ဝ ကျော်အတွက် တစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆပ်ပြာတစ်ခဲ၊ နှာခေါင်းစည်း ငါးခု၊ လက်သန့်ဆေးရည် သုံးခုစီတို့ကို တိုင်းဒေသကြီးအမျိုးသမီးကော်မတီဝင် ဒေါ်လှိုင်ယဉ်နွယ်နှင့် မြို့နယ်အမျိုးသမီးကော်မတီဝင်များက ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလက်ခံရယူပြီး ၎င်းတို့မှ တစ်ဆင့် ရာအိမ်မှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များက အိမ်တိုင်ရာရောက် လိုက်လံပေးဝေခဲ့ကြကြောင်း သိရသည်။ **ဇော်လင်းဦး(အောင်စံ)**

## ပဲခူးယ်ကုန်းတိုက်နယ်ဆေးရုံမှ ပိုးကင်းစင်သူလေးဦးအား နေအိမ်အသီးသီးသို့ ပြန်လည်ပို့ဆောင်

**ကျောက်တံခါး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဟာရီးကျေးရွာအုပ်စု ဘာဘူကုန်းကျေးရွာမှ ပိုးကင်းစင်သူ သုံးဦးနှင့် မဂ္ဂရာကျေးရွာမှ ပိုးကင်းစင်သူ တစ်ဦး စုစုပေါင်း လေးဦးတို့အား ယမန်နေ့ နံနက် ၁၁ နာရီက ပဲနွယ်ကုန်း တိုက်နယ်ဆေးရုံမှ တစ်ရာစွမ်းအား ကျန်းမာရေးနှင့် ပညာရေးအထောက်အကူပြုအဖွဲ့မှ မော်တော်ယာဉ်ဖြင့် ကျောက်တံခါးမြို့နယ် ဘာဘူကုန်းကျေးရွာရှိ ၎င်းတို့၏ နေအိမ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ကျောက်တံခါးမြို့နယ်မှပိုးကင်းစင်၍ ဆေးရုံဆင်းခွင့်ရရှိသူစုစုပေါင်း ၁၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**



## ပင်လည်ဘူးမြို့နယ်၌ ကန့်သတ်စောင့်ကြည့်စခန်းဝင်ရောက်နေသူများအား စားသောက်ကုန်များလှူဒါန်း

**ပင်လည်ဘူး အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့၌ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဖွင့်လှစ်ဆောင်ရွက်ထားသော တုံးမွန်းကျေးရွာ ကန့်သတ်စောင့်ကြည့်စခန်းတွင် ဝင်ရောက်နေသူများ၏ စားသောက်ရေး အဆင်ပြေစေရန် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့်စေတနာ အလှူရှင်များမှ လှူဒါန်းသော စားသောက်ကုန်ပစ္စည်းများ၊ နှာခေါင်းစည်းများနှင့် အလှူငွေများကို အောက်တိုဘာ ၁၀ ရက်က မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသက်နောင်နှင့် တာဝန်ရှိသူများ သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ တုံးမွန်းကျေးရွာ ကန့်သတ်စောင့်ကြည့်စခန်းတွင် ဝင်ရောက်နေသူ ၃၂ ဦးရှိပြီး ၎င်းတို့အားမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခေါက်ဆွဲကြော်များ၊ ငါးချဉ်၊ ငါးခြောက်များ၊ ကြက်ဥများ၊ စားဆီများ၊ အာလူးများ၊ မုန့်လာထုပ်၊ ငါးသေတ္တာဘူးများ၊ ယမ်းယမ်းခေါက်ဆွဲထုပ်များ၊ ကော်ဖီမစ်များ၊ အချိုရည်ဘူးများ၊ လက်ဖက်ထုပ်များနှင့် မုန့်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**



## မော်လမြိုင်ကျွန်းမြို့နယ် ခုတင် ၁၀၀ ဆေးရုံမှ ပထမဦးဆုံး ကိုဗစ်-၁၉ ပိုးတွေ့လူနာ ဆေးရုံဆင်းခွင့်ရ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၂**

မော်လမြိုင်ကျွန်းမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံတွင် ပထမဆုံး ကိုဗစ်-၁၉ ပိုးတွေ့လူနာအဖြစ် စောင့်ရှောက်ကုသမှုပေးထားသည့် အသက်၅၀ကျော် အမျိုးသမီးတစ်ဦးသည် ယမန်နေ့ မွန်းလွဲပိုင်းက ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှဆင်းခွင့်ရရှိခဲ့သည်။

အဆိုပါဆေးရုံဆင်းခွင့်ရလူနာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးနှင့် ကော်မတီဝင်များက သွားရောက်ကြိုဆိုအားပေးကြပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းဝင်းက ဆေးရုံဆင်းလက်မှတ်ပေးအပ်ခဲ့ကာ Stay at home နေရမည့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ် ခုတင် ၁၀၀ ဆေးရုံတွင် ယမန်နေ့ မွန်းလွဲပိုင်းအထိ ပိုးတွေ့လူနာ သုံးဦးသာကျန်ရှိပြီး ကျန်းမာရေးကောင်းမွန်ကြကြောင်း သိရသည်။

**သီတာအောင်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့၌ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့က ဦးဆောင်၍ နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေ

**မြစ်ကြီးနား အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ကဦးဆောင်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရာသက်ပန်အသင်းဝင်များ၊ ယခင်ကြက်ခြေနီတပ်ဖွဲ့ဝင်ဟောင်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက်နေအိမ်ပြင်ပတွင်သွားလာသူများအား နှာခေါင်းစည်းများကိုအောက်တိုဘာ ၁၀ ရက်က အခမဲ့ ဖြန့်ဝေခဲ့ကြသည်။

**အခမဲ့ဖြန့်ဝေ**

အဆိုပါ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေပေးခြင်းလုပ်ငန်းကို မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက် မီးပွိုင့်နှင့် အေးစေတီရပ်ကွက်မီးပွိုင့်တို့တွင် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူးဦးချစ်ဖေဦးဆောင်၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရာသက်ပန်အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်ဟောင်းများပူးပေါင်း၍ နေအိမ်ပြင်ပတွင် သွားလာသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**စိန်ဝင်း(ပြန်/ဆက်)**

## အားလုံးကျန်းမာဖို့ လက်သန့်ရှင်းကြစို့ ဆောင်ပုဒ်ဖြင့် ကမ္ဘာ့လက်ဆေးရေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့လက်ဆေးရေးနေ့ ဆောင်ပုဒ်မှာ “အားလုံးကျန်းမာဖို့ လက်သန့်ရှင်းကြစို့”ဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် – ၁၉ ကို နေရာအနှံ့တွင် ရင်ဆိုင်ကျော်ဖြတ်နေရသည့် ကာလဖြစ်ခြင်းကြောင့် လက်ဆေးခြင်း အလေ့အထကို ပိုမိုအလေးထား လုပ်ဆောင်ရမည်ဖြစ်သည်။ နေ့စဉ်ဘဝတွင် လက်ဆေးခြင်းအလေ့အထကောင်းများရရှိစေရန်အတွက် ရည်ရွယ်၍ လက်ဆေးနေသောဓာတ်ပုံများဖြင့် ပါဝင်ဆင်နွှဲကြရန်ဖိတ်ခေါ်ထားသည်။

**စနစ်တကျ လက်ဆေးနေပုံ**

ပြိုင်ပွဲဝင်သူများသည် မိမိနစ်သက်ရာဖုန်း သို့မဟုတ် ကင်မရာဖြင့် တစ်ဦးလျှင်ဓာတ်ပုံ တစ်ပုံသာပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံသည် မိမိကိုယ်တိုင် သို့မဟုတ် အခြားတစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဦးထက်ပိုသော လူအများ စနစ်တကျလက်ဆေးနေပုံဖြစ်ရမည်။ ထို့အပြင် ကြည်လင်ပြတ်သားသောအရည်အသွေးရှိရမည်။ ထို့နောက် Water Aid Myanmar Facebook Page အား Like and Follow ပြုလုပ်ရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအား လက်သန့်ရှင်းရေး၏ အရေးကြီးပုံကို ရှင်းပြထားသည့်စာသားအများဆုံး စာကြောင်း နှစ်ကြောင်း သို့မဟုတ် သုံးကြောင်းနှင့်အတူ Water Aid Myanmar Facebook Page Chat Box သို့ပေးပို့ရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများထဲမှ ဓာတ်ပုံခြောက်ပုံကို ရွေးချယ်သွားမည်ဖြစ်သည်။

သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုရှိပြီး Like နှင့် Share အများဆုံး ရရှိသည့်ဓာတ်ပုံသုံးပုံကို ရွေးချယ်မည်ဖြစ်သည်။ ထို့ပြင်ဒိုင်အဖွဲ့ဝင် သုံးဦးမှစည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီမှုရှိပြီး ဓာတ်ပုံဖန်တီးမှုနှင့်စာသားရေးသားမှုအကောင်းဆုံးဓာတ်ပုံ သုံးပုံကို ရွေးချယ်မည်ဖြစ်သည်။

ဒိုင်အဖွဲ့ဝင်များရွေးချယ်သည့် ဓာတ်ပုံသုံးပုံမှ ပထမဆု ကျပ် ငါးသိန်း၊ ဒုတိယဆု ကျပ် သုံးသိန်း၊ တတိယဆုကျပ် တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။ Likeနှင့် Share အများဆုံးရရှိသောဓာတ်ပုံ သုံးပုံမှ ပထမဆု ကျပ် သုံးသိန်း၊ ဒုတိယဆု ကျပ် နှစ်သိန်း၊ တတိယဆုကျပ် တစ်သိန်းချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

**ဆုရဓာတ်ပုံများ ကြေညာမည်**

ပြိုင်ပွဲဝင် ဓာတ်ပုံများကို Water Aid Myanmar Facebook Page တွင် အောက်တိုဘာ ၁၄ ရက်မှ စတင်ကာဖော်ပြသွားမည်ဖြစ်သည်။ အောက်တိုဘာ ၁၆ ရက် ညနေ ၆ နာရီအထိ Like and Share များ ပြုလုပ်နိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် ဆုရဓာတ်ပုံများအား ကြေညာမည်။

ဆုရဓာတ်ပုံများအားလုံးကို သတ်မှတ်ထားသည့်ဆုကြေးငွေများနှင့်အတူ အမှတ်တရလက်ဆောင်ပစ္စည်းများပါချီးမြှင့်သွားမည်။ ရွေးချယ်ခံရသည့်ဓာတ်ပုံများကို Water Aid Myanmar ၏ ပညာပေးအစီအစဉ်များတွင် အခါအားလျော်စွာ ထည့်သွင်းအသုံးပြုသွားမည်ဟု သိရသည်။

**အောင်သူရ**

## ထိုင်းမှနေရပ်ပြန်သူများ ကော့ကရိတ်မြို့သို့ ထပ်မံရောက်ရှိ

**ကော့ကရိတ် အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ထိုင်းနိုင်ငံမှ နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီက မြဝတီမြို့စောင့်ကြည့်ရေးစခန်းမှတစ်ဆင့် နေရပ်ပြန်ပြည်သူ ၁၀ ဦးသည် ကော့ကရိတ်မြို့ မြို့မအားကစားကွင်းသို့ ထပ်မံရောက်ရှိကြသည်။ ရောက်ရှိလာသော နေရပ်ပြန်ပြည်သူများမှာ ကော့ကရိတ်မြို့မှ ရှစ်ဦး၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ နှစ်ဦး စုစုပေါင်း ၁၀ ဦးဖြစ်ပြီး မြဝတီမြို့တွင် Quarantine ၁၄ ရက် ဝင်ရောက်ခဲ့ပြီး ကျန်းမာရေးဆေးစစ်ရာ ပိုးမတွေ့ရှိသူများ ဖြစ်ကြသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသော ထိုင်းနေရပ်ပြန်ပြည်သူများကို ကော့ကရိတ်မြို့ မြို့မအားကစားကွင်းတွင် စုရပ်ထားရှိ၍ ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာတာဝန်ရှိသူများက နေရပ်ပြန်များနေထိုင်သည့် ကျေးရွာ/ရပ်ကွက်များတွင် ထားရှိသော Quarantine များတွင် ခုနစ်ရက်ထားရှိသွားရန်နှင့် သက်ဆိုင်ရာနေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက ကိုဗစ်-၁၉ လူနာ ၃၀၀၀ အတွက် အာဟာရဖြည့်စွက်အားဆေးများ လှူဒါန်း



ရန်ကုန် အောက်တိုဘာ ၁၂

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၅၀၀ တန်ဖိုးရှိ လူနာ ၃၀၀၀ စာ ဗီတာမင် အာဟာရဖြည့်စွက်အားဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ယနေ့မွန်းလွဲ ၂ နာရီခွဲက ပေးအပ်လှူဒါန်းရာ ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက လက်ခံရယူခဲ့ပြီး အလှူရှင်ဖောင်ဒေးရှင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

**ဖြည့်စွက်အားဆေးများ တိုက်ကျွေးမည်**

ဆေးတက္ကသိုလ်(၁) (ရန်ကုန်)မှကြီးကြပ်၍ ဆေးသုတေသနဦးစီးဌာနနှင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ သုတေသနပြုလုပ်ကာ ဖျားနာခြင်း၊ အနံ့ပျောက်ခြင်း၊ အသက်ရှူကျပ်ခြင်းနှင့် ဝမ်းလျှောခြင်းများ ဖြစ်ပွားနေသောလူနာ ၁၀၀၀ အား Vitamin D3၊ Vitamin C၊ Zinc နှင့် Probiotic ဆေးများပါဝင်သော ဗီတာမင် အာဟာရဖြည့်စွက်အားဆေးများကို တိုက်ကျွေးသွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် လူနာ ၃၀၀၀ အား အာဟာရဖြည့်စွက်အားဆေးများ တိုက်ကျွေးသွားမည်ဖြစ်ပြီး ကျန်းမာရေးခုခံမှုစနစ်ကောင်း၊ မကောင်းစစ်တမ်းကောက်ယူ၍ ရရှိလာသည့်ရလဒ်အပေါ်မူတည်ကာ ဖြည့်စွက်အားဆေးများအား လူဦးရေ ငါးသိန်းအထိ တိုက်ကျွေးသွားမည်ဖြစ်၍ မြို့နယ်အဆင့်မှ ခရိုင်၊ ခရိုင်အဆင့်မှ တိုင်းဒေသကြီး၊ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ဖြည့်စွက်အားဆေးများအခမဲ့တိုက်ကျွေးရန် စီစဉ်ထားကြောင်းလည်း သိရသည်။

**လာရောက်ကြည့်ရှု**

အဆိုပါ လှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ လာရောက်ကြည့်ရှုခဲ့ကြသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ကူညီဆောင်ရွက်ရန် ရန်ကုန်သို့ သွားရောက်မည့် မွန်ပြည်နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်

မော်လမြိုင် အောက်တိုဘာ ၁၂

မွန်ပြည်နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများ ကူညီဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။



**ထောက်ပံ့ချီးမြှင့်**

ထိုသို့ဆောင်ရွက်ရာတွင် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ စုရပ်ဖြစ်သော မဟာမြတ်မုနိစေတီတော် သုခချမ်းသာဓမ္မာရုံရှေ့၌ မွန်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက မွန်ပြည်နယ်မှ ဒုပြည်နယ်တပ်ဖွဲ့မှူး ဒေါ်လေးလေးခက် ဦးဆောင်သော ကြက်ခြေနီတပ်ဖွဲ့ဝင် အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၄၁ ဦးကို ဂုဏ်ပြုအမှာစကားပြောကြားပြီး မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၂၀၅၀၀၀၀ ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ရန်ကုန်မြို့သို့သွားရောက်မည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင်များက ဂုဏ်ပြုဆုငွေများ ဆက်လက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ထံမှ သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**


# ပြင်ဦးလွင်မြို့နယ်၌ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး

ပြင်ဦးလွင် အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် ယမန်နေ့ မွန်းလွဲ ၁ နာရီမှ စတင်ပြီး ပြင်ဦးလွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာသန်းဝင်း ဦးဆောင်၍ ဒေါက်တာကျော်မိုးထွန်းနှင့် ဝန်ထမ်းများ၊ အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင် ၇၀၀ မှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအဝင် ရှမ်းပြည်နယ်မှ ထွက်ခွာလာသော ကျောက်မဲ – လားရှိုး – မူဆယ်မှ ကုန်တင်ယာဉ်များကို သတ်မှတ်ထားသည့် မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်၌ ကုန်တင်ယာဉ်များမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား နှာခေါင်းတို့ဖတ်ယူစစ်ဆေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း ဖြတ်သန်းသွားလာမည့် အဝေးပြေးကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား Rapid Test Kit ဖြင့် စုစုပေါင်း ၁၉၁ ဦးတို့ကို နှာခေါင်းတို့ဖတ်ယူစစ်ဆေးပေးခဲ့ပြီး ယနေ့စစ်ဆေးမှုတွင် ကိုဗစ်–၁၉ ရောဂါပိုး မတွေ့ရှိသောကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကာယကံရှင် ဓာတ်ပုံပါဝင်သော နှစ်ပတ်အတွင်း ကျန်းမာရေးအသိအမှတ်ပြုကတ်များ အသီးသီးပေးအပ်ပြီးနောက် ယာဉ်များအား သတ်မှတ်စည်းကမ်းနှင့်အညီ ဆက်လက်ထွက်ခွာခွင့်ပြုခဲ့ကြောင်း သိရသည်။

မြတ်ဆုမွန်(ပြန်/ဆက်)



# ဆိုင်းဇန်ကျေးရွာနှင့် ကပ်တဲလ်တံတားကြား ရွာချင်းဆက်ကားလမ်း ချိုင့်ခွက်များ မြေဖို့ခြင်းနှင့် လမ်းရှင်းခြင်းများပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၂

တီးတိန်မြို့နယ် ဆိုင်းဇန်ကျေးရွာနှင့် ကပ်တဲလ်ကျေးရွာ ဆက်သွယ်သည့် ဆိုင်းဇန်-ကပ်တဲလ် တံတားကြား ရွာချင်းဆက်လမ်းကို ဆိုင်းဇန်ကျေးရွာမှ တစ်ရွာလုံး စုပေါင်းလုပ်အားဖြင့် အယောက် ၃၀၀ ခန့်က ယမန်နေ့တွင် ချိုင့်ခွက်များမြေဖို့ခြင်းနှင့် လမ်းရှင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း လူငယ်အဖွဲ့ခေါင်းဆောင် ဦးဇမ်းပိုထံမှ သိရသည်။

**အကျယ်ပေ ၂၀**

အဆိုပါလမ်းသည် ဆိုင်းဇန်ကျေးရွာမှ ကပ်တဲလ် ကျေးရွာထိ ၁၂ မိုင်ဝေးပြီး မဏိပူရ်မြစ်ကို ဖြတ်သန်းလျက်ရှိသည်။ ဆိုင်းဇန်-ကပ်တဲလ် တံတားကြား လမ်းသစ်ကို ၂၀၁၄–၂၀၁၅ ဘတ်ဂျက်ဖြင့် ဖောက်လုပ်ခြင်းဖြစ်ရာ အကျယ် ပေ ၂၀ ဖြစ်ပြီး လမ်းသစ်ဖွင့်ပွဲကို ၂၀၁၆ ခုနှစ် မတ် ၂၈ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း ဆိုင်းဇန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဆွေဇင်းဇမ်းထန်ထံမှ သိရသည်။

အဆိုပါလမ်း ဖောက်လုပ်ပေးခြင်းအားဖြင့် ခရီးသွားမိဘပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လျှန်ပီး**
**(သတင်းစဉ်)**

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်



နေပြည်တော် အောက်တိုဘာ ၁၂

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ စာချုပ်သက်တမ်းကျော်လွန်၍ မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ဆိုးလ်မြို့ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံပင်လယ်ကူးသဘော်သား ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**၁၄၅ ဦး လိုက်ပါ**

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၁၂၂ ဦး၊ ဘရာဇီးမှ ၁၄ ဦး၊ ယူအေအီးမှ တစ်ဦး၊ ဗီယက်နမ်မှ သုံးဦး၊ သြစတြေးလျမှ သုံးဦး၊ ပနားမားမှ တစ်ဦးနှင့် ရုရှားမှ တစ်ဦး စုစုပေါင်း ၁၄၅ ဦး လိုက်ပါခဲ့ကြသည်။

ယင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၂**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ပြည်သူများ ဈေးရောင်းဈေးဝယ်ရာတွင် အဆင်ပြေစေရန် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်း(ဗဟိုလမ်း)ရှိ ဘို့ကုန်းဈေး မြေညီထပ်ဆောက်လုပ်နေမှုကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် တာဝန်ရှိသူများသည် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်း ဘို့ကုန်းဈေးမြေညီထပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက တာဝန်ယူဆောက်လုပ်နေသည့်လုပ်ငန်းခွင်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးရာ သတ်မှတ်ကာလ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် လုပ်ငန်းခွင်၌ အန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေး စသည်တို့ကို ဆွေးနွေးပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ထို့အတူ အောက်တိုဘာ ၁၁ ရက်တွင်လည်း အင်းစိန်မြို့နယ် စည်ပင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နံ့သာကုန်းရပ်ကွက် အဝေရာလမ်းထိပ်၌ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းဖော်ခြင်းလုပ်ငန်းကို စည်ပင်လမ်းတံတားက တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းခွင်၊ ကမ်းနားအလယ်ရပ်ကွက် အထက(၄) ရှေ့၌ မြောင်းဖော်၊ အုတ်စီ၊ မြောင်းဖုံး ဆောင်ရွက်နေသည့်လုပ်ငန်းခွင်နှင့် ကြို့ကုန်းအရှေ့ရပ်ကွက်(၁)လမ်း လမ်းဘေးဝဲ/ယာ၌ မြက်ပင်များအား စည်ပင်ဝန်ထမ်းများက ရှင်းလင်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ အင်းစိန်မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ဥဏ်ဟိန်း**



# သံတောင်ကြီးမြို့နယ် ဗဟုံး-ကျေးကတော့-မောင်ဘလောက် ကျောက်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၁၂**
၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇၅ ဒသမ ၀၇၃ သန်းဖြင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ဗဟုံး – ကျေးကတော့ – မောင်ဘလောက်လမ်း (၁/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ငါးပေ Box Culvert ငါးစင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဗဟုံး – ကျေးကတော့ – မောင်ဘလောက်လမ်း (၂၁/၇)မိုင် အနက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် (၁၅/၆) မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီး ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျောက်လမ်း (၁/၄) မိုင်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။



သံတောင်ကြီးမြို့နယ် ဗဟုံး – ကျေးကတော့ – မောင်ဘလောက်လမ်းပေါ်တွင် ကျေးရွာပေါင်း ၁၄ ရွာ၊ အိမ်ခြေပေါင်း ၈၁၆ အိမ်နှင့် လူဦးရေစုစုပေါင်း ၄၁၄၅ ဦး နေထိုင်လျက်ရှိပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဗဟုံး – ကျေးကတော့ – မောင်ဘလောက်လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# စိုက်ပျိုးမြေဧက ၆၀၀ ကျော် အကျိုးပြုမည့် ကုန်ထုတ်လမ်း သုံးလမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၁၂**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(WSAP) ရန်ပုံငွေဖြင့် ပေါက်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာ၌ စိုက်ပျိုးမြေဧက ၆၀၀ ကျော်အကျိုးပြုနိုင်မည့် ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်းကို ဇွန်လမှစတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့(IFAD)တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(WSAP) ခွင့်ပြုရန်ပုံငွေ ကျပ် ၈၁ ဒသမ ၀၆ သန်းဖြင့် ပေါက်မြို့နယ်အတွင်းရှိ ထန်းတောကုန်းကျေးရွာ ကုန်ထုတ်လမ်းအရှည် ၂ ဒသမ ၃၅ ဖာလုံ၊ ငမို့ကြီးကျေးရွာ ကုန်ထုတ်လမ်း အရှည် ၄ ဒသမ ၆၅ ဖာလုံ၊ ငမို့လေးကျေးရွာ ကုန်ထုတ်လမ်း အရှည် ၄ ဒသမ ၄၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ တစ်ပေ ခြောက်လက်မဒု၊ မြေနီကျောက်စရစ် ကိုးလက်မဒုခင်းခြင်းနှင့် မြေထိန်းနံရံ ပေ ၁၀၅၀ တည်ဆောက်ခြင်း၊ အရှည် ပေ ၃၀၊ အကျယ် ၁၈ ပေရှိ ရေကျော်တစ်စင်းတည်ဆောက်ခြင်း၊ Salb Culvert၊ Box Culvert ၁၁ စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့် ငွေကြာရုံကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ပေါက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသန့်ထံမှ သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးအောင်ကြီးနှင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ထန်းတောကုန်းကျေးရွာ၊ ငမို့ကြီးကျေးရွာနှင့် ငမို့လေးကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထန်းတောကုန်းကျေးရွာ၊ ငမို့ကြီးကျေးရွာနှင့် ငမို့လေးကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းများ ဆောင်ရွက်နိုင်မှုကြောင့် အကျိုးပြု ကျေးရွာလေးရွာ၊ အိမ်ခြေ ၁၃၈၄ အိမ်၊ လူဦးရေ ၆၄၂၆ ဦးတို့၏ စိုက်ပျိုးမြေဧက ၆၄၇ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါစိုက်ပျိုးမြေများမှ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**

# သထုံခရိုင်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**သထုံ အောက်တိုဘာ ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်လေးမြို့နယ်၌ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သထုံခရိုင်အတွင်း မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာပေါင်း ၅၂ ရွာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ပြည်ထောင်စုနှင့်ပြည်နယ်ရန်ပုံငွေများဖြင့် တွင်းတိမ်ငါးတွင်း၊ တွင်းနက်နှစ်တွင်း၊ ရေသန့်စင်စနစ်တစ်ခု၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းသုံးခု၊ အခြားလုပ်ငန်း ၃၉ ခု၊ လက်တူးတွင်းကိုးတွင်း၊ မြေသားရေကန်အနက် တူးဖော်ခြင်းလုပ်ငန်းငါးခုနှင့် ကျေးလက်ကုန်ထုတ်လမ်း ရှစ်လမ်း၊ ကုန်ထုတ်လမ်းပေါ်ရှိ Box Culvert တစ်စင်း၊ ကွန်ကရစ်တံတား ငါးစင်း၊ ရေပြွန်သုံးစင်းတို့ ဆောင်ရွက်ခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၅၄ ရွာတွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာပေါင်း ၄၄ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကိုဗစ် –၁၉ ကူးစက်ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံရသောကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေရန်အတွက် Cash For Work စီမံကိန်းကို ကျေးရွာ ၄၂ ရွာတို့၌ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကျေးလက်နေလုပ်ကွက်ငယ်တောင်သူများ၊ ထုတ်လုပ်ရောင်းချနေသူများအား သွင်းအားစုအရင်းအနှီးများ ရရှိစေရန်အတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ကျေးရွာ ၃၆ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သတ်မှတ်ကာလတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်းထံမှ သိရသည်။

**မိုးဝင်း(ကျေးလက်)**



မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ်ရှိ ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေး အတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများအား ကြိုးအကြီးများဖြင့် လဲလှယ်ခြင်း၊ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်း ကြိုးအသစ်ဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို အောက်တိုဘာ ၁၂ ရက်က တွေ့ရစဉ်။

ကြေးမုံ



# ၂၀၂၂ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲများကို အစောဆုံး မတ်လမှသာ ကျင်းပနိုင်ဖွယ်ရှိ

ရန်ကုန် အောက်တိုဘာ ၁၂

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲများကို အစောဆုံး မတ်လမှသာ ကျင်းပနိုင်ဖွယ်ရှိနေသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် လက်ကျန်ပွဲများကို လာမည့်နှစ်သို့ ရွှေ့ဆိုင်းထားသော်လည်း အာရှနိုင်ငံများ၏ ရောဂါအခြေအနေအပေါ် မူတည်ပြီး ကျင်းပမည့်ရက်များကို ပြန်လည်အတည်ပြုမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ပထမအဆင့်နှင့် ဒုတိယအဆင့်ခြေစစ်ပွဲများကို တစ်ပေါင်းတည်းကျင်းပခဲ့သော်လည်း တတိယအဆင့်တွင် သီးခြားစီကျင်းပမည်ဖြစ်သည်။ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရသည့်အသင်းများမှာ အာရှဖလားပြိုင်ပွဲတွင် တတိယအဆင့်ခြေစစ်ပွဲကစားစရာမလိုတော့ဘဲ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ဒုတိယအဆင့် ခြေစစ်ပွဲတွင် အုပ်စုပထမရသည့် ရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး လေးသင်း စုစုပေါင်း ၁၂ သင်းမှာ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ကျန်အသင်းများမှာမူ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် ဆက်လက် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး စတုတ္ထနေရာရ အသင်းများအနက် အောက်ဆုံးလေးသင်းနှင့် အဆင့် ၅ နေရာရအသင်းများမှာ တတိယအဆင့်ခြေစစ်ပွဲကစားခွင့်ရရန် Play-off အဆင့် ထပ်မံကစားရမည်ဖြစ်သည်။

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး ဒုတိယအကျော့ ပထမပွဲစဉ်အပြီးတွင် ရပ်နားထားရခြင်းဖြစ်ကာ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် သုံးပွဲနှင့် လေးပွဲကစားရန် ကျန်ရှိနေသည်။ မြန်မာအသင်းသည် အုပ်စု(F)တွင် ဂျပန်၊ တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ငါးပွဲကစား ခြောက်မှတ်ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် သုံးပွဲကစားရန် ကျန်ရှိနေပြီး ဂျပန်အသင်းနှင့် အဝေးကွင်း၊ ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စုလက်ကျန်ပွဲများကို ယခင်က ယခုနှစ် မတ်နှင့် ဇွန်လတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ပထမအကြိမ် ရွှေ့ဆိုင်းခဲ့ရပြီး အောက်တိုဘာနှင့် နိုဝင်ဘာလတွင် ထပ်မံကျင်းပရန် သတ်မှတ်ခဲ့ရာ အာရှနိုင်ငံများတွင် ဖြစ်ပေါ်နေသည့် ရောဂါအခြေအနေကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ထားသည့် နိုင်ငံတကာရက်သတ္တပတ်ဖြစ်သော မတ်နှင့် ဇွန်လတွင် ပြန်လည်ကျင်းပဖွယ်ရှိနေပြီး ရောဂါအခြေအနေအပေါ်မူတည်၍ ကျင်းပမည့်ရက် အတည်ပြုမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## နော်ဝေက ရိုမေးနီးယားကို အနိုင်ရတဲ့ပွဲစဉ်မှာ တိုက်စစ်မှူး ဟာလန်း ဟက်ထရစ်သွင်းယူ

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲရဲ့ အုပ်စု(B1)မှာ ဆုံတွေ့နေတဲ့ နော်ဝေအသင်းနဲ့ ရိုမေးနီးယားအသင်းတို့ အောက်တိုဘာ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ နော်ဝေအသင်းက ရိုမေးနီးယားအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး ဟာလန်းက ဟက်ထရစ်သွင်းယူနိုင်ခဲ့ပါတယ်။

နော်ဝေအသင်းနဲ့ ရိုမေးနီးယားအသင်းတို့ပွဲစဉ်မှာ ဒေါ့မွန် တိုက်စစ်မှူး ဟာလန်က ပွဲကစားချိန် ၁၃ မိနစ်၊ ၆၄ မိနစ်နဲ့ ၇၄ မိနစ်တို့မှာ သွင်းဂိုးသုံးဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး နော်ဝေအသင်းအတွက် နောက်တစ်ဂိုးကိုတော့ ဆော်လို့က ပွဲကစားချိန် ၃၉ မိနစ်မှာ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

**✻ ရာဖေးလ်နာဒယ်မှ**

ဆွတ်ခူးထားနိုင်ခဲ့တဲ့ ရော်ဂျာဖက်ဒဲရာရဲ့ စံချိန်ကို လိုက်မီခဲ့ပြီလည်း ဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်ဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ တစ်ကြိမ်၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ၁၃ ကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ နှစ်ကြိမ်နဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ လေးကြိမ် စုစုပေါင်း အကြိမ် ၂၀ အထိ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပြီး ဂျိုကိုဗစ်ကတော့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ရှစ်ကြိမ်၊ ပြင်သစ် အိုးပင်း တင်းနစ်ပြိုင်ပွဲမှာ တစ်ကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ငါးကြိမ်နဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ သုံးကြိမ် အသီးသီး ဗိုလ်စွဲထားတာ ဖြစ်ပါတယ်။

## မန်ယူအသင်း ပရီမီယာလိဂ်ဖလားရရှိရေး တိုက်စစ်မှူး ကာဗာနီ သန္နိဋ္ဌာန်ချ



တိုက်စစ်မှူးကာဗာနီဟာ မန်ယူအသင်း ပရီမီယာလိဂ်ဖလားရရှိရေးအတွက် သန္နိဋ္ဌာန်ချထားတယ်လို့ ဆိုပါတယ်။ ပရီမီယာလိဂ်ဖလားကို အကြိမ် ၂၀ အထိ ရယူထားနိုင်ခဲ့တဲ့ မန်ယူအသင်းဟာ ဂန္ထဝင်နည်းပြကြီး ဖာဂူဆန်နောက်ဆုံးကိုင်တွယ်ခဲ့တဲ့ ၂၀၁၃ ခုနှစ်က ပရီမီယာလိဂ်ဖလားကို နောက်ဆုံးရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းကတည်းက မန်ယူအသင်းရဲ့ ပရီမီယာလိဂ်မှာ အမြင့်ဆုံးစံချိန်ဟာ အမှတ်ပေးဇယားရဲ့ အဆင့် ၂ နေရာအထိ တက်လှမ်းနိုင်ခဲ့တာဖြစ်ပြီး အဲဒါဟာလည်း နည်းပြမော်ရင်ဟိုလက်ထက် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ဖြစ်ပါတယ်။

ဒါကြောင့် အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းတဲ့နေ့မှာ မန်ယူအသင်းကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရောက်ရှိလာတဲ့ တိုက်စစ်မှူး ကာဗာနီက မန်ယူအသင်းဟာ ပရီမီယာလိဂ်ချန်ပီယံ တစ်ကျော့ပြန်ဖြစ်လာနိုင်ကြောင်းနဲ့ မန်ယူအသင်းရဲ့ အခုနှစ်ဘောလုံးရာသီမျှော်လင့်ချက်ဟာ ပရီမီယာလိဂ်ဖလားရရှိရေးဖြစ်ကြောင်း ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ကာဗာနီဟာ ပြင်သစ်ကနေ ဗြိတိန်ကို ရောက်ရှိလာခဲ့ပြီးနောက် နှစ်ပတ်ကြာ သီခြားခွဲနေဖို့ လိုအပ်မှုကြောင့် လက်ရှိအချိန်မှာ တစ်ဦးတည်းလေ့ကျင့်ရေးဆင်းနေရတာဖြစ်လို့ နယူးကာဆယ်အသင်းနဲ့ မန်ယူအသင်းတို့ ပွဲစဉ်မှာ လွဲချော်ခဲ့ပေမယ့် အသင်းဟောင်းပီအက်စ်ဂျီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာတော့ ပါဝင်လာဖို့ ရှိနေတာဖြစ်ပါတယ်။

## မန်ယူနဲ့ မန်စီးတီးက စပါးနည်းပြဟောင်း ပိုချက်တီနိုကို အသင်းနည်းပြအဖြစ် ခန့်အပ်ရန် စိတ်ဝင်စားနေ

မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ စပါးအသင်းနည်းပြဟောင်း ပိုချက်တီနိုကို အသင်းနည်းပြအဖြစ်ခန့်အပ်ဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

မန်ယူအသင်းဟာ ပရီမီယာလိဂ်အဖွင့်သုံးပွဲမှာ နှစ်ပွဲအထိ ရှုံးနိမ့်ခဲ့ရတာကြောင့် လက်ရှိနည်းပြ ဆိုးရှားရဲ့နေရာမှာ ပိုချက်တီနိုနဲ့ အစားထိုးဖို့ စီစဉ်နေတာဖြစ်ပါတယ်။ မန်စီးတီးအသင်းကလည်း လက်ရှိနည်းပြ ဂွါဒီယိုလာဟာ လာမည့်ခုနှစ်လအတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပေမယ့် ဂွါဒီယိုလာကိုယ်တိုင်က စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်ထားတာမရှိတဲ့အတွက် ပိုချက်တီနိုကိုခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

အသက် ၄၈ နှစ်အရွယ်ရှိ ပိုချက်တီနိုဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလက စပါးအသင်းနဲ့ လမ်းခွဲခဲ့ပြီးနောက် တစ်နှစ်နီးပါးကြာအထိ အသင်းလက်မဲ့ဖြစ်နေရသူလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပိုချက်တီနိုက ပရီမီယာလိဂ်ကို ပြန်လာဖို့ ဆန္ဒရှိနေတယ်လို့ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပြောကြားခဲ့ပါတယ်။ လက်ရှိမှာတော့ ပိုချက်တီနိုဟာ မန်ချက်စတာမြို့ခံနှစ်သင်းက ပထမဦးစားပေးအဖြစ် ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ နည်းပြတစ်ဦးဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အနုပညာ

## ယခုနှစ်ရဲ့ MTV ဆုပေးပွဲ ဆန်ခါတင်စာရင်းကို ဦးဆောင်ထားတဲ့ လေဒီဂါဂါ

ယခုနှစ်ရဲ့ MTV ဆုပေးပွဲ ဆန်ခါတင်စာရင်းကို လတ်တလောမှာ ထုတ်ပြန်ကြေညာခဲ့ရာမှာ ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါက ဆန်ခါတင်စာရင်းမှာ ဆုအရေအတွက် အများဆုံးပါဝင်ပြီး ဆုအများဆုံး လျာထားခံရသူဖြစ်လာခဲ့ကြောင်း အမ်တီဗွီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



တေးဂီတထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ MTV EMA ရဲ့ ယခုနှစ်မှာ ပြုလုပ်မယ့် ဆုပေးပွဲအတွက် ဆုလျာထားစာရင်းမှာ လေဒီဂါဂါဟာ ဆုခုနစ်ဆု လျာထားခံရပြီး ဒါဟာ ကမ္ဘာတစ်ဝန်းက တေးသံရှင်တွေအနက် ဆုအရေအတွက် အများဆုံး လျာထားခံရတာဖြစ်ပါတယ်။ လေဒီဂါဂါရဲ့နောက်မှာ ဆုအရေအတွက် ဒုတိယအများဆုံးနဲ့ ဆန်ခါတင်စာရင်းဝင်ခဲ့သူတွေကတော့ ကေပေါ့ပ်အမျိုးသားတေးဂီတအဖွဲ့ BTS နဲ့ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာတို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

အဆိုပါ ဆုပေးပွဲအခမ်းအနားကို လာမယ့် နိုဝင်ဘာ ၈ ရက်မှာ နိုင်ငံပေါင်း ၁၈၀ မှာ MTV ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်သွားမှာဖြစ်ပြီး ယခုနှစ် ဆုပေးပွဲကို နှစ်နာရီကြာ ကျင်းပမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်


## ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစအချိန်မှာ စိတ်ဓာတ်ကျမိကြောင်း ဆယ်လီနာဂိုးမက်ဇ် ဖွင့်ဟ

အမေရိကန်တေးသံရှင်တစ်ဦးဖြစ်သူ ဆယ်လီနာဂိုးမက်ဇ်က ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ စတင်ဖြစ်ပွားခဲ့ချိန်မှာ သူ့အနေနဲ့ စိတ်ဓာတ်ကျခဲ့ကြောင်း လတ်တလောပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့တယ်လို့ အီးတီအွန်လိုင်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုးမက်ဇ်က ဒေါက်တာ ဗီဗစ်မာသီ နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ လတ်တလောဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် နေအိမ်မှာနေထိုင်နေရတဲ့ ကာလအတွင်း စိတ်ကျန်းမာရေးနဲ့ပတ်သက်ပြီး အရေးကြီးပုံကို ပါဝင်ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ အင်တာဗျူးကို ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာတစ်ခုဖြစ်တဲ့ Rare Beauty မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ယင်းအင်တာဗျူးမှာ ဆယ်လီနာဂိုးမက်ဇ်က ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှာ သူ့အနေနဲ့ ရင်ဆိုင်ကျော်ဖြတ်ဖို့ရာ ခက်ခဲခဲ့ကြောင်းနဲ့ စိတ်ဓာတ်ကျခဲ့မိကြောင်း ဖွင့်ဟခဲ့ပါတယ်။ ဒါ့အပြင် ပေါ့ပ်ကြယ်ပွင့်က သူ့အနေနဲ့ သီချင်းရေးနိုင်ပြီး စိတ်ဓာတ်တက်ကြွစေနိုင်မယ့်နေရာကို သွားခဲ့ကြောင်းနဲ့ မိသားစုဝင်တွေနဲ့ အချိန်တွေပိုမိုကုန်ဆုံးခဲ့ကာ နောက်ပိုင်းမှာတော့ နေထိုင်မှုပုံစံသစ်ဟာ သူ့အတွက် အသားကျလုနီးပါးဖြစ်လာကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## အေဂျင်စီသစ်နဲ့ လက်တွဲလိုက်တဲ့ ခရစ်စတယ်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အနုပညာရှင်တစ်ဦးဖြစ်သူ ခရစ်စတယ်ဟာ အနုပညာသက်တမ်းအစမှ ကာလကြာရှည်လက်တွဲလာခဲ့တဲ့ အက်စ်အမ်အင်တာတိန်းမန့်နဲ့ လတ်တလောမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အောကေပေါ့ပ်ဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ခရစ်စတယ်ဟာ အမျိုးသမီးတေးဂီတအဖွဲ့ f(x)ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့တဲ့ ၂၀၀၉ ခုနှစ်မှ စတင်ကာ ၂၀၂၀ပြည့်နှစ်အထိ အက်စ်အမ်ရဲ့လက်အောက်မှာ လှုပ်ရှားခဲ့သူတစ်ဦးပါ။ ခရစ်စတယ်အနေနဲ့ အေဂျင်စီဟောင်းနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ချိန်မှာ အက်စ်အမ်ဘက်က ပေါ့ပ်ကြယ်ပွင့်နဲ့ စာချုပ်သစ်ချုပ်ဆိုနိုင်ဖို့ရာ ဆွေးနွေးနေကြောင်း တုံ့ပြန်ခဲ့ပါတယ်။

အောက်တိုဘာ ၁၂ ရက်မှာတော့ အိတ်အင်န်အင်တာတိန်းမန့်က ခရစ်စတယ်နဲ့ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ အဆိုပါ အေဂျင်စီဘက်က ပရိသတ်တွေအနေနဲ့ ခရစ်စတယ်ကို ယခင်နဲ့မတူတဲ့ အနုပညာလှုပ်ရှားမှု အစီအစဉ်တွေနဲ့ တွေ့မြင်နိုင်မှာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ခရစ်စတယ်ဟာ လတ်တလောမှာ ဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ပြီး အဆိုပါ ဇာတ်လမ်းတွဲ Search ကို အောက်တိုဘာ ၁၇ ရက်မှာ စတင်ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ (ဒေါက်တာလှရွှေ)+ ဒေါ်ခင်မြင့်ရီတို့၏သား၊
ဦးဘုန်းမြတ်သူ+ဒေါက်တာကေဇာလှိုင်(ပင်လုံဆေးရုံ)၏မောင်

**မောင်သစ်လွင်လှိုင်(Final Part 2, UM 2)**

နှင့်

ရန်ကုန်မြို့နေ ဦးအောင်မျိုးရွှေ+ဒေါ်မေပုလဲ(ဒုတိယအထွေထွေမန်နေဂျာ၊
မြန်မာ့အာမခံလုပ်ငန်း)တို့၏သမီး၊
ဒေါက်တာစန္ဒီမျိုးရွှေ(ရန်ကုန်တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန)၏ညီမ

**မဇာခြည်မျိုးရွှေ(B.A English)KBZ Bank**

တို့သည် နှစ်ဖက်သောမိဘများ၏ ခွင့်ပြုချက်အရ ၁၀-၁၀-၂၀၂၀ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**မောင်သစ်လွင်လှိုင်+မဇာခြည်မျိုးရွှေ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် (၄)ခန်းတွဲ (၅)ထပ်ဝန်ထမ်းအိမ်ရာ အဆောက်အဦ(၂)လုံး(ရေ၊ မီး၊ လျှပ်စစ်) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ၁၆-၁၀-၂၀၂၀ရက်မှ ၁၃-၁၁-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် | - (၁၆-၁၁-၂၀၂၀)ရက် မွန်းလွဲ(၂:၀၀)နာရီ နောက်ဆုံးတင်သွင်းရန် |
| (ဃ) | တင်ဒါစိစစ် ရွေးချယ်မည့်နေ့ရက် | - ဌာနမှ တင်ဒါတင်သွင်းသူများသို့ ဆက်သွယ် အကြောင်းကြားပါမည်။ |

၂။ တင်ဒါလျှောက်လွှာလက်ခံမည့် သတ်မှတ်ထားသော ရက်နှင့်အချိန်ထက် နောက်ကျရောက်ရှိလာသော တင်ဒါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၃၇၅၀၃၇၊ ၀၁-၃၈၇၂၆၂သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## မှတ်ပုံတင်နံပါတ်အမှန်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ နယ်မြေ(၇)၊ အိမ်အမှတ်(၂၅၅)နေ မနှင်းနှင်းဝေ၏ဖခင် ဦးဇော်မင်းဦး၏ မှတ်ပုံတင်နံပါတ်အမှန်မှာ[၁/မကန(နိုင်)၀၈၂၁၅၆] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေဧရိယာ(၀.၁၃၇)ဧက၊ မြေကွက်အမှတ်(E-049) ဒေါ်စုစုဝင်း(ဘ)ဦးခင်မောင်ဝင်း[၁၂/မဂတ(နိုင်)၀၄၃၂၆၉] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ချိုမာဦး(ဘ)ဦးလှမောင်[၉/လဝန(နိုင်)၀၀၅၂၆၇]မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၈၉၅/၂၀၂၀ (၂၅-၆-၂၀၂၀) တင်ပြ၍ ဦးကိုဦး(ဘ)ဦးဇော်ဝင်းသန်း [၁၂/ရကန(နိုင်)၀၇၇၅၅၃]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း(၁၂)မြို့တွင် ဝန်ထမ်းအိမ်ရာ အဆောက်အဦ (၄)ခန်း တွဲ (၄)ထပ်(၁၀)လုံး၊ (၄)ခန်းတွဲ (၃)ထပ်(၁)လုံး၊ (၂)ခန်းတွဲ (၂)ထပ်(၁)လုံးနှင့် တိုင်းရုံး(၂)ထပ် (၁)လုံး တည်ဆောက်ရန်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့် နေ့ရက်နှင့်နေရာ | - ၁၅-၁၀-၂၀၂၀ရက်မှ၁၃-၁၁-၂၀၂၀ရက်ထိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊မုံရွာမြို့ (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာ လက်ခံမည့် နေ့ရက်/နေရာ | - ထပ်မံကြေညာပါမည်။ |
| (ဂ) | တင်ဒါဖွင့်ပွဲ ကျင်းပမည့် နေ့ရက်/နေရာ | - ထပ်မံကြေညာပါမည်။ |

၃။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ စည်သူလမ်း၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့တွင် ဝယ်ယူရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၄၈၇၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၁၀)လမ်း၊ တိုက်အမှတ်(၂၈)၊ ၅လွှာ(B)တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်အရ ကန့်ကွက်ရန်ရှိသူများသည် ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်စာချုပ်ချုပ်ဆိုပေးသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးပိုင် (စဉ်-၂၂၇၆၀)**
**အထက်တန်းရှေ့နေ LL.B,D.M.L,D.B.L,D.I.L**
**အခန်း-၄၀၄၊ တိုက်-၃၅ (၂)လမ်း၊ (စီ)ဘလောက်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**
**ဖုန်း-၀၉-၇၉၀၈၇၅၉၆၉၊ Viber ၀၉-၂၅၂၆၉၆၇၁၅**

## ဥတုရာသီ တောကိုမှီ၏

## ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ မြို့နယ်များမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ Box Culvert လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့်ရက် | - ၂၃-၁၀-၂၀၂၀ ရက် (သောကြာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက် | - ၂၄-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၄:၃၀ နာရီထိ |
| (ဂ) | တင်ဒါစိစစ်ရွေးချယ် ဖွင့်ဖောက်မည့် ရက်နှင့်အချိန် | - ၂၆-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီ |
| (ဃ) | တင်ဒါစိစစ် ရွေးချယ်မည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်။ ရုံးဖုန်း-၀၅၆-၂၃၃၈၂၊ ၀၉-၇၇၅၃၃၇၈၈၄ |

၂။ အသေးစိတ်အချက်အလက်၊ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် လျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ (အမှတ်-၁၁၃၆/၁)၊ ပိတောက်လမ်း၊ ဘုရားကုန်းအဆင့်-၁၊ ဘုရားကုန်းကျေးရွာ၊ စစ်စီးတော၊ သန်လျင်မြို့နယ်တွင် ၂၃-၁၀-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်တွင် ခွင့်ပြုပါရှိသည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား တရားဝင်အသိအမှတ်ပြု လိုင်စင်ရသည့် ဆောက်လုပ်ရေးကုမ္ပဏီများ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ Sports Complex အတွင်းရှိ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း Lot(၅)ခု ဆောင်ရွက်ခြင်း

(ခ) နေပြည်တော်၊ လယ်ဝေးအားကစားကွင်းအတွင်း ပြုပြင်မွမ်းမံခြင်း Lot(၄)ခုဆောင်ရွက်ခြင်း

(ဂ) ရန်ကုန်မြို့၊ မြောက်ဒဂုံ ရေကူးကန်ရုံးခန်း၊ ကျား/မ အဝတ်လဲခန်းအမိုး/မျက်နှာကြက်နံရံများပြုပြင်ခြင်း

(ဃ) ရန်ကုန်မြို့၊ သုဝဏ္ဏတွင် (၁၂၀'x၄၄') RC (၄)ထပ် (အမျိုးသား/အမျိုးသမီး) အားကစားသမား အိပ်ဆောင် (၂)လုံးတည်ဆောက်ခြင်း Lot(၂) ခု

(င) ရန်ကုန်မြို့၊ သုဝဏ္ဏတွင် အားကစားသမားများအတွက် ထမင်းစားဆောင် (၁၂၀'x၄၀') RC(၁)ထပ်တည်ဆောက်ခြင်းနှင့် မီးဖိုဆောင် (၆၀'x၃၀') RC (၁)ထပ်တည်ဆောက်ခြင်း Lot (၂)ခု

(စ) ရန်ကုန်မြို့၊ သုဝဏ္ဏတွင် ဂါလန်(၁၆၀၀၀ဆံ့) သံရေစင်(၁၄'x၇'x၃၀' အမြင့်)(၁)ခုတည်ဆောက်ခြင်းနှင့် Ground Tank (၁၇'၆"x၁၀'x၆') တည်ဆောက်ခြင်း

(ဆ) မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိကွင်းတွင် (၁၀)ခန်းတွဲ (၁၇၀'x၄၀') RC (၃)ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၀-၂၀၂၀ ရက်မှ ၁၃-၁၁-၂၀၂၀ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်(E)D(23) ရုံးခန်း၊ ဖုန်းအမှတ်(09 428475274)တွင် တင်ဒါပုံစံများကို စုံစမ်းဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၁၁-၂၀၂၀ ရက် ရုံးချိန်အတွင်း တင်ဒါဝယ်ယူသည့်နေရာသို့ နောက်ဆုံးလာရောက်တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ဝမြို့နယ်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၁၃၉

| | | |
|---|---|---|
| ဒေါ်ပြည့်စုံဝင်း ခရေလမ်း၊ မြို့မရပ်ကွက် ဝမြို့ | **နှင့်** | ဦးကျော်ကျော်စိုး ခြံအမှတ်D-၅၆၈ ဓမ္မာရုံ(၂)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ခြံအမှတ်D-၅၆၈၊ ဓမ္မာရုံ(၂)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ)ဦးကျော်ကျော်စိုးအား သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ပြည့်စုံဝင်းက လင်မယားကွာရှင်းခွင့် ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလ ၁၉ ရက်(၁၃၈၂-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀-ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်သူ)**
**မြို့နယ်တရားသူကြီး**
**ဝမြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မြို့နယ်များမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ Box Culvert လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့်ရက် | - ၂၂-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက် | - ၂၃-၁၁-၂၀၂၀ရက် (တနင်္လာနေ့) ညနေ(၄:၃၀)နာရီထိ |
| (ဂ) | တင်ဒါစိစစ်ရွေးချယ် ဖွင့်ဖောက်မည့်ရက်နှင့်အချိန် | - ၂၅-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ |
| (ဃ) | တင်ဒါစိစစ်ရွေးချယ်မည့် နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်း ခရိုင်၊ အင်းစိန်မြို့နယ်။ ရုံးဖုန်း-၀၁-၃၆၄၃၆၂၉ |

၂။ အသေးစိတ်အချက်အလက်၊ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် လျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ သရက်တောမှတ်တိုင်အနီး၊ အင်းစိန်မြို့နယ်တွင် ၂၂-၁၀-၂၀၂၀ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၈)ရပ်ကွက်မင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၁၊ မြေကွက်အမှတ် (၈၃)၊ ဧရိယာ ပေ (၂၅ x ၅၀)အကျယ်အဝန်းရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဒေါ်စန်းစန်းမြင့်(၁၂/ကမရ(နိုင်) ၀၄၁၇၄၂) အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ အမှတ်(၂၈)၊ မြေညီထပ် (ခေါင်းရင်းဘက်ခြမ်း)၊ ပေ (၁၂½ x ၅၀) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း၊ မြေနှင့်မြေရှင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (မိခင်) ဒေါ်ညွန့်ညွန့်(ခ)ဒေါ်ညွန့်ကြည်က ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သောပစ္စည်းဖြစ်ပါသည်။ ၁။ဒေါ်မိမိခိုင်(၁၂/ကမရ(နိုင်)၀၃၄၄၃၇)၊ ၂။ဒေါ်စန္ဒာခိုင်(၁၂/ကမရ(နိုင်)၀၃၄၃၉၆) ၃။ဦးစိုးကျော်သူ (၁၂/ကမရ(နိုင်)၀၃၄၄၃၆)တို့က တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့်(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးသိန်းဇော် | ဒေါ်နန်းစုမြတ်နိုးထွန်း | ဦးညီညီသော်လင်း |
|---|---|---|
| (LL.B) | (LL.B) | (LL.B) |
| (စဉ် - ၄၈၀၅၃) | (စဉ် - ၄၈၀၀၅) | (စဉ် - ၅၁၈၄၂) |

**အထက်တန်းရှေ့နေများ**
အမှတ် (မ-၁၇)၊ နံ့သာမြိုင်(၁)လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၁၀၆၁၁၂၅၊ ၀၉ - ၇၆၆၆၈၈၄၈၄၊ ၀၉ - ၇၇၈၈၁၈၅၅၆

## Facebook Page အသုံးပြုသူများနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုမြတ်[၁၂/ဗဟန(နိုင်)၀၈၀၀၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ Facebook Page အသုံးပြုသူများ၊ စွပ်စွဲခံရသူများအဖြစ် ဗဟန်းမြို့နယ်တရားရုံးတွင် တရားရင်ဆိုင်နေရသူများဖြစ်သော ခင်ခင်လေး(ခ)ရတီဦး(ခ)နန်းယုခိုင်(ဘ)ဦးအေးစိုး၊ သန္တာဝေလွင်(ဘ)ဦးသိုက်(ခ)ဦးလွင်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်စုစုမြတ်ဖွင့်ထားသည့် အကောင့်များမှလွဲ၍ တစ်ခြားသောအကောင့်များမှ ဒေါ်စုစုမြတ်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ဒေါ်စုစုမြတ်၏ ဦးခေါင်းပုံပါဖြတ်ညှပ်ကပ်ပုံများအား Cover Photo တင်၍လည်းကောင်း၊ ဒေါ်စုစုမြတ်ပုံအား Profile Picture တင်၍ Su Su Myat အမည်ဖြင့် အကောင့်ဖွင့်ခြင်းများ၊ တရားရုံးတွင် ပြောဆိုသည့်စကားများအား Facebook ပေါ်သို့တင်ခြင်း၊ မိဘအမည်အားတပ်၍ရန်စခြင်း၊ ဖခင်၏အလုပ်အကိုင်များနှင့် မဟုတ်မမှန်ရေးသားခြင်း၊ ကျွန်ုပ်မိတ်ဆွေ၏ ဖခင်နှင့်မိတ်ဆွေ ဒေါ်စုစုမြတ်ပုံတင်၍ ညစ်ညမ်းစွာဆဲဆိုခြင်း၊ ဒေါ်စုစုမြတ် တာဝန်ထမ်းဆောင်နေသော ဌာနအမည်အား အလွဲသုံးစားလုပ်၍ Page ထောင်ခြင်း၊ ဒေါ်စုစုမြတ်၏ ကိုယ်ရေးကိုယ်တာကိစ္စများအား ဝင်ရောက်စွက်ဖက်၍ လူမှုကွန်ရက်စာမျက်နှာ ပေါ်သို့ ရေးသားလွှင့်တင်ခြင်း၊ အိမ်လိပ်စာအားတင်ခြင်း၊ အကျယ်အကျယ်မဖြစ်လို၍ ဒေါ်စုစုမြတ်အား နှောင့်ယှက်သည့် အကောင့်များအား သတိပေးလွှင့်တင်ခဲ့သည်ကို မဟုတ်မမှန်ဝါဒဖြန့်လွှင့်တင်ခြင်း၊ Messenger မှ လာရောက်ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ခင်ခင်လေး(ခ)ရတီဦး(ခ)နန်းယုခိုင်နှင့် သန္တာဝေလွင်တို့ (၂) ဦးမှ လွှင့်တင်ခဲ့သည့် ဖြတ်ညှပ်ကပ်ပုံအား Cover Photo အဖြစ်လည်းကောင်း ဒေါ်စုစုမြတ်၏ပုံအား Profile Picture တင်၍ Page ထောင်ခြင်း စသည်တို့ မပြုလုပ်ကြရန်နှင့် အဆိုပါ အချက်အလက်များ ထပ်မံတင်လျှင်လည်း ခင်ခင်လေး(ခ)ရတီဦး(ခ)နန်းယုခိုင်နှင့် သန္တာဝေလွင်တို့ တာဝန်ဖြစ်ကြောင်း သိစေအပ်ပါသည်။

သို့ဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ထပ်မံမပြုလုပ်ကြရန်နှင့် ဒေါ်စုစုမြတ်သုံးစွဲသည့် အကောင့်များမှလွဲ၍ ကျန်သူများမှ ဒေါ်စုစုမြတ်အမည်နှင့် ပုံများဖြင့် အကောင့်တုဖွင့်ပြီး တစ်စုံတစ်ရာ ပြဿနာဖြစ်လာလျှင် ဒေါ်စုစုမြတ်[၁၂/ဗဟန(နိုင်)၀၈၀၀၈၁]တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ဒေါ်စုစုမြတ်အား သိက္ခာကျဆင်းစေရန်ပြုလုပ်ပြီး အများတကာ ထင်ယောင်ထင်မှားပြုလုပ်ခဲ့သည့် အကောင့်များအားလည်း ဆက်သွယ်ရေးဥပဒေပုဒ်မများနှင့်လည်းကောင်း၊ နိုင်လွတ်လုံပုဒ်မနှင့် တရားရုံးမထီမဲ့မြင် ပြုမှုစသည်တို့ဖြင့် အရေးယူသွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်စုစုမြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ်သိမ့်အေး**
**အထက်တန်းရှေ့နေ(၄၇၄၂၀)**
**Ph:၀၉-၄၅၅၇၂၅၃၀၉**
**အမှတ်(၂၉၄/က)၊ ဦးအောင်ဇေယျလမ်း၊ အောင်တော်မူပန်းခြံ၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရန် ရှိသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot No |
|---|---|---|---|
| (က) | ဇဟိုဆောင်(အလျား၆၆၀'၊ အနံ၄၄'၊ အမြင့်၂၈') (၂)ထပ်ဆောင် (အမ်ကန်0.42mm)သွပ်ဖြင့် အမိုးလဲလှယ်ခြင်း၊ မြန်မာမှုသွပ်ကနုတ်ပန်းများအား ဖြုတ်သိမ်းခြင်း၊ အတွင်း/အပြင်ဆေးသုတ်မွမ်းမံခြင်း၊ ရေသန့်လုပ်ငန်းနှင့် ရေပိုက်များပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁-လုံး | Lot(1) |
| (ခ) | ဝန်ထမ်းအိမ်ရာ (၈)ခန်းတွဲ(၄)ထပ်(အလျား၁၀၄'၊ အနံ၃၂'၊ အမြင့်၄၂') အပြင်ဘက်ဆေးသုတ်ခြင်း၊ တံခါးပြတင်းပေါက်နှင့် ရေပိုက်များပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁-လုံး | Lot(2) |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များအား အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၇-၁၀-၂၀၂၀ရက်မှ ၆-၁၁-၂၀၂၀ရက်အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၀၇၀၇သို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

**မှတ်ချက်။ တင်ဒါတင်သွင်း/ဖွင့်ဖောက်မည့် နေ့ရက်၊ အချိန်၊ နေရာအား ဖုန်းဖြင့်ဆက်သွယ် အကြောင်းကြားမည်ဖြစ်ပါသည်။**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ တင်ဒါကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့နယ်နေ အဖ ဦးအောင်မြတ်ကြည်၏ သမီးဖြစ်သူ ဒေါ်စန်းစန်းအေးနှင့် ဒေါ်စန်းအေး[၁၄/မမန(နိုင်)၁၁၉၅၉၁] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းအေး(ခ)**
**ဒေါ်စန်းအေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့နယ်နေ အဖ ဦးကူးမာရား၏ သားဖြစ်သူ ဦးအောင်သန်းဌေး (ခ)ဦးသန်းဌေး(ခ)ပရာဆပ်[၁၂/ဒဂန(နိုင်)၀၂၉၅၂၁]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်သန်းဌေး(ခ)**
**ဦးသန်းဌေး(ခ)ပရာဆပ်**

## ပျောက်ဆုံး

ကားအမှတ် 6E/8117 ဝိုးတက်နှင့် လုပ်ငန်းလိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

**Ph:09-791625674**

## သွေးသည် အသက်

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆေးဝါးလုပ်ငန်းနှင့် ဇွန်ဆေးဝါးလီမိတက်တို့ ဖက်စပ်ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းဇွန်ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်၏ နှစ်စဉ်လုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ရင်းနှီးမြှုပ်နှံခဲ့မှု၊ အစုရှယ်ယာများ ထည့်ဝင်ခဲ့မှုအခြေအနေများနှင့် ငွေကြေးဆိုင်ရာ အရှုံးအမြတ် စာရင်းဇယားများကို စစ်ဆေးသုံးသပ်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံစာရင်းကောင်စီ အသိအမှတ်ပြု ပြင်ပစာရင်းစစ်အဖွဲ့ (ပြည်တွင်း/ပြည်ပ) ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၃-၁၀-၂၀၂၀ ရက်၊ (၉:၃၀)နာရီ
တင်ဒါပိတ်မည့်ရက်စွဲနှင့်အချိန် - ၁၂-၁၁-၂၀၂၀ ရက်၊ (၁၆:၀၀)နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ထုတ်လုပ်ရေးဌာန၊မြန်မာ့ဆေးဝါးလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ထုတ်လုပ်ရေးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇)၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်းနံပါတ်-၀၆၇-၃၄၀၈၁၈၆၊ ၀၆၇-၃၄၀၈၃၅၉**

## အများသိစေရန်

ဒေါ်မြတ်မွန်မွန်မောင် [၁၂/စခန(နိုင်)၀၆၅၀၄၂]၊ ဘ-ဦးထွေးမောင်မောင်၊ အမှတ်-၂၀၊ ပေါက်စေတီလမ်းသွယ်(၂)၊ ၈-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(၂၆-၁၁-၂၀၁၈)ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီး ဦးအောင်နိုင်၏ရှေ့မှောက်၌ ကျွန်ုပ်၏အမှုသည်နှင့် ဦးဥက္ကာဦးသာ[၁၂/ကမရ(နိုင်)၀၃၃၂၂၁]၊ ဘ-ဦးဦးသာတို့သည် အကြွင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို နှစ်ဦးသဘောတူချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ညွှန်ကြားချက်အရ-**
**ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၇၁)**
**အမှတ်-၅၆၃(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူ၊ မင်နှင့်ပုံနှိပ်ရေးပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) စက္ကူ
(ခ) မင်
(ဂ) ပုံနှိပ်ရေးပစ္စည်း

၂။ အိတ်ဖွင့်တင်ဒါများကို ၁၆-၁၀-၂၀၂၀ ရက်မှ ၁၅-၁၂-၂၀၂၀ ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁၂-၂၀၂၀ ရက်တွင် နံနက် ၉:.၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလ ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇၃-၄၁၂၃၇၄၊ ၀၆၇၃-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရေးနှင့် စိစစ်ရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇၃-၄၁၂၃၇၅၊ ၀၆၇၃-၄၁၂၃၇၄**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းသုံးပစ္စည်း
## အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်/မြို့/အထူးအဖွဲ့များမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်စုပုံကွင်းအရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်းအတွက် တင်ဒါတင်သွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့် ရက်/အချိန် - ၃-၁၁-၂၀၂၀ရက်မှ ၁၆-၁၁-၂၀၂၀ရက်အထိ (၉:၃၀)နာရီမှ (၁၆:၀၀)နာရီ(ရုံးချိန်အတွင်း)
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့
(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/အချိန် - ၁၇-၁၁-၂၀၂၀ရက်၊ (၁၆:၀၀)နာရီ
(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် -၁၈-၁၁-၂၀၂၀ရက်၊ နံနက်(၉:၃၀)နာရီ
(င) တင်ဒါဖွင့်လှစ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၁၄၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းသုံးပစ္စည်း
## အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်/မြို့/အထူးအဖွဲ့များမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်စုပုံကွင်းအရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်းအတွက် တင်ဒါတင်သွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန် - ၃-၁၁-၂၀၂၀ရက်မှ ၁၆-၁၁-၂၀၂၀ရက်အထိ (၉:၃၀)နာရီမှ (၁၆:၀၀)နာရီ (ရုံးချိန်အတွင်း)
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးမြို့
(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး- တင်သွင်းရမည့် ရက်/အချိန် - ၁၇-၁၁-၂၀၂၀ ရက်၊ (၁၆:၀၀)နာရီ
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၁၈-၁၁-၂၀၂၀ ရက်၊ နံနက်(၉:၃၀)နာရီ
(င) တင်ဒါဖွင့်လှစ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လင်းခေးမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လင်းခေးမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၈၇၁၀၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းသုံးပစ္စည်း
## အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်/မြို့/အထူးအဖွဲ့များမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်စုပုံကွင်းအရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူခြင်းအတွက် တင်ဒါတင်သွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန် - ၃-၁၁-၂၀၂၀ရက်မှ၁၆-၁၁-၂၀၂၀ရက်အထိ (၉:၃၀)နာရီမှ(၁၆:၀၀)နာရီ(ရုံးချိန်အတွင်း)
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်မြို့
(ဂ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် - ၁၇-၁၁-၂၀၂၀ ရက်၊ (၁၆:၀၀)နာရီ
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၁၈-၁၁-၂၀၂၀ ရက်၊ နံနက်(၉:၃၀) နာရီ
(င) တင်ဒါဖွင့်လှစ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လွိုင်လင်မြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လွိုင်လင်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၃၁၀၀၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



ရဟန်းဒါယိကာမကြီး

## ဒေါ်ညွန့်တင် (သုံးခွမြို့)

**အသက်(၉၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အမှတ်(၂)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၃)နေ ဆရာကြီး ဦးလှထွန်း၏ ဇနီး၊ ဗိုလ်မှူးတင်ထွန်း(ငြိမ်း) - ဒေါက်တာလှလှသန်း(မျက်စိအထူးကုဆရာဝန်ကြီး)၊ ဦးကျော်ကျော်(MD, Kyaw Aung Kyaw Co., Ltd)-ဒေါ်နွဲ့နွဲ့ကြူတို့၏မိခင်၊ ဒေါက်တာဝေဖြိုးမောင်၊ ဒေါက်တာယုယုနွယ်-ဒေါက်တာကျော်ကိုကိုကျော်၊ ဒေါက်တာယဉ်မွန်ထွန်းတို့၏ အဘွား၊ မောင်ရွှေဖံ၏ ဘွားဘွားကြီးသည် ၁၀-၁၀-၂၀၂၀ ရက် နံနက် ၄ နာရီတွင် သုံးခွမြို့ နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်တွင် မီးသင်္ဂြိုဟ်ပြီးစီးခဲ့ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါက်တာကျော်သိန်း

**ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်**
**ပါမောက္ခချုပ်(ငြိမ်း)**

**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အခန်း(၂၁)၊ တိုက်(၁၆/က)၊ အရိယမဂ္ဂင်လမ်းနေ ဒေါ်ခင်မာဇ(စာကြည့်တိုက်မှူး၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သိန်းထွန်း (TEPM)-ဒေါ်သန့်သန့်စော၊ ဒေါက်တာကျော်သူရဇော်-ဒေါက်တာခင်ကျော်ကျော်သိန်း (ခေတ္တ-USA)၊ ဦးထက်ကျော်သိန်း-ဒေါ်စုမွန်ထွေး (ခေတ္တ-Australia)၊ ဦးတင်ထူးကျော်-ဒေါ်သင်းသင်းလှ (ခေတ္တ-Australia)တို့၏ ချစ်လှစွာသော ဖခင်၊ မြေးမောင်ဟန်သူရိန်ထွန်း၊ မခင်ခန့်ခန့်ကျော်၊ မောင်ဆက်နေသွေးဇော်၊ မောင်ရှိန်းဇာနည်ဇော်၊ မချိုသာရတနာ၊ မောင်ဘုန်းမြင့်မြတ်သိန်းတို့၏ ချစ်လှစွာသောအဘိုးသည် ၁၂-၁၀-၂၀၂၀(တနင်္လာနေ့) နံနက် ၄ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း၊ ပလ္လင်၊ ရဟန်းမယ်တော်ကြီး

## ဒေါ်အမာ

**အသက် (၁၀၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၃၃)၊ သီတာလမ်းနေ (ဦးရိုက်)၏ ဇနီး၊ ဒေါက်တာဦးမင်းဆွေ (မေ့ဆေး)-ဒေါက်တာဒေါ်မူမူရိုန်၊ ဦးအောင်မြင့် (ဒု-ညွှန်မှူး၊ ငြိမ်း၊ စက်မှုသီးနှံ၊ လယ်/ဆည်)-ဒေါ်စန္ဒာစန်း၊ ဦးကျော်ဇင် (အလုပ်ရုံစုမှူး-ငြိမ်း၊ ဆေးဝါးစက်ရုံ၊ ရန်ကုန်)-ဒေါ်ရီရီဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၈-၁၀-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၀၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးရွှေအေး (ခ) ဦးဟိန်ရွှေအေး

**Founder & Chairman**

**Kanbawza Thitsar Hlaing Co., Ltd**

**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၁၇-ဘီ)၊ ကုန်းမြင့်ရိပ်သာလမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘသန်း-ဒေါ်နန်းခမ်းဆာ)တို့၏ သား၊ ဒေါ်နန်းကောင်ခမ်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုင်းလုံအေး-ဒေါ်ဝင်ဒီတင်လေး၊ ဦးစိုင်းရီအေး၊ ဦးစိုင်းထွန်းအေး-ဒေါ်ဖြူဖြူခိုင်၊ ဦးစိုင်းမျိုးမြင့်အေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးရွှေအေး(ခ)ဦးဟိန်ရွှေအေးသည် ၁၀-၁၀-၂၀၂၀ (စနေနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်လီလီ @ Smt Li Li MAHAJAN (B.Sc Botany)

**အသက် (၆၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နေ (Sri S.C La La - Smt Arati La La @ ဒေါ်ဟန်ကြည်)တို့၏ သမီးကြီး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပုဏ္ဏားခြံနေ (ဦးမောင်လှအောင်-ဒေါ်ပြိုယော်ဘာလာ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း(အောက်)၊ အမှတ် (၄၅)၊ ပထမထပ်နေ ဦးမောင်စိန် @ Sri Ashu Mahajan ၏ ချစ်လှစွာသောဇနီး၊ ဒေါ်အေးစန္ဒာ-ဦးမောင်ကို၊ မထိုက်ထိုက်စံ၊ မောင်ဇော်မင်းထွန်း၊ မအေးမိစံ၊ မိမိစံ၊ မဟန်ဟန်ထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွား၊ ဒေါ်ခင်မာလာ၊ (ဦးခင်မောင်လတ်)၊ (ဦးခင်မောင်ကြည်)တို့၏ အစ်မကြီး ဒေါ်လီလီသည် ၉-၁၀-၂၀၂၀ (သောကြာနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၂၀ (စနေနေ့)တွင် ဟိန္ဒူဓလေ့ထုံးတမ်းစဉ်လာအတိုင်း မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာမောင်မောင်လတ်

**M.B.B.S(Mdy) DTCD Wales (UK)**

**ရင်ခေါင်းနှင့်အဆုတ်အထူးကုဆရာဝန်ကြီး(ငြိမ်း)၊ (UTI)၊ NHS UK (ငြိမ်း)**

**အသက် (၈၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်၊ အုတ်လမ်း၊ အမှတ် (၉၉/B) နေ (ဦးချို-ဒေါ်မြရင်)တို့၏ သားလတ်၊ (ဦးပါစိန်-ဒေါ်ရီ)တို့၏ သားသမက်၊ ဒေါက်တာသန်းသန်းဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ ထွန်းမင်းလတ်၊ သောင်းမြင့်လတ်၊ စိုးလင်းလတ်-စောစန္ဒီထွန်းတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၀-၁၀-၂၀၂၀ (စနေနေ့) ည ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသက်ဦး

**B.E(Mechanical) (1982 Batch)**
**စက်ရုံမှူး(ငြိမ်း)၊ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)**
**စီမံကိန်းအင်ဂျင်နီယာ (ရတနာစုကုမ္ပဏီ)**
**အမှတ်(၃) ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)**

**အသက် (၆၃)နှစ်**

သန်လျင်မြို့၊ အမှတ်(၁)ရေနံချက်စက်ရုံ၊ တိုက်ကြီးကုန်း အရာထမ်းအိမ်ရာ၊ S(4)နေ (ဦးမောင်စိန်-ဒေါ်ရီ)တို့၏ ဒုတိယသား၊ (ဦးပန်းစိန်-ဒေါ်လှရီ) တို့၏ သားသမက်၊ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်ကြူတို့၏ ညီ/မောင်၊ ဒေါ်မိမိခိုင်၊ ဒေါ်သက်သက်ခိုင်တို့၏ အစ်ကို၊ (ဦးစံကြည်-ဒေါ်ခင်ညိုညိုစိန်)၊ (ဦးရဲထွန်းစိန်)-ဒေါ်မိငယ်ငယ်ထွန်းတို့၏ ညီ/မောင်၊ ဦးထွန်းအောင်ခိုင်စိန်၊ ဦးထွန်းကျော်ခိုင်စိန်-ဒေါ်မိမိမိုး၊ ဒေါ်သူဇာစိန်တို့၏ အစ်ကို၊ ဒေါ်ခင်ဖြူဖြူစိန် (လက်ထောက်စက်ရုံမှူး၊ အမှတ်-၁ ရေနံချက်စက်ရုံ၊ သန်လျင်)၏ခင်ပွန်း၊ မောင်ဟိန်းထက်ဉာဏ် (တတိယနှစ် အင်္ဂလိပ်စာ၊ အရှေ့ပိုင်းတက္ကသိုလ်)၏ ဖခင်သည် ၁၂-၁၀-၂၀၂၀ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြသွေး(ခ) Tiny Than (စိန်မေရီကျောင်းသူဟောင်း)

**[B.Com, B.L,R.L,R.A]**

**အသက်(၇၉)နှစ်**

**ဘတ်ဂျက်မန်နေဂျာ (ကုန်တိုက်-၁)**
**ကုန်သွယ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့နေ (ဦးသန်း-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးကျောက်လုံး-ဒေါ်မြသင်)တို့၏ သမီးချွေးမ၊ အမှတ် (၁၂၁၃)၊ စိန်တလေးလမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့နေ ဦးသန့်စင် (စစ်တက္ကသိုလ်အပတ်စဉ်-၁၊ တပ်မတော်လေ-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (Dr. အောင်ထွန်းကြည်)-Dully၊ (Dr.အုန်းတင်-ဒေါ်စမ်းစမ်းမြင့်)၊ (ဦးစိုး-ဒေါ်တင်ကြည်)၊ (Dr.ကိုကိုကြီး-ဒေါ်တယ်ရီလှိုင်)၊ (ဦးတင်သိန်း)-Dr.မြမြသန်း၊ (ဦးဘိုစိန်-ဒေါ်စန်းစန်းရီ)၊ (ဒေါ်ကြည်ကြည်ညွှန့်)တို့၏ ညီမ၊ (ဦးစောလွင်)-ဒေါ်မေသန်း၊ ဦးတင်ထွေး-ဒေါ်စမ်းစမ်းမေတို့၏ အစ်မ၊ ဦးမင်းသန့် (Chairman-Hello Asia Co., Ltd) (စစ်တက္ကသိုလ်အပတ်စဉ်-၂၈)၊ Dr.ရန်လင်း (Director-Transmission Analytics Co., Ltd, USA)-ဒေါ်ခင်သီတာသန့်(Senior Manager-Zentis N.A. LLC Co., Ltd, USA)၊ Dr. မိုးသန့်၊ Dr.ခင်မောင်ဇော် (ပါမောက္ခ၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဒေါ်ခင်နီလာသန့် (MD-Hello Asia Co., Ltd)၊ ဦးထွန်းသန့် [MD-Great Strides (Myanmar) Co., Ltd]၊ ဦးထူးသန့် (Director-Hello Asia Co., Ltd)-ဒေါ်စုစန္ဒီအောင်တို့၏ ချစ်လှစွာသောမိခင်၊ မအိန္ဒြာလင်း၊ မောင်မင်းသီဟ၊ မစုစန္ဒာထူး၊ မောင်စွမ်းဆောင်ဇော်၊ မစန္ဒီလင်းတို့၏အဘွား ဒေါ်မြသွေး(ခ) Tiny Than သည် ၁၁-၁၀-၂၀၂၀ ရက် ည ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးရွှေအေး(ခ)ဦးဟိန်ရွှေအေး

**အသက်(၈၂)**

**နာယကအဖွဲ့ဝင်**
**သက်ကြီးပူဇော်ကန်တော့ခံပုဂ္ဂိုလ်**

ရန်ကုန်မြို့၊ အမှတ် (17-B)၊ ကုန်းမြင့်ရိပ်သာလမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်နေ အသင်းဝင် ဒေါ်နန်းကောင်ခမ်း၏ ချစ်လှစွာသောခင်ပွန်း ဦးရွှေအေး(ခ)ဦးဟိန်ရွှေအေးသည်၁၀-၁၀-၂၀၂၀ (စနေနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၁-၁၀-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားလုံးသို့ အကြောင်းကြားသိစေအပ်ပါသည်။ ကျိုင်းတုံအသင်း(ရန်ကုန်)

---

## ဦးသက်ဦး

**B.E(Mechanical) (1982 Batch)**
**စက်ရုံမှူး(ငြိမ်း)၊ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)**
**စီမံကိန်းအင်ဂျင်နီယာ(ရတနာစုကုမ္ပဏီ)၊**
**အမှတ်(၃) ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)**

**အမှတ် (၆၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက် (ဘီ-၁)၊ အခန်း (၀၀၁)နေ (ဦးမောင်စိန်-ဒေါ်ရီ)တို့၏ ဒုတိယသား၊ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်ကြူတို့၏ ညီ၊ ဒေါ်မိမိခိုင်(ငြိမ်း၊ အထက-၁၊ အလုံ)၊ ဒေါ်သက်သက်ခိုင်တို့၏ အစ်ကို၊ ဒေါ်ခင်ဖြူဖြူစိန် (လ/ထ စက်ရုံမှူး၊ အမှတ်-၁ ရေနံချက်စက်ရုံ၊ သန်လျင်)၏ ခင်ပွန်း၊ မောင်ဟိန်းထက်ဉာဏ် (တတိယနှစ်၊ အင်္ဂလိပ်စာ၊ အရှေ့ပိုင်းတက္ကသိုလ်)၏ ဖခင်သည် ၁၂-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**မူးယစ်ကို ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ရီ

**အသက် (၇၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၈)၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နှင့် အမှတ်(၉)၊ ရွှေသပြေရိပ်မွန်(၁)၊ သာကေတမြို့နယ်နေ [ဦးမြင့်သိန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဗိသုကာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)]၏ဇနီး၊ ဦးအေးသိန်း-ဒေါ်စောစန္ဒာ၊ ဒေါ်စောသီတာ၊ ဦးဇော်ဝင်းအောင်-ဒေါ်ဝင်းမင်းခိုင်(မိုးမိုး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၂၀ ရက် နံနက် ၃:၃၅ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးဝင်းစိုးထွန်း

**အသက်(၇၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ထိန်တစ်ပင်ရွာသစ်နေ (ဦးထွန်းကြိုင်-ဒေါ်ထွေး)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဝါဝါဝင်းလမ်း၊ အမှတ်(၃/ခ)နေ ဒေါ်ရွှေအိ၏ ခင်ပွန်း၊ ကိုဉာဏ်ထွန်း(ခေတ္တ-စင်ကာပူ)၊ ကိုဝေယံဝင်းလင်း-မသဥ္ဇာအိတို့၏ ဖခင်၊ မသီရိသံသာလင်း၏ အဘိုးသည် ၁၀-၁၀-၂၀၂၀ (စနေနေ့) နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသန်းမောင်

**အသက် (၆၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးမောင်အုန်း-ဒေါ်အုန်းတင်)တို့၏ သား၊ တာမွေမြို့နယ်နေ (ဦးတင့်ဆွေ-ဒေါ်မြလေး)တို့၏ သားသမက်၊ ဒေါ်စန်းစန်းမြင့်၊ ဦးသန်းအောင်၊ (ဦးစိုးအောင်)၊ ဒေါ်အေးအေးသိန်း၊ ဦးမင်းအောင်၊ ဒေါ်စန်းစန်းမူ၊ ဦးမျိုးအောင်တို့၏ မောင်/ညီ/အစ်ကို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့် (၃)လမ်း၊ အမှတ် (၁၆)၊ လေးလွှာ(A)နေ ဒေါ်နီမာဆွေ (လ/ထ ညွှန်ကြားရေးမှူး၊ လဝက)၏ ကျေးဇူးရှင်ချစ်ခင်ပွန်း၊ မောင်ရှိန်းထွဋ်ဦး (ဒသမတန်း-က၊ အထက-၂၊ တာမွေ)၏ ကျေးဇူးရှင်ဖခင် ဦးသန်းမောင်သည် ၁၁-၁၀-၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မာမာဆွေ**

**အသက်(၆၅)နှစ်**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့၊ နားခါတောင်ရပ်၊ အမှတ်(၃)နေ (ဦးမြင့်ဆွေ-ဒေါ်နှင်းရီ)တို့၏ သမီး၊ ဒေါက်တာရဲမြင့်ဆွေ (ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါက်တာချိုချိုအေးတို့၏ အစ်မ၊ ဦးဇော်လွင် (ရွှေပိုးဖြူကဖေး)၏ ချစ်လှစွာသောဇနီးသည် ၁၀-၁၀-၂၀၂၀ရက်(စနေနေ့) ညနေ ၃:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၁) သတ္တုတွင်းလုပ်ငန်း**
**ဝန်ထမ်းမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ထင်**

**ဦးစီးအရာရှိ(ငြိမ်း)(ကကငွေ)**

**အသက်(၇၃)နှစ်**

ဗိုလ်မှူးသန့်ဇင်(ငြိမ်း)-ဒေါ်စုဒါလီတို့၏ဖခင်ဖြစ်သူ ဦးကျော်ထင် (ဦးစီးအရာရှိ-ငြိမ်း)(ကကငွေ)သည် ၁၁-၁၀-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် တပ်မတော်ဆေးရုံ၊ ခုတင် (၁၀၀၀)၊ မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၇) ကျောင်းဆင်းအရာရှိမိသားစုများ**

# ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့နှင့် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တို့၌ ကြိုတင်ဆန္ဒမဲ စတင်ပေးပြီး မြန်မာသံရုံး ၁၀ ရုံး၊ အဖွဲ့ရုံး တစ်ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး နှစ်ရုံးတို့၌ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယနေ့တွင် ချက်သမ္မတနိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများသည် ပရာ့ဂ်မြို့ရှိ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲ စတင်ပေးခဲ့ကြရာ မဲဆန္ဒရှင် ၃၀ နှင့် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ မြန်မာသံရုံးသို့ လာရောက်ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းမရှိသည့် မြန်မာနိုင်ငံသားများအတွက် ပြင်ပမဲရုံခွဲ ဖွင့်လှစ်ခဲ့သည့် Victoria ပြည်နယ် မဲလ်ဘုန်းမြို့တွင် မဲဆန္ဒရှင် ၁၅၈ ဦး လာရောက် ကြိုတင်ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေး**

ထို့အပြင် မြန်မာသံရုံး ၁၀ ရုံး၊ အဖွဲ့ရုံး တစ်ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး နှစ်ရုံးတို့၌ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြရာ ဗန်ကောက်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၈၉၀ ခန့်၊ ကင်ဘာရာမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၂၇ ဦး၊ ကူဝိတ်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ကိုးဦး၊ ဆိုးလ်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၂၀၊ စင်ကာပူမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၆၃၈ ဦး၊ တိုကျိုမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၅၉ ဦး၊ ကွာလာလမ်ပူမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၆၁ ဦး၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ မဲဆန္ဒရှင်တစ်ဦး ကြိုတင်ဆန္ဒမဲပေးခဲ့ကြကြောင်းနှင့် ဒေသဆိုင်ရာ စံတော်ချိန်များနှင့်အညီ ဘာလင်မြို့ မြန်မာသံရုံး၊ လန်ဒန်မြို့ မြန်မာသံရုံး၊ အော်တာဝါမြို့ မြန်မာသံရုံး၊ နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့တွင်လည်း ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးလျက်ရှိကြောင်း သိရသည်။

ယမန်နေ့တွင် ဒေသဆိုင်ရာ စံတော်ချိန်များနှင့်အညီ ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြသည့် မြန်မာသံရုံးများမှ သတင်းပေးပို့ချက်အရ ဘရပ်ဆဲလ်မြို့ မြန်မာသံရုံးတွင် မဲဆန္ဒရှင် ၄၃ ဦး၊ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❖



ဂျာမနီနိုင်ငံရောက် မြန်မာနိုင်ငံသားများ ဘာလင်မြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲ ပေးကြစဉ်။

# ရန်ကုန်တိုင်းဒေသကြီး ခရိုင်ဆေးရုံကြီးများ၌ ကိုဗစ်-၁၉ လူနာများအား အောက်ဆီဂျင်ကုထုံးကုသနိုင်ရန် စီစဉ်နေ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်အဆင့် ဆေးရုံကြီးများ၌ ကိုဗစ်-၁၉ အတည်ပြုလူနာများအား အောက်ဆီဂျင်ပေး၍ ကုသရသော ခုတင်နေရာများတပ်ဆင်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ်ကိုဗစ်-၁၉ အတည်ပြုလူနာများ တိုးပွားနေသကဲ့သို့ ရောဂါအခြေအနေ ဆိုးရွားလာ၍ အောက်ဆီဂျင်ပေး ကုသရသော ကိုဗစ်လူနာများလည်း ရှိလာသည်။

"အောက်ဆီဂျင်ပေးရမယ့်လူနာတွေအတွက် အောက်ဆီဂျင်အသုံးပြုကုသနိုင်အောင် စီစဉ်နေပါတယ်။ အောက်ဆီဂျင်ကို ပိုက်နဲ့မဟုတ်ဘဲ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●



ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။

## ခေတ်သစ်ပြည်သူ့ပါတီ နှင့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

**ခေတ်သစ်ပြည်သူ့ပါတီ** နှင့် **မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၁၃ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် **MRTV Facebook Page** တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

# ရာဖေးလ်နာဒယ် ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ်ကို အနိုင်ရပြီး ပြင်သစ်အိုးပင်း တင်းနစ်ချန်ပီယံဆု (၁၃)ကြိမ်မြောက် ဆွတ်ခူး



စပိန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ဟာ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲမှာ ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ်အိုးပင်း တင်းနစ်ချန်ပီယံဆုဖလားကို (၁၃)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်ဟာ ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်ကို ၆-၀၊ ၆-၂၊ ၇-၅ ရလဒ်ဖြင့် သုံးပွဲပြတ် အနိုင်ရရှိခဲ့တာဖြစ်ပြီး ရာဖေးလ်နာဒယ်ကို ရှုံးနိမ့်ခဲ့တာဟာ ဂျိုကိုဗစ်အတွက် ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ပထမဆုံးရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ဂျိုကိုဗစ်ဟာ အခုနှစ်အတွင်း ၃၈ ပွဲ ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပြီး ၃၇ ပွဲအထိ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်ကတော့ ဂျိုကိုဗစ်ကိုအနိုင်ရပြီး ပြင်သစ်အိုးပင်း တင်းနစ်ချန်ပီယံဖြစ်လာခဲ့တာမို့ အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်းချန်ပီယံဆုကို အကြိမ်(၂၀)အထိ **စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ✻

ကြေးမုံ ယနေ့ ဖတ်စရာ

**အီရန်နျူကလီးယားစွမ်းအင်အဖွဲ့ အကြီးအကဲ ကိုဗစ်-၁၉ ကူးစက်ခံရ**

စာမျက်နှာ » ၁၁

**အင်ဒိုနီးရှားနိုင်ငံက နိုဝင်ဘာလမှစ၍ ဗိုင်းရပ်စ်ကာကွယ်ဆေးများ စီမံခန့်ခွဲမှု စတင်ရန် ရည်မှန်း**

စာမျက်နှာ » ၁၃

**၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲများကို အစောဆုံး မတ်လမှသာ ကျင်းပနိုင်ဖွယ်ရှိ**

စာမျက်နှာ » ၂၆